ကြေးမုံ
The Mirror

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့ (5-9-2013) (၇၅၉၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၄-၉-၂၀၁၃)

ခန္တီး	၂ ဒသမ ၄၀ လက်မ
ဟုမ္မလင်း	၂ ဒသမ ၀၉ လက်မ
မော်ဘီ	၁ ဒသမ ၆၅ လက်မ
ပြည်	၁ ဒသမ ၅၄ လက်မ
ဇောင်းတူ	၁ ဒသမ ၄၂ လက်မ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကျိုင်းတုံမြို့ရှိ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးမောင်မောင်ဆွေ၊ ဦးစိုးနိုင်၊ ဦးအောင်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က အဖွင့်အမှာစကားပြောကြားသည်။ (ယာပုံ)

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

ယနေ့ မာတိကာ

ကျေးလက်ဖွံ့ဖြိုး ဝင်ငွေတိုးအုံ — စာမျက်နှာ - ၆

အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာယူ-၁၉ အသင်း ယှဉ်ပြိုင်မည် — စာမျက်နှာ - ၇

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားရမည် — စာမျက်နှာ - ၈

လှပသန့်ရှင်းမြို့ရှုခင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု လွှမ်းခြုံထားသော ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်မြို့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်နှင့်အညီ များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ပုသိမ်မြို့သို့ မီးရထား၊ ရေယာဉ်များ၊ မော်တော်ကားများဖြင့် သွားလာနိုင်ကြပေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် နိုင်ငံတစ်ဝန်း ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူ ဖြစ်စေပါသည်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန် ချောမွေ့သည်နှင့်အမျှ သာသနာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးများ တိုးတက်ဖြစ်ထွန်းမည်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရသည် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုတစ်ဝန်း ကားလမ်း၊ ရထားလမ်းနှင့် တံတားများကို ဦးစားပေးတည်ဆောက်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုလမ်းမကြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဆက်သွယ်သည့် လမ်းမကြီး၊ မြို့ချင်း၊ ရွာချင်းနှင့် ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်ပေးခဲ့သည်။ သို့ဖြစ်ရာ လမ်းကွန်ရက်စနစ်များ ဖြစ်ပေါ်နေသည်ဖြစ်ရာ နယ်စပ်ဒေသများပါမကျန် ကူးသန်းသွားလာရေး၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် တိုင်းဒေသကြီးအတွင်း ၇-၇-၂၀၁၃ ရက်တွင် ဖွင့်လှစ်လိုက်သည့် သက္ကယ်ချောင်းမြစ်ကူးတံတားကြီး**(အောက်ဝဲပုံ)**မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း အစင်း ၆၀ မြောက် တံတားကြီးဖြစ်ပါသည်။ သွားလာမှု အထူးလွယ်ကူလှပေသည်။ နေ့၊ ည အချိန်အခါမရွေး သွားလာနိုင်သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်း ၃၉ လမ်း ရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ၅၂ လမ်းအထိ တိုးတက်လာခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ လမ်းမိုင်ပေါင်း ၁၅၈၂ မိုင် ၂ ဖာလုံရှိခဲ့ရာမှ ယခု ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ၁၆၁၀ မိုင် ၇ ဖာလုံ တိုးတက်လာခဲ့ပြီးဖြစ်ကြောင်း သိရှိရသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို ပြည်သူများက ကျေးဇူးတင်နေမည်သာဖြစ်ပေသည်။

မြို့သာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်ခဲ့ရာ အလှကိုအယဉ်ဆင့်စေပါသည်။ မြို့တွင်းလမ်းများအား ရေနုတ်မြောင်းများထားရှိပြီး ပင်မရေမြောင်းကြီးများဖြင့် ရေဆိုးများအား ထုတ်သည့်စနစ်ဖြင့် ဆောင်ရွက်ထားခဲ့သည်။ မြို့သန့်ရှင်း သာယာလှပရေးအတွက် လမ်းဘေးပန်းအလှပင်များ၊

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

မောင်တင်လှိုင် (ဟိုတယ်/ခရီး)

ကြေးမုံစာတည်းရှုထောင့် ၅-၉-၂၀၁၃၊ ကြာသပတေးနေ့

စားသုံးသူကာကွယ်ပေး

အများပြည်သူ အခြေခံလူတန်းစားများအနေဖြင့် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အဆင်ပြေစွာ စားသောက်နိုင်ရန် နိစ္စဓူဝ လှုပ်ရှားရုန်းကန်ရှာဖွေကြရမည်ဖြစ်သည်။ ရသမျှငွေအသပြာဖြင့် နေ့စဉ်စားသောက်နိုင်ရန် သင့်ရာကြုံရာ အစားအစာတို့ကို ဘေးဘီမကြည့်ဘဲ သက်သက်သာသာ ဝယ်ယူစားသောက် နေထိုင်လိုကြသည်မှာ မူရင်းစိတ်ထားဖြစ်သည်။

ထိုသို့ စားသောက်ကြရာတွင် ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များဖြစ်ဖို့လိုပါသည်။ မိမိဝမ်းဝရေးအတွက် သက်သက်သာသာကိုသာ ဝယ်ယူစားသုံးတတ်ကြသည့် အခြေခံလူတန်းစားများ၏ အားနည်းချက်ကို ခုတုံးမလုပ်မိစေဘဲ ကျန်းမာရေးအတွက် အာမခံချက်ရှိသော အစားအသောက်များကိုသာ ရောင်းချကြရမည်ဖြစ်ပါသည်။

ဘေးကင်းလုံခြုံမှုမရှိသည့် အစားအသောက်များသည် ပျမ်းမျှ လူ့သက်တမ်းကို တဖြည်းဖြည်း နိမ့်ကျလာစေနိုင်ပြီး ဘေးကင်းလုံခြုံမှုရှိသော အစားအသောက်များသည် ပျမ်းမျှလူ့သက်တမ်းကို မြင့်မားလာစေနိုင်သဖြင့် ဘေးကင်းလုံခြုံစိတ်ချမှုရှိသော အစားအသောက်များကို ရွေးချယ်ရောင်းချပေးကြဖို့ လိုမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ရောဂါများအနက် အစားအသောက်ကြောင့် ဖြစ်ပေါ်လာသော ရောဂါဘယများ ပိုများလာသည်ကို ကြားသိနေရပါသည်။ ပြည်သူတို့၏ လူ့သက်တမ်းများ မြင့်မားရေးနှင့် ကြုံသလိုကျသလို စားသောက်ရသည့် အခြေခံလူတန်းစားများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာချမ်းသာစွာ အလုပ်လုပ်ကိုင်နိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် အရေးတကြီး လိုအပ်နေပြီဟု ဆိုနိုင်ပါသည်။

သန်း ၆၀ သော မြန်မာပြည်သူများအား အစားအသောက် အကာအကွယ်ပေးကြရာ၌ ပြည်တွင်းမှထုတ်လုပ်သော အစားအစာများထက် ပြည်ပမှ တင်သွင်းလာသော အစားအသောက်များက ပိုမိုအန္တရာယ်ရှိနိုင်သည်ဟု ကျွမ်းကျင်သူတို့က သုံးသပ်ထားကြသည်။

အထူးသဖြင့် အိမ်နီးချင်းနိုင်ငံအချို့မှ တင်သွင်းသည့် အဆင့်မမီသည့် စားသောက်ကုန်စည်များကို ပြည်သူအများသုံးစွဲနေကြသည်ဟု ဆိုထားသည်။ ပြည်တွင်းသို့ တရားမဝင်တင်ပို့နေသော ကုန်စည်များကို တားဆီးစစ်ဆေးနိုင်မှု အပြည့်အဝမရှိသေးသောကြောင့် အဆင့်မမီကုန်စည်များကို ဆက်လက်အသုံးပြုနေရခြင်းဖြစ်သည်။

စားသုံးသူအကာအကွယ်ပေးရေးနှင့် သက်ဆိုင်သည့် ဥပဒေများအား အာဆီယံနိုင်ငံအများစုတွင် ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်သည်။ နိုင်ငံအတွင်း တင်သွင်းလာသော စားသောက်ကုန်အပါအဝင် ကုန်ပစ္စည်းမျိုးစုံအား စားသုံးသူအကာအကွယ်ပေးရေး သတ်မှတ်ချက်နှင့်ညီညွတ်မှုရှိ၊ မရှိ နေရာတိုင်းတွင် အထူးကြပ်မတ်စစ်ဆေးမှုများပြုလုပ်ပြီးမှသာ ရောင်းချခွင့်ပြုကြသည်။

စားသုံးသူများအတွက် လုံလောက်သော အာမခံချက်များ ရရှိထားသဖြင့် စားသုံးသူများအနေဖြင့် စိတ်ချလက်ချ စားသုံးကြရသည့်အပြင် ပျမ်းမျှလူ့သက်တမ်းနှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုများ မြင့်မားတိုးတက်နေသည်ကို မြင်တွေ့နေရသည်မှာ အားကျဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပမှ တရားမဝင် ဝင်ရောက်လာသော ကုန်ပစ္စည်းများကိုလည်း မိုဘိုင်းတင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဆောင်ရွက်လျက်ရှိနေသည်ကို နေ့စဉ်မြင်တွေ့နေရပါသည်။

သို့သော် မြန်မာနိုင်ငံ၏ အနေအထားအရ ပြည်သူများ ဘေးကင်းစိတ်ချစွာ စားသောက်နိုင်ရန်အတွက် သက်ဆိုင်ရာတို့က တရားမဝင် စားသောက်ကုန်များကို ပိုက်စိပ်တိုက် ရှာဖွေတားဆီးကြပြီး ရောင်းချသူတို့ကလည်း ကျော်ဖြတ်ဝင်ရောက်လာသော အစစ်အဆေးမခံထားသည့် အစားအသောက်များကို ပြည်သူတို့လက်ဝယ်သို့ မပို့ဆောင်မိစေရန်အတွက် ဖြူစင်သော စိတ်ထားနှင့် မတော်လောဘများကို ဖယ်ရှားကြဖို့လိုမည်ဖြစ်ပါသည်။ ။

ဆေးတက္ကသိုလ် (၁) စာသင်ဆောင်သစ်ဖွင့်

နေပြည်တော် စက်တင်ဘာ ၄

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ အရိုးရောဂါ အထူးကုဆေးရုံကြီး စာသင်ဆောင်သစ်ဖွင့်ပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ်ရှိ အဆိုပါ စာသင်ဆောင်သစ်ရှေ့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာသန်းချိုတို့က စာသင်ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆေးလောက မြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် ဆေးတက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာ နှီးနွှယ်တက္ကသိုလ်များအား အရည်အသွေးမြင့်မားအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် စာသင်ဆောင်သစ်သည် ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဒီပလိုမာသင်တန်းသားများအတွက် သင်ကြားပို့ချခြင်း၊ သုတေသနပြုခြင်းများအတွက် အကျိုးရှိစေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ MAS ကုမ္ပဏီမှ တာဝန်ရှိသူက ပါမောက္ခချုပ်ထံ စာသင်ဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပေးအပ်သည်။

အဆိုပါ စာသင်ဆောင်သစ်သည် အလျား ၇၈ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၂၆ ပေရှိ၍ ကျောင်းသား ကျောင်းသူ ၂၀၀ ဆံ့ကာ နိုင်ငံတော်မှ ကျပ်သိန်း ၂၁၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ခုတင်(၅၀၀) ဆံ့ အထူးကုဆေးရုံကြီး အဆောက်အအုံအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် အဆိုပါအဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ဆေးရုံကြီး အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို တာဝန်ရှိသူများက ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်သည်။

ထို့နောက် သူနာပြုတက္ကသိုလ် (ရန်ကုန်) လေးထပ်စာသင်ဆောင်သစ်ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက စာသင်ဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စာသင်ဆောင်သစ်ကို နိုင်ငံတော်မှ သိန်းကိုးထောင့်လေးရာကျပ် အကုန်အကျခံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန် ရွှေဈေး		၇၂၄၄၀၀	- ၇၂၅၄၀၀
မန္တလေး ရွှေဈေး		၇၂၄၀၀၀	- ၇၂၅၀၀၀
စက်သုံးဆီဈေးနှုန်း			
(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
နိုင်ငံခြားငွေလဲလှယ်နှုန်း			
(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၇၉. ၉
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၀. ၇၁
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၈၁
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၁၀
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၄. ၅၀
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၄. ၃၇၁
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၇၆. ၄၄
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၈၈. ၂၇၉
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၉. ၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနိယဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘဏ္ဍာရေးနှင့် အလှူငွေလက်ခံရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ငွေ (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၅၅၀၂၁၁၊ ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယ မြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

(ကြေးမုံ)

မြန်မာ-ဂျပန်ဆက်ဆံရေးတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ အိချိရိုအအိဆဝ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ ညနေ ၅ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံ၏ အကူအညီများ တိုးမြှင့်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်မှ

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံပြည်သူလူထုက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များအား အကြံပြုဆွေးနွေးတင်ပြကြသည်။

အဆိုပါတင်ပြချက်များအား ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အထွေထွေဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက်ပိုင်းတွင် အထူးဒေသ(၂) UWSA "ဝ" အဖွဲ့မှ ဦးအိုက်လွှန်း ဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့အားလည်းကောင်း၊ ညနေပိုင်းတွင် အထူးဒေသ(၄)မှ ဦးစိုင်းလင်း ဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့အား လည်းကောင်း ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာ၌ တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

ဗဟိုအဆင့် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်

နေပြည်တော် စက်တင်ဘာ ၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် ဒေါက်တာစန်းလွင်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဗဟိုအဆင့် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပခဲ့ပြီး ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က အမှာစကားပြောကြားခဲ့သည်။

ဗဟိုအဆင့် စကားရည်လုပွဲပြိုင်ပွဲတွင် အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူများ၊ ကျပန်းစကားပြောပြိုင်ပွဲတွင်အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၄

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုလျာထားချက် တင်သွင်းဆွေးနွေးခြင်း၊ ဥပဒေ(မူကြမ်း) တင်သွင်းဆွေးနွေးခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

သီရိလက်ာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးမင်းသိန်းဇံအား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရွှေဖုံးမှ

အရိပ်ရပင်များအား နှစ်စဉ်ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ကမ်းနားလမ်းပေါ်တွင် အပန်းဖြေနားနေစေရန် ဆောင်ရွက်ထားရှိခြင်း၊ မြို့တွင်းမြို့ပြင် ပန်းခြံများ၊ လူနေအဆောက်အအုံများအား သစ်လွင်လှပစေရေးအတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကလည်း ပုသိမ်မြို့အား လှပသန့်ရှင်းစေပါသည်။ ပန်းဥယျာဉ်နှင့် ကလေးကစားကွင်း Royal Lake Ammusement Park များ၊ ငဝန်မြစ်ကမ်းဘေးရှိ အများပြည်သူအပန်းဖြေအနားယူစေရန် ရှုခင်းသာကို ဆောက်လုပ်ပေးခြင်းများဖြင့် ပြည်သူများအတွက် စိတ်ချမ်းသာကိုယ်ချမ်းသာစွာဖြင့် အပန်းဖြေအနားယူနိုင်ကြသဖြင့် ပြည်သူများကကျေးဇူးတင်လျက်ရှိပါသည်။

ကင်မလင်းကျွန်း အဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်ရပ်နားစခန်းကို အဆင့်မြှင့်တင်ဆောက်လုပ်ဆောင်ရွက်ခဲ့ရာ သွားရေးလာရေးလွယ်ကူမှုကို အထောက်အကူပြုစေခဲ့ပါသည်။ မန္တလေး၊ ရန်ကုန်၊ နေပြည်တော်မြို့များမှ မော်တော်ယာဉ်လိုင်း ၂၀ မှ ၂၅ လိုင်းအထိ မော်တော်ယာဉ်များဖြင့် ပြေးဆွဲပေးလျက်ရှိရာ သွားလာမှုကို လွယ်ကူစေပါသည်။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့စည်ပင်သာယာရေးဝန်ကြီးဌာန ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မင်းကြီးလမ်းအပိုင်း (၁) ကွန်ကရစ်လမ်း၊ ရွှေစေတီလမ်း ကွန်ကရစ်လမ်း၊ ကမ်းနားလမ်းကွန်ကရစ်လမ်း၊ ငဝန်မြစ်ကမ်းရှုခင်းသာများကို အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့သည်။ ထို့အပြင် ကွန်ကရစ်လမ်း ၃၃ လမ်း၊ ကတ္တရာလမ်း ၆၅ လမ်း၊ ကျောက်လမ်း ၅၈ လမ်း၊ ဂဝံလမ်း ၃၀၊ မြေလမ်း ၁၀၈ လမ်း စသည်ဖြင့် စုစုပေါင်း ၃၀၄ လမ်း မိုင်ပေါင်းအားဖြင့် ၈၈/၂ မိုင်ကို ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ပုသိမ်မြို့နယ်မှာ များစွာဖွံ့ဖြိုးတိုးတက်သာယာလျက်ရှိပေသည်။





စကာဘောရပ် ရေအောက်သောင်စွယ်အနီး တရုတ်နိုင်ငံက အင်္ဂတေတုံးများချနေဟု စွပ်စွဲ

မနီလာ စက်တင်ဘာ ၄

တောင်တရုတ်ပင်လယ်ရှိ မိမိတို့ပိုင်ရေပိုင်နက်အတွင်း တရုတ်နိုင်ငံက အင်္ဂတေဘလောက်တုံးများချနေသည်ကို တွေ့ရှိရကြောင်း ဖိလစ်ပိုင်နိုင်ငံက စက်တင်ဘာ ၄ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

စကာဘောရပ်အမည်ရှိ ပင်လယ်ရေအောက်သောင်စွယ် အစိတ်အပိုင်းတစ်နေရာ၌ အင်္ဂတေဘလောက်တုံး ၇၅ခုခန့်ကို ဝေဟင်မှထောက်လှမ်းတွေ့ရှိရကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ပီတာဂယ်ဗက်ဇ်က ပြောကြားသည်။

အဆိုပါအင်္ဂတေဘလောက်တုံးများကို ပလက်ဖောင်း သို့မဟုတ် အုတ်မြစ်အဖြစ်အသုံးပြုနိုင်သဖြင့် အဆောက်အအုံ တစ်စုံတစ်ရာတည်ဆောက်သည့်လက္ခဏာဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များအား ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အထက်ဖော်ပြပါစွပ်စွဲချက်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ငြင်းဆိုသည်။

ဟွန်ယန်းကျွန်းသည် တရုတ်နိုင်ငံပိုင်နယ်မြေဖြစ်ကြောင်း ဟောင်လီက ပြောကြားသည်။ ပိုင်နက်နယ်မြေ အငြင်းပွားလျက်ရှိသော ပင်လယ်ရေအောက်သောင်စွယ်ကို တရုတ်ဘာသာစကားအရ ဟွန်ယန်းကျွန်းဟု ခေါ်တွင်သည်။

စကာဘောရပ်ရေအောက်သောင်စွယ်သည် ကျောက်တန်းငယ်များဖြင့် ဖွဲ့စည်းထားပြီး ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း ကမ်းလွန် ၁၃၅မိုင်အကွာတွင် တည်ရှိသည်။ **အေအက်ဖ်ပီ။**

ဖိလစ်ပိုင်ရေတပ် တပ်ဖွဲ့ဝင်များနှင့် ပါလီမန်အမတ်တစ်စု စကာဘောရပ်ရေအောက်သောင်စွယ်ရှိ ကျွန်းငယ်တစ်ကျွန်းသို့ ရောက်ရှိခဲ့သည့် မှတ်တမ်းပုံ။

တရုတ်-ရုရှားနယ်စပ် ရေလွှမ်းမိုးမှုဒဏ် ပြည်သူငါးသန်းကျော်ခံစားရ

ဟာဘင် စက်တင်ဘာ ၄

တရုတ်-ရုရှား နယ်စပ်ဒေသဖြစ်သော ဟေလုံကျန်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေလွှမ်းမိုးမှုများဖြစ်ပွားရာ ရေဘေးဒဏ်ကို ပြည်သူ ၅ဒသမ ၂သန်းကျော် ခံစားကြရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက စက်တင်ဘာ ၄ရက်တွင် ပြောကြားသည်။

စက်တင်ဘာ၂ ရက်က ယင်းပြည်နယ်မှ ဒေသခံပြည်သူ ၃၃၁၀၀ခန့် ရေလွှမ်းမိုးမှုဒဏ် ခံစားကြရ၍ နေရာပြောင်းရွှေ့နေထိုင်ကြရကြောင်း ပြည်နယ်ရေလွှမ်း မိုးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှု သက်သာလျော့ပါးရေးဌာနက ပြောကြားသည်။

ရေလွှမ်းမိုးခံရမှုကြောင့် လူနေအိမ် ၁၈၃၀၀ပျက်စီးပြီး လမ်းပေါင်း ၁၃၁၅ လမ်းကို ယာယီပိတ်ထားရကြောင်း၊ ပြည်နယ်တစ်ခုလုံး၏ စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၃ဒသမ ၁၂ဘီလီယံ ဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ရေလွှမ်းမိုးခံရသူ ၈၀၀၀ကျော်ကို ကယ်ဆယ်ရေးအလုပ်သမားများက ကူညီ ကယ်ဆယ်ပေးခဲ့ဖြစ်ကြောင်း၊ ဟေလုံကျန်းမြစ်တွင် ဩဂုတ် လလယ်ခန့်ကတည်းက ရေများလျှံတက်ခဲ့ကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**



ဆီးရီးယားကိုတိုက်ရန် ဆုံးဖြတ်ချက်မူကြမ်း အတည်ပြု

ဝါရှင်တန် စက်တင်ဘာ ၄

ဆီးရီးယားနိုင်ငံအပေါ် အမေရိကန်က စစ်အင်အားအသုံးပြုခြင်းကို ခွင့်ပြုသည့်ဆုံးဖြတ်ချက်မူကြမ်းအားအထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီမှ အထက်လွှတ်တော်အမတ်များက သဘောတူညီခဲ့ကြကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အချိန်အားဖြင့် စစ်ဆင်ရေးကို ရက်ပေါင်း ၆၀ကန့်သတ်ပေးထားသည့် ၎င်းဆုံးဖြတ်ချက်မူကြမ်းကို လာမည့်သီတင်းပတ်တွင် မဲပေးကြမည်ဖြစ်သည်။ ယင်းမူကြမ်းတွင် ဆီးရီးယားနိုင်ငံအတွင်း၌ အမေရိကန်မြေပြင်တပ်ဖွဲ့ အသုံးပြုခြင်းကိုလည်း တားဆီးပိတ်ပင်ထားသည်။

အာဆတ်အစိုးရ၏ ငြင်းဆိုခြင်းမပြုနိုင်သော ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခြင်းအတွက် အမေရိကန်ပြည်ထောင်စုက စစ်ရေးဖြင့် အရေးယူရမည်ဟု နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောခဲ့သည်။

အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌ ရီပတ်ဘလီကန်ဂျွန်ဘိုနားက အိုဘားမား၏ စစ်အင်အားအသုံးပြုရန် တောင်းဆိုခြင်းကို ထောက်ခံခဲ့သည်။

အိုဘားမားသည် အောက်လွှတ်တော်အမတ်အများစု ခေါင်းဆောင် အီရစ်ကန်တာ၏ ထောက်ခံမှုကိုလည်း ရရှိခဲ့သည်။

သို့သော် သမ္မတအိုဘားမားသည် အမေရိကန်ပြည်သူလူထု၏ ထောက်ခံမှုရရှိရန် ခက်ခဲသောတာဝန်တစ်ရပ်ဖြင့် ရင်ဆိုင်နေရကြောင်း ဝါရှင်တန်ရှိ ဘီဘီစီ သတင်းထောက်ကပြောသည်။

ဆီးရီးယားပြဿနာအတွင်း အမေရိကန် ပါဝင်ပတ်သက်မှုကို ဆန့်ကျင်သော ပြည်သူလူထုကြီးမှာ ကြီးမားလာကြောင်း စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံကို တစ်ဖက်သတ်စစ်ရေးဖြင့်အရေးယူမည့် အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏မဟာမိတ်နိုင်ငံများအား ရုရှားသမ္မတ ဗလာဒီမာပူတင်က ဗုဒ္ဓဟူးနေ့တွင် သတိပေးလိုက်သည်။

ကုလသမဂ္ဂ၏ အတည်ပြုချက်မပါရှိလျှင် ဆီးရီးယားကို မည်သည့်နည်းလမ်းဖြင့် တိုက်သည်ဖြစ်စေ ကျူးကျော်ခြင်းသာဖြစ်မည်ဟု ပူတင်ကပြောကြားသည်။

အာဆတ်အစိုးရက ဓာတုလက်နက်သုံးစွဲကြောင်း သက်သေအထောက်အထား ခိုင်လုံ၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စစ်အင်အားသုံးရန် အခွင့်အာဏာပေးသော ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် ၎င်းကို ထောက်ခံရန် ရုရှားနိုင်ငံက ငြင်းပယ်မည်မဟုတ်ကြောင်း ပူတင်က ထပ်မံပြောကြားသည်။ **ဘီဘီစီ။**

အမေရိကန်အိမ်ဖြူတော်ရှေ့၌ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ ကျင်းပစဉ်။

ဂျပန်နိုင်ငံ အရှေ့ဘက်တွင် အင်အားပြင်းငလျင်လှုပ်

တိုကျို စက်တင်ဘာ ၄

ဂျပန်နိုင်ငံ အရှေ့ဘက်တွင် ပြင်းအား ၆ဒသမ ၅အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးအဖွဲ့က စက်တင်ဘာ ၄ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၄ရက် ဒေသစံတော်ချိန် နံနက် ၉နာရီ ၁၉မိနစ်က တိုကျိုမြို့တောင်ဘက် ကီလိုမီတာ ရာပေါင်းများစွာကွာဝေးသောနေရာ ပစိဖိတ်ဒေသကို ဗဟိုပြု၍ အနက် ၄၀၄ကီလိုမီတာ(၂၁၅မိုင်)၌ မြေငလျင်လှုပ်ကြောင်း၊ ဆူနာမီဖြစ်ပေါ်မှု အန္တရာယ်မရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဂျပန်မြေငလျင်တိုင်းတာရေးပညာရှင်များက ယင်းငလျင်သည် အင်အား ၆ဒသမ ၉အဆင့်ရှိကြောင်း၊ တိုကျိုမြို့ တောင်ဘက်မှ ကီလိုမီတာ ၆၀၀၀ ကျော်ကိုဗဟိုပြု၍ လှုပ်ခြင်းဖြစ်ကြောင်း ခန့်မှန်းထားသည်။ **အေအက်ဖ်ပီ။**

တရားမဝင် ဆင်ဆာမဲ့ ခိုးကူးခွေများ ပပျောက်ရေး အလေးထားဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၄

တန်ဖိုးမဲ့ ဆိုးကျိုးများ၊ ရာဇဝတ်မှုများကို ဖြစ်ပွားစေနိုင်သည့် အကြောင်းတရားများကို လေ့လာကြည့်လျှင် တရားမဝင်ဆင်ဆာမဲ့ ခိုးကူးခွေများကြောင့် ဖြစ်ပွားခြင်းသည် အဓိကပါဝင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ယနေ့နံနက် ၈ နာရီတွင် ပြည်လမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးအထိမ်းအမှတ်ပြတိုက်၌ ကျင်းပသည့် တရားမဝင်ဆင်ဆာမဲ့ ညစ်ညမ်း ဒီဗွီဒီ၊ ဗွီစီဒီများဖျက်ဆီးခြင်း အခမ်းအနားတွင် ပြောကြားသည်။

အခမ်းအနားတွင် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရဲစခန်းအသီးသီးမှ ဖမ်းဆီးရရှိသည့် သက်သေခံဆင်ဆာမဲ့ ဗီဒီယိုအခွေပေါင်း ၁၉၉၅၁၀ ကို လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့ပြီး**(အပေါ်ယာပုံ)** တရားခံများကိုလည်း ဥပဒေနှင့်အညီ အရေးယူခဲ့ကြောင်း သိရသည်။

"ရုန့်ရင်းကြမ်းတမ်းမှု၊ ရက်စက်မှုများပါဝင်တဲ့ ပြကွက်များနဲ့ ညစ်ညမ်း ဗွီစီဒီ၊ ဒီဗွီဒီအခွေတွေရဲ့ ရိုက်ကူးထားမှုတွေကို အတုယူပြီး လက်တွေ့စမ်းသပ် ကျူးလွန်ကြမှုတွေဟာ ရာဇဝတ်မှုများ တိုးပွားလာရေးအတွက် အကြောင်းရင်းဖြစ်လာတာကို တွေ့ရပါတယ်၊ ဒီလိုဝိသမလောဘသားများရဲ့ တရားမဝင်ခိုးကူးဖြန့်ချိမှုများကို စုံစမ်းဖော်ထုတ်ပြီး ရာဇဝတ်မှုများကို ထိထိရောက်ရောက် အရေးယူနှိမ်နင်းနိုင်မှသာ တရားဥပဒေစိုးမိုးမှုရှိလာမှာ ဖြစ်တဲ့အတွက် ပြည်သူအပိုင်းကလည်း တာဝန်ရှိသူများကို တာဝန်သိစွာ သတင်းပေးပြီး ဝိုင်းဝန်းဖော်ထုတ်ကြဖို့ လိုပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက "ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဆင်ဆာမဲ့ ခိုးကူးခွေပပျောက်ရေးကို အထူးကိစ္စအဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းပြီး လုပ်ထုံး၊ လုပ်နည်းများနဲ့အညီ ဖမ်းဆီးအရေးယူမှုတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆင်ဆာမဲ့ခိုးကူးခွေများ လျော့နည်းပပျောက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ပေးကြရန် မေတ္တာရပ်ခံလိုပါတယ်"ဟု ပြောကြားသည်။

(သတင်းစဉ်)

တစ်နာရီလျှင် အမျိုးသမီးတစ်ယောက် သေဆုံးနေရသော အိန္ဒိယ၏ သတို့သမီးလက်ဖွဲ့ ထုံးစံ

အောင်မင်းစိုး

နယူးဒေလီ စက်တင်ဘာ ၄

အိန္ဒိယနိုင်ငံတွင် သတို့သမီးဘက်ကပေးရသော မင်္ဂလာလက်ဖွဲ့များနှင့် ပတ်သက်သော ပြစ်မှုများကြောင့် တစ်နာရီလျှင် အမျိုးသမီးတစ်ယောက် သေဆုံးနေရကြောင်း၊ ယင်းမှာ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အဆိုပါမဖြစ်မနေပေးရသော လက်ဖွဲ့ဓလေ့ထုံးစံကြောင့် လိုအပ်ချက်များရှိနေသည်ကို ညွှန်ပြနေကြောင်း အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများက ပြောကြားသည်။

အိန္ဒိယ အမျိုးသားပြစ်မှုမှတ်တမ်းဌာနက လွန်ခဲ့သည့်နှစ်အတွင်း အိန္ဒိယနိုင်ငံတစ်ဝန်း၌ လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနားများ ပြုလုပ်စဉ် သတို့သမီးမိသားစုမှ သတို့သားမိသားစုသို့ ပေးရသည့် မင်္ဂလာခန်းဝင်ပစ္စည်းများနှင့် ပတ်သက်၍ အငြင်းပွားမှုများကြောင့် အမျိုးသမီး ၈၂၃၃ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

မင်္ဂလာလက်ဖွဲ့ပေးရခြင်းနှင့် ပတ်သက်သည့် ပြစ်မှုများမှာ ၃၂ ရာခိုင်နှုန်းအောက်ရှိကြောင်း လွန်ခဲ့သည့်သီတင်းပတ်က ထုတ်ပြန်သော ပြစ်မှုမှတ်တမ်းဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ အိန္ဒိယတွင် သတို့သမီးဘက်ကပေးရသော မင်္ဂလာလက်ဖွဲ့ပေးခြင်းနှင့် လက်ခံရယူခြင်းကို ဥပဒေအရ တားမြစ်ထားသော်လည်း ရာစုနှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့သော အဆိုပါလူမှုရေးဓလေ့ထုံးစံမှာ အမြစ်တွယ်နေဆဲဖြစ်သည်။

မင်္ဂလာလက်ဖွဲ့ပစ္စည်းတောင်းခံခြင်းမှာ လက်ထပ်ပြီး နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် ဆက်လက်တောင်းယူနေကြသည်။ အိန္ဒိယအမျိုးသမီးငယ်ထောင်ပေါင်းများစွာမှာ သတို့သားမိသားစုဘက်သို့ လက်ဖွဲ့ပစ္စည်းအလုံအလောက်မပေးနိုင်သည့်အတွက် နှစ်စဉ် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံနေရသည်။

ယင်းကိစ္စကို အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများနှင့် ရဲတပ်ဖွဲ့က တားမြစ်ရန် ကြိုးစားနေသည်။ "လက်ထပ်ထိမ်းမြားတာဟာ စီးပွားရေးအမြတ်ထုတ်သလို ဖြစ်နေပါတယ်။ သတို့သားနဲ့ သတို့သားမိသားစုက မင်္ဂလာလက်ဖွဲ့ပစ္စည်းကို မတန်တဆ တောင်းတာရှိသလို ချမ်းသာတဲ့ သတို့သမီး မိသားစုကလည်း တောင်းတာထက်ကို ရက်ရက်ရောရော ပေးတာလည်းရှိပါတယ်"ဟု အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူ ရာဂျန်နာ ကူမာရီက ပြောကြားသည်။ **အေပီ။**



မြစ်ငယ်မြို့တွင် အရုဏ်ဦးအချိန် မီးလောင်မှုဖြစ်ပွား

မန္တလေး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ အောင်ချမ်းသာရပ်ကွက်တွင် ဩဂုတ် ၄ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က ထိုရပ်ကွက်ရှိ အထက်တန်းကျောင်းလမ်းနေ ဦးသန်းအောင်၏ တိပ်ခွေအငှားဆိုင်မှ စတင်ကာ မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် အနီးရှိ လူနေအိမ် ရှစ်လုံးနှင့် ဆိုင်ကယ်သုံးစီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းရာနေရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ညွှန်ကြားရေးမှူး ဦးအောင်ကြွယ်မြင့်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးကြည်တိုးတို့က မီးသတ်ကား ၄၂ စီး၊ အကူ ခြောက်စီး၊ မီးသတ်သန္နေ ၆၀ နှင့် အရန်အင်အား ၂၁၀ တို့ဖြင့် လာရောက်ငြိမ်းသတ်ကြရာ နံနက် ၅ နာရီ ၃၅ မိနစ်တွင် မီးညွှန့်ကျိုးသွားခဲ့ပြီး နံနက် ၆ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ယင်းမီးလောင်ကျွမ်းမှုကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် မီးလောင်ကျွမ်းရာနေရာသို့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကာ အဆိုပါမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ကျောက်ကြီးမြို့တွင် ရှင်ဥပဂုတ္တ ရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲ ကျင်းပမည်

ကျောက်ကြီး စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် (၁၂၅)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာမြတ်မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကြီးကို ၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ပွဲတော်ကျင်းပရေးကော်မတီ နာရေးကူညီမှုအသင်း (ကျောက်ကြီး)နှင့် မွန်မြတ်ခြင်းအလင်းတန်း ပရဟိတလူငယ်အဖွဲ့ (ကျောက်ကြီး)တို့မှ ကြီးမှူးကျင်းပမည်ဖြစ်သည်။

ယင်းပွဲတော်တွင် ရှင်ဥပဂုတ္တ ရဟန္တာမြတ်ရုပ်ပွားတော်ကို ရေပေါ်၊ ကုန်းပေါ် စံကျောင်းတော်၌ ပူဇော်၍ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲများ၊ ရိုးရာတက်ခုတ်အလှုပြယိမ်းများ၊ ဒိုးပတ်သံချပ်ပြိုင်ပွဲများ၊ ဇာတ်ပွဲနှင့် အခြား ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲတော်များနှင့် စက်တင်ဘာ ၁၈ ရက်ညတွင် နိုင်ငံကျော်ဖိုက်စတား (Five Star) လူရွှင်တော်အဖွဲ့မှ ဖျော်ဖြေပြီး ကျောက်ကြီးချောင်းတွင် မီးကြာခွက်များမျှော၍ ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကြီးတွင် ပူဇော်မည့် ဗုဒ္ဓမြတ်စွာဘုရား၊ ရှင်သီဝလိ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်တို့၏ ရုပ်ပွားတော်မြတ်များကို ဘုရားဒကာ၊ ရဟန်းဒကာအဖြစ် ပူဇော်နိုင်ရန် အလှူတော်ငွေများ လှူဒါန်းလိုပါက ကျောက်ကြီးမြို့ ပွဲတော်ကျင်းပရေးကော်မတီ ဖုန်း-၀၉-၄၂၈၁၁၀၂၀၂၊ ၀၉-၄၂၈၀၁၆၁၀၀ နှင့် ၀၅၄-၄၉၀၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဝေမာသီ(ကျောက်ကြီး)**

ကျေးလက်ဖွံ့ဖြိုးဝင်ငွေတိုးအုံ

မောင်အောင်(မွေးကု)

“မွေးရေ ကျေးလက်ပေါင်းစပ်ဖက်က ကျေးလက်ဖွံ့ဖြိုးဝင်ငွေတိုးအုံ့”တဲ့။ အောင်မယ် မောင်အောင်ရဲ့။ မင်းစာအုပ်မျက်နှာဖုံးမှာရေးထားတဲ့ ဒီစာက တဘောင်လား၊ အတိတ်နိမိတ်လား၊ လမ်းညွှန်ချက်လား ပြောစမ်းပါဦး”

အမေ့ရွာသို့ လာလည်ချိန်တွင် အခြေခံပညာကျောင်းများ၌ ပြုလုပ်လျက်ရှိသည့် နို့တိုက်ကျွေးရေးစီမံကိန်းအကြောင်း အားပါးတရရှင်းပြဖြစ်သည်။ ပြီးတော့ အမောပြေ ထန်းလျက်ခဲနှင့် ရေနွေးကြမ်းဖြင့် ငြိမ့်နေသောကျွန်တော်၊ ကျွန်တော့်မှတ်စုစာအုပ် ရှေ့မျက်နှာစာကို လှန်ဖတ်လိုက်သော ဦးကြီးက ကျွန်တော့်အား မေးလိုက်ခြင်းဖြစ်သည်။

“ဦးကြီးက ဒီစာပုဒ်ကို တဘောင်ထင်လို့လား၊ အတိတ်နိမိတ်ထင်လို့လား။ ဦးကြီးအထင် ပြောစမ်းပါဦး”

ကျွန်တော့်ဦးကြီးက သျှောင်တစောင်းဖြင့် မြန်မာ့ရိုးရာဓလေ့ထုံးစံကို ရှားရှားပါးပါးဆက်ပြီး ထိန်းထားသည်။ သို့သော် ဦးကြီးကခေတ်နောက်မကျ။ သတင်းစာဖတ်သည်။ စာစောင်တွေလေ့လာသည်။ ရုပ်မြင်သံကြား ပုံမှန်ကြည့်သည်။ ရုပ်မြင်သံကြားသတင်းသည် ခေတ်၏ပုံရိပ်ဟုပင် ဦးကြီးက တင်စားပြောတတ်သည်။ သို့ဖြစ်၍လည်း ဦးကြီး၏အမေးကို ကျွန်တော် ချက်ချင်းအဖြေမပေးသေးဘဲ အမေးကို အမေးနှင့်ပင် တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

“ဒီခေတ်မှာ တဘောင်ကတော့ မရှိတော့ဘူးဆိုတာ ငါသိတယ်။ ဒီမင်းစာအုပ်မှာ ရေးထားတဲ့စာပုဒ်က အတိတ်နိမိတ်တို့ လမ်းညွှန်ချက်တို့ဆိုတာထက် တကယ်လုပ်လျှင် တကယ်ဖြစ်မယ်ဆိုတဲ့အကြောင်း ရေးထားတယ်လို့ ငါတော့ ထင်တယ်။ ထားပါတော့ကွာ “မွေးရေကျေးလက် ပေါင်းစပ်ဖက်က ကျေးလက်ဖွံ့ဖြိုး ဝင်ငွေတိုးအုံ့” ဆိုတော့ မင်းတို့မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တို့ကျေးလက်ဒေသတွေ ဖွံ့ဖြိုးဖို့ ဝင်ငွေတိုးဖို့ ဘာတွေများလုပ်ပေးနေလို့လဲ”

ဦးကြီးက ကျွန်တော့်၏အမေးကို ပြန်ဖြေရင်း သူသိချင်သည့်အချက်ကို တိုက်ရိုက်မေးလာသည်။ဦးကြီး၏အမေးက Heart ထိသည်။နှလုံးသို့ တိုက်ရိုက်ထိသည်။ လိုရင်းအချက်ကို အဓိကထား၍ မေးခြင်းဖြစ်ပါသည်။

“လုပ်ပေးတာတွေကတော့ ဦးကြီးရေ၊ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကစပြီး ကျွန်တော်တို့မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေး စပြီးလုပ်ပေးခဲ့တာ၊ ကျေးလက်နေပြည်သူတွေ ဝင်ငွေတိုးအောင် လုပ်ပေးခဲ့တာ ဦးကြီးလည်းအသိပဲလေ။ စိုက်ပျိုးရေးဆိုတာ

“အခုလိုတိုးတက်တဲ့ခေတ်ကြီးမှာ ငါတို့တစ်တွေ စိတ်ဓာတ်ပြောင်းဖို့လိုတယ်၊ အလုပ်တွေ ပိုပြီးလုပ်ကြဖို့လိုတယ်။ တို့ရဲ့သားသမီး မြေးမြစ်တွေ စာတတ်အောင် ကျောင်းထားဖို့လိုတယ်။ ကလေးတွေ ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးအောင် နွားနို့တွေ များများတိုက်ဖို့လိုတယ်”

မြေရှိမှ၊ ရေရှိမှ၊ မျိုးမှန်မှ၊ ပျိုးသန်မှ၊ ပိုးမလာမှ၊ မိုးရွာမှ ဖြစ်ထွန်းတာ။ ဒါတောင် ရာသီသီးနှံတွေမို့ အနည်းဆုံး သုံးလေးလကြာမှ ငွေပေါ်တာ၊ ကျွန်တော်တို့ မွေးမြူရေးကတော့ အချိန်တိုတယ်။ ခုမွေးရင် ခုစားရတယ်။ မြေကြီးများများမလိုဘူး။ မိုးမလိုဘူး။ ကိုယ်ဂရုစိုက်ရင် စိုက်သလောက်၊ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ဝင်ငွေပြန်ရတယ်။ နောက်ပြီး စိုက်ပျိုးရေးရဲ့ ဘေးထွက်ပစ္စည်းက ကျွန်တော်တို့ မွေးမြူရေးမှာ အဓိကအစာ၊ အဲ မွေးမြူရေးရဲ့ ဘေးထွက်ပစ္စည်းက စိုက်ပျိုးရေးမှာ သဘာဝမြေသြဇာ”

“အဲဒါကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို တွဲဖက်ပြီး လုပ်သင့်တယ်လို့ မင်းပြောမှာမဟုတ်လား။ အဲဒါတွေ တီဗွီထဲမှာ ခဏခဏကြားနေရလို့ ငါသိပါတယ်။ ငါမေးတာက ကျေးလက်ဒေသဖွံ့ဖြိုးဖို့အတွက် မင်းတို့ဘာတွေလုပ်ပေးပြီးပြီလဲ၊ အဲဒါ ငါသိချင်တာ”

ကျွန်တော့်၏ ဋီကာချဲ့နေမှုကို ဦးကြီးက စိတ်မရှည်စွာဖြင့် စကားဖြတ်၍ ထပ်မံမေးလိုက်ခြင်းဖြစ်ပါသည်။

“ဟုတ်ပါပြီ ဦးကြီးရယ်။ ကျွန်တော် နိဒါန်းချီတာ နည်းနည်းရှည်သွားလို့ ခွင့်လွှတ်ပါ။ ကျွန်တော်တို့ဝန်ကြီးဌာနက ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကနေ အခု ရှစ်လပိုင်း လလယ်ထိ မျိုးဝက် ၁၃၅၀၃ ကောင် တန်ဖိုးအားဖြင့် ၁၁၁၂ ဒသမ ၄၃၆ သန်း၊ ဒေသဘဲ အကောင်၅၉၉၀ နှင့် အသားတိုးဘဲအကောင် ၂၁၅၀ တန်ဖိုးအားဖြင့် ၁၄ ဒသမ ၀၀၂ သန်းနှင့် ဒေသကြက် ၅၂၆ ကောင်နှင့် ဥစားကြက် ၈၅၂ ကောင် တန်ဖိုးအားဖြင့် ၂ ဒသမ ၈၉၃ သန်းဖိုး ဖြန့်ဖြူးပေးခဲ့ပါတယ်။ ဒီဝက်ရယ်၊ ဘဲရယ်၊ ကြက်ရယ် ကျေးလက်ဒေသတွေ ဖြန့်ဖြူးပေးတာ စုစုပေါင်း ၁၁၂၉ ဒသမ ၃၃ သန်းဖိုး ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်”

“မင်းပြောတဲ့ ကိန်းဂဏန်းက နည်းတော့မနည်းဘူးပေါ့ကွာ။ အဲ ဒါပေမယ့် တို့ရွာတွေတော့ လုံးဝမရဖူးဘူး။ တို့တူကြီးတစ်ယောက် လောက်လောက်လားလား မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနမှာတော့ရှိနေပါရဲ့၊ ဒါပေမယ့် တို့ရွာကတော့ မွေးမြူဖို့ဘာတိရစ္ဆာန်မှ မရတာတော့ နာသကွာ”

ဦးကြီးက မချိတချိဖြင့် ကျွန်တော့်ကို ရိလိုက်သည်။

“အဲဒါကတော့ ဦးကြီးရယ်။ ကျွန်တော်တို့ အစိုးရဝန်ထမ်းဆိုတာ ကိုယ့်အမျိုးရှာမို့လို့ သက်သက်ပိုပြီး ပေးလို့ မရဘူး။ ကျွန်တော်တို့ အခုဝက်ဖြန့်ထားတာဆိုရင် တစ်ပြည်လုံးအနှံ့ပဲ။ ကချင်ပြည်နယ်မှာ အကောင် ၆၄၀၊ ကရင်ပြည်နယ်မှာ အကောင် ၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၄၆၄ ကောင်၊ ပဲခူးတိုင်းဒေသကြီးမှာ ၃၀၃ ကောင်၊ တနင်္သာရီတိုင်းဒေသကြီးမှာ ၄၂၄ ကောင်၊ မကွေးတိုင်းဒေသကြီးမှာ ၈၁၃ ကောင်၊ မန္တလေးတိုင်းဒေသကြီးမှာ ၁၆၇၇ ကောင်၊ မွန်ပြည်နယ်မှာ ၁၀၀၈ ကောင်၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၂၆၅၈ ကောင်၊ ရှမ်းပြည်နယ်မှာ ၂၀၇ ကောင်၊ ဧရာဝတီတိုင်းဒေသကြီးမှာ ၁၇၇၅ ကောင်နဲ့ နေပြည်တော်ကောင်စီနယ်မြေမှာ ၉၁၇ ကောင် စုစုပေါင်းသားခွဲဝက် ၁၀၉၄၆ ကောင် ခြောက်လဆိုင်းအကြွေးစနစ်နဲ့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်”

“အဲဒီလိုပဲ ဇီးဝက်မတွေကို နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်မှာ ၁၆၄ ကောင် အကြွေးစနစ်နဲ့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်။ ဇီးဝက်မတွေက အနည်းဆုံး ဇီးနှစ်လနဲ့အထက်ရှိတာကြောင့် မွေးတဲ့သူဆီရောက်ပြီး တစ်လအတွင်းမှာ ဝက်ကလေးတွေမွေးတယ်။ နေပြည်တော်က ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆိုရင် ဇီးဝက်မကြီးနှစ်ကောင်၊ တစ်ကောင်ကို ကျပ် ၃၇၀၀၀၀ နဲ့ အကြွေးဝယ်ပြီး မွေးတာ၊ သူမွေးလို့ တစ်လပဲကြာတယ်။ ဝက်မကြီးတစ်ကောင်က ဝက်ကလေး ၁၂ ကောင်နဲ့ နောက်ဝက်မကြီးတစ်ကောင်က ဝက်ကလေး ၁၄ ကောင် ပေါက်တယ်။ ပေါက်ပြီး တစ်လခွဲလည်းကြာရော ဝက်ကလေး အကောင် ၂၀၊ တစ်ကောင် ကျပ် ငါးသောင်းနဲ့ ထုတ်ပြီးရောင်းတာ ၁၀ သိန်းရတယ်။ ဝက်ငယ်ကလေးတစ်ကောင်က အရွယ်သေးလို့ ထည့်မရောင်းဘဲ သုံးကောင်ဆက်မွေးဖို့ ချန်ထားသေးတယ်။ ဝက်စာဖိုးက တစ်ကောင်တစ်နေ့ တစ်ပိဿာငါးဆယ် နှစ်ပိဿာ၊ နှစ်ကောင်ဆိုတော့ လေးပိဿာထား။ စပြီးမွေးလို့ ၃ လ ရက် ၉၀ မှာ အစာပိဿာ ၃၆၀ ကုန်တယ်။ အစာတစ်ပိဿာ ၆၀၀ ကျပ် ကျတာကြောင့် အစာဖိုး ၂၁၆၀၀၀ ကျပ် လောက်ကျတယ်။ အဲဒီတော့ ဝက်မကြီးနှစ်ကောင် ပြန်ပြီးကျန်တဲ့အပြင် ပိုက်ဆံအပိုလည်း သုံးလို့ရသေးတယ်”

“မင်းပြောပုံဖြင့် လူတိုင်း ဝက်တောင်မွေးရမယ့်ပုံပေါက်နေပြီ။ အဲဒါပေမယ့် မသေမပျောက်အောင်ကောဂရုမစိုက်ရဘူးလား”

“ဒါတော့ ဂရုစိုက်ရမှာပေါ့ ဦးကြီးရဲ့။ ကံ၊ ဉာဏ်၊ ဝီရိယဆိုတာ အမြဲလိုတာပေါ့။ အလုပ်တစ်ခု ဖြစ်မြောက်အောင်မြင်ချင်တယ်ဆိုရင် ဉာဏ်ကိုလွှာသုံးပြီး ဝီရိယစိုက်ထုတ်ပြီးလုပ်ခဲ့ရင် ကံဆိုတဲ့အလုပ်က အောင်မြင်မယ်ဆိုတာ ဦးကြီးပဲ ကျွန်တော်တို့ကို အမြဲတမ်းသင်ပေးခဲ့တာမဟုတ်လား”

ကျွန်တော်က ဦးကြီး၏သွန်သင်ဆုံးမခဲ့မှုများကို ပြန်ပြောင်းသတိရစွာဖြင့် ပြောဖြစ်သည်။

“အေး ထားပါတော့ကွာ။ ဟုတ်ပါပြီ။ အဲ ဝက်တို့၊ ကြက်တို့မွေးချင်ရင် တို့က ဘယ်လိုလုပ်ရမှာလဲ၊ မင်းတို့ဝန်ကြီးဌာနကို ပြောရမှာလား။ ဝန်ကြီးဆီစာရေးရမှာလား”

“ဝန်ကြီးဆီ တိုက်ရိုက်စာရေးစရာမလိုပါဘူး။ မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွေရှိတယ်။ အဲဒီရုံးမှာရှိတဲ့ ဦးစီးမှူးဆီစာရင်းပေးလိုက်ရုံပဲ။ ပြီးတော့ ဝက်ဘယ်လိုမွေးရမယ်၊ ဝက်စာဘယ်လိုကျွေးရမယ်၊ ဘာကာကွယ်ဆေးတွေထိုးရမယ်ဆိုတာ အဲဒီမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကဆရာဝန်တွေက အားလုံးပြောပေး၊ လုပ်ပေးမှာပဲ။ အရေးကြီးတာက ကျွန်တော်တို့တောင်သူတွေက မျက်စိဖွင့်နားစွင့်ထားပြီး ပေါ်လာတဲ့အခွင့်အရေးကို အရအမိဆုပ်ကိုင်၊ ဝီရိယထားပြီး ကြိုးစားအလုပ်လုပ်၊ ဒါဆိုရင် အောင်မြင်မှာပဲ”

“အေးပါကွာ။ မင်းဒီလိုရှင်းပြတော့လည်း တို့ကျေးလက်တွေအတွက် အားတက်စရာပဲကွ။ ဒါပေမယ့် တို့လူတွေ စိတ်ဓာတ်ပြောင်းဖို့တော့လိုတယ်။ အလုပ်လုပ်ကြဖို့လိုတယ်။ အရင်တုန်းကလို စပါးတစ်သီးပဲစိုက်ပြီး မိသားစုတစ်ခုလုံး ထိုင်စားနေလို့တော့ မရဘူး။ ဟိုတုန်းက တို့ရွာတွေမှာ တို့ရွာသားတွေ ဒီရွာမှာမွေး၊ ရွာဘုန်းကြီးကျောင်းမှာနေ၊ မိဘလက်ငုတ်လက်ရင်းစပါးလေးစိုက်၊ ရလာတဲ့စပါးရောင်းပြီး တစ်နှစ်လုံးထိုင်ပြီးစား၊ သုံးဖို့လည်း ထွေထွေထူးထူးမရှိ။ သီချင်းနားထောင်ချင်ရင် သူကြီးအိမ်သွားပြီး ဓာတ်စက်နားထောင်၊ ရေဒီယိုတစ်လုံးရှိရင် လေးငါးဆယ်အိမ် နားထောင်လို့ရတယ်။ တစ်နှစ်မှ တစ်ခေါက်နှစ်ခေါက်လောက် မြို့တက်။ ငါတို့ဆို ရန်ကုန်က ရွှေတိဂုံဘုရားကို မင်းတို့ကြီးတော်မမှည့်နဲ့ အိမ်ထောင်ကျပြီးမှကို ဖူးဖူးတာ၊ ရောက်ဖူးတာ”

“အခု မင်းတို့ခေတ်ကျတော့ ရွာနဲ့ရန်ကုန်က ဘတ်စ်ကားစီးပြီး သွားလို့ရပြီ။ ရေဒီယို ကက်ဆက်ဆိုတာ အိမ်တိုင်းမှာရှိနေပြီး တို့ရွာမှာတင် ရုပ်မြင်သံကြားစက် ၁၀ လုံးလောက်ရှိနေပြီ။ စကိုင်းနက်ဆိုတဲ့ စလောင်းသေးသေးလေးနဲ့ လိုင်းပေါင်းစုံဖမ်းပြီး ရွာကကောင်မလေးတွေ မြို့သူတွေ ဘာတွေဝတ်တယ်၊ ဘယ်လိုစားတယ်ဆိုတာ တွေ့နေကြပြီ။ တို့ခေတ်တုန်းက မြို့မှာတောင် လက်နဲ့လှည့်ပြီး တစ်ရွာလုံး နားညီးအောင်အော်ပြီးပြောရတဲ့ တယ်လီဖုန်းမျိုးပဲ သုံးရတာ။ အခုတော့ ရွာမှာတောင် လက်ကိုင်ဖုန်းလှလှလေးတွေနဲ့ ပြောနေကြပြီ။ မင်းတို့ခေတ်ကတော့ တိုးတက်ပါ့ကွာ။ နိုင်ငံတော်သမ္မတကြီး နေပြည်တော်ကနေ မိန့်ခွန်းပြောတာကို အိမ်ထဲက သပေါ့ဖျာပေါ်ထိုင်၊ ကွမ်းမြုံ့ရင်း ငါတို့အားလုံး နားထောင်လို့ရနေပြီ”

“အဲ ဒါပေမယ့် အခုလိုတိုးတက်တဲ့ခေတ်ကြီးမှာ ငါတို့တစ်တွေ စိတ်ဓာတ်ပြောင်းဖို့လိုတယ်၊ အလုပ်တွေ ပိုပြီး လုပ်ကြဖို့လိုတယ်။ တို့ရဲ့သားသမီး မြေးမြစ်တွေ စာတတ်အောင် ကျောင်းထားဖို့လိုတယ်။ ကလေးတွေ ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးအောင် နွားနို့တွေများများ တိုက်ဖို့လိုတယ်။ မင်းတို့ငယ်ငယ်တုန်းက “လိမ္မာပါတယ် ငါ့သားရယ်၊ ဒီဘဲဥလေးတစ်ခြမ်းနဲ့ လောက်အောင်စား” ဆိုတဲ့ ဘဝကနေ အသားတွေ၊ ငါးတွေ များများစားနိုင်အောင် မွေးမြူကြဖို့လိုတယ်။ များများကျွေးဖို့လိုတယ်။ ဒါမှ တို့ရဲ့မျိုးဆက်သစ်တွေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပိုပြီးအလုပ်လုပ်နိုင်ကြမှာ၊ တို့တိုင်းပြည် ပိုပြီးချမ်းသာလာမှာ”

ဦးကြီးကား စိတ်အားထက်သန်စွာဖြင့် အနာဂတ်နိုင်ငံတော်အတွက် အားမာန်အပြည့်ဖြင့် ပြောနေသည်။ ကျွန်တော်က ဦးကြီး၏စကား ခေတ္တနားလိုက်ချိန်တွင် ကျွန်တော့်စာအုပ်မျက်နှာဖုံးတွင် ကျွန်တော်ရေးထားသည့် စာပုဒ်ကလေးအား ဖြန့်၍ပြဖြစ်သည်။

“ကျေးလက်ဖွံ့ဖြိုးဝင်ငွေတိုးဖို့ မွေးရေကျေးလက် ပေါင်းစပ်ဖက်ဖို့” လိုအပ်တယ်ဆိုတာ ငါလက်ခံပါပြီကွာ။

ဦးကြီး၏ ရင်တွင်းစကားက အင်အားအပြည့် ရှိလှသည်။ ကျွန်တော်တို့ “မွေးရေကျေးလက် ပေါင်းစပ်ဖက်ပြီး ကျေးလက်ဖွံ့ဖြိုးဝင်ငွေတိုးအောင်” ဆက်လက်ဆောင်ရွက်ရပါဦးမည်။ ။



ဆီးဂိမ်းပြိုင်ပွဲဝင်မည့်အားကစားသမားများ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(၂)၌ လေ့ကျင့်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် စက်တင်ဘာ ၃ ရက်နံနက် ၈ နာရီတွင် နေပြည်တော် လယ်ဝေးမြို့ရှိ အားကစားလေ့ကျင့်ရေးစခန်း(၂) သို့ သွားရောက်၍ အလေးမအားကစား၊ ဝူရှူးအားကစား၊ သေနတ်ပစ်အားကစား၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစား၊ ဂျူဒို၊ ကမ်ပို၊ နပန်းနှင့် ဘိလိယက်နှင့်စနူကာ အားကစားသမားများ လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အာဆီယံယူ – ၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာယူ – ၁၉ အသင်းယှဉ်ပြိုင်မည်

သတင်း – ဓာတ်ပုံ
ရှိုင်းထက်ဇော်

ရန်ကုန် စက်တင်ဘာ ၄

၂၀၁၃ အာဆီယံယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာ ၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာယူ-၁၉ အသင်းမှာ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အပြီးသတ် ၂၀ ဦးကို ရွေးချယ်ထားသည်။

အဆိုပါ ပြိုင်ပွဲကို အာဆီယံ၏ အဖွဲ့ဝင်သစ် နိုင်ငံဖြစ်သည့် သြစတြေးလျအသင်း အပါအဝင် အာဆီယံအသင်း ၁၂ သင်းစလုံး စုံလင်စွာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က)တွင် သြစတြေးလျ၊ ဖိလစ်ပိုင်၊ လာအို၊ တီမော၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ)တွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှားနှင့် ဘရူနိုင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းမှာ အုပ်စုအတွင်း ကျရောက်နေသလို ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာလူငယ်အသင်းများ ရလဒ်များမကောင်းမှုအပေါ် ယူ-၁၉ အသင်းအနေဖြင့် ချေဖျက်ပြရန် လိုအပ်နေရာ အုပ်စုအဆင့်ကို ကျော်လွှန်ရန် ပိုမိုအားထုတ်ကစားရမည်ဖြစ်သည်။

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်း

မြန်မာယူ-၁၉ အသင်းမှာ ကာလရှည်လေ့ကျင့်ထားသည့် အသင်းဖြစ်သလို ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ထားသောကြောင့် အတွေ့အကြုံ ကောင်းများရှိနေသည့်အသင်းလည်း ဖြစ်သည်။ ယခုပြိုင်ပွဲအတွက် ဩဂုတ် ၈ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး MNL ကလပ်အသင်းများ၊ လူငယ်အသင်းများနှင့် ခြေစမ်းကစားခဲ့သလို ဩဂုတ် ၁၇ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့တွင် စခန်းဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးခင်ထွန်း၊ နည်းပြချုပ် ဂက်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးညီညီလတ်နှင့် ဦးသန်းဝေ၊ ဂိုးသမား မျိုးမင်းလတ်၊ ပြည့်လျှံအောင်၊ နောက်တန်း ထိုက်ထိုက်အောင်၊ အောင်ဟိန်းစိုးဦး၊ ကျော်ကျော်စိုး၊ မျိုးကိုထွန်း၊ နောင်နောင်လတ်၊ မင်းကျော်ခန့်၊ ဟိန်းသီဟဇော်၊ အလယ်တန်း- ငြိမ်းချမ်းအောင်၊ ဒေးဗစ်ရွှယ်ဖယ်လာ၊ ဇင်ဖြိုးအောင်၊ ရန်နိုင်ဦး၊ ကျော်မင်းဦး၊ စည်သူအောင်၊ ဟိန်းနေဆန်း၊ ရှေ့တန်း-မောင်မောင်စိုး၊ သန်းပိုင်၊ အောင်သူနှင့် စောစီးအိုင်တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၀ ရက်တွင် မလေးရှား၊ ၁၂ ရက်တွင် အင်ဒိုနီးရှား၊ ၁၄ ရက်တွင် ဘရူနိုင်း၊ ၁၆ ရက်တွင် ဗီယက်နမ်၊ ၁၈ ရက်တွင် ထိုင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကာဗျာငှက်ကလေးသို့(၅)

- နေရာမရွေး၊
  ဆိုရေးခွင့်သာ၊ ခုချိန်ခါဝယ်
  ခိုင်မာစိတ်ဓာတ်၊ ဆိုရေးတတ်နှင့်
  ဆိုတတ်မှန်စွာ၊ ဆိုနေပါမူ
  ကဗျာငှက်ကလေး ထိုဆိုရေး
  ကြားရသူတို့ နားဝင်အေး။
- နေရာမရွေး၊
  ပျံရေးခွင့်သာ၊ ခုချိန်ခါဝယ်
  ညီညာဝိုင်းပတ်၊ ပျံရေးတတ်နှင့်
  ပျံတတ်မှန်စွာ၊ ပျံနေပါမူ
  ကဗျာငှက်ကလေး ထိုပျံရေး
  မြင်ရသူတို့ ဘဝင်အေး။
- ဒီမိုကရေစီ၊
  ဝေစည်နိုင်ရေး၊ ထိုအတွေးနှင့်
  ဆိုရေးခွင့်သာ၊ ပျံခွင့်သာ၍
  ထင်သာမြင်သာ၊ ခုချိန်ခါဝယ်
  ပြည်ရွာကောင်းကျိုး၊ ကျင့်စဉ်မျိုးနှင့်
  အမျိုးဘာသာ၊ သာသနာလည်း
  ရောင်ဝါနေသို့၊ လင်းစေဖို့လျှင်
  မချို့ရေးရှု၊ မြတ်ကောင်းမှုနှင့်
  ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဘဝ
  ပြည်သူ့ဒေသ၊ ပြည်သူ့အလှ
  တွက်ဆဖြည့်ဆည်း၊ ပုံမှန်နည်းနှင့်
  စည်းမှန်စွာ သေအချာပင်
  ကဗျာငှက်ကလေး ဆိုတေးဖွဲ့
  ပျံဖြစ်အောင်သာ ပျံပါကွဲ့ ။ ။

မိုလေးလုံးသောင်းကိုကို

တတိယအကြိမ် ဝဿန်ရုပ်ရှင်ပွဲတော်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

တတိယအကြိမ်မြောက် ဝဿန်ရုပ်ရှင်ပွဲတော်ကို ဝဇီရာရုပ်ရှင်ရုံ၌ စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဟုသိရသည်။

ပွဲတော်အတွင်း၌ ပြိုင်ပွဲဝင်ရုပ်ရှင်များ၊ အခြားရွေးချယ်ထားသော ရုပ်ရှင်ကားများကို ပြသမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်နှင့် အနုပညာနယ်ပယ်အသီးသီးမှ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများ၊ ဗဟုသုတများနှင့် ထင်မြင်ယူဆချက်များကို နှီးနှောဖလှယ်ကြမည်ဟု သိရှိရသည်။ တစ်ဆက်တည်းမှာပင် ဖိတ်ကြားထားသော ပြည်တွင်း ပြည်ပမှ အနုပညာရှင်များက ရုပ်ရှင်နှင့်ပတ်သက်သော ဆွေးနွေးပွဲများကိုလည်း တစ်ပြိုင်တည်းကျင်းပ၍ ဇာတ်ကားတစ်ကားပြီးလျှင် ရုပ်ရှင်ကြည့်ပရိသတ်များကလည်း ဝေဖန်အကြံပြုကာ သိလိုသည်များကို မေးမြန်းနိုင်မည်ဖြစ်သည်။

ပွဲပြသချိန်မှာ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိနှင့် ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ စီစဉ်ထားပြီး အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ **ခင်ချိုဝင်း(သတင်းစဉ်)**

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း သြစတြေးလျနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၄

စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ "The University of SYDNEY"ကို လေ့လာရန်နှင့် အမျိုးသမီးများ တိုးတက်ရေးကဏ္ဍအတွက် နားလည်မှုစာချွန်လွှာရေးထိုးရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နာယက အကြံပေး ဒေါ်ရီရီမြင့်နှင့် အတွင်းရေးမှူး ဒေါ်နှင်းဝေတို့သည် စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် သြစတြေးလျနိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားရမည်

နေပြည်တော် စက်တင်ဘာ ၄

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင်ရောက်ရှိနေသော လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမြင့်အောင်၊ ဦးဝင်းထွန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၉ နာရီက ဆားလင်းကြီးမြို့နယ် ရွာရှည်ကျေးရွာအုပ်စု ကူးတို့ကုန်းကျေးရွာ ၁၆ ကေဗွီအေ ထရန်စဖော်မာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် နိုင်ငံတော်အစိုးရ၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်နှင့် မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်တို့မှ စုစုပေါင်းကုန်ကျငွေကျပ် ၃၇၇ သိန်းဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ ၉၃အိမ်၊ အိမ်ထောင်စု ၉၇ စုတို့အတွက် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဝက်မွေး-ကန်တောကျေးရွာသစ်တွင် ဆောက်လုပ်လျက်ရှိသည့် မူလတန်းကြိုကျောင်း တည်ဆောက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လက်ပံတောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာအဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး လက်ပံတောင်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည့် လက်ပံတောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်များမှ ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် ကောင်းကျိုး ဆိုးပြစ်တို့ကို ဝေဖန်သုံးသပ်သင်ခန်းစာများရယူပြီး ကောင်းကျိုးများရရှိရန် လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကောင်းကျိုးများဆောင်ရွက်လျှင် ကောင်းမှုကုသိုလ်များ ခံစားရမည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့်ပြုပြင်ပြောင်းလဲရေးမူဝါဒများဖြင့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ မကောင်းမှုဟူသမျှ ရှောင်ကြဉ်ပြီး ကောင်းမှုမှန်သမျှကို လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတကာနှင့် စာချုပ်ချုပ်ဆိုပြီး ကတိကဝတ်များနှင့် ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည့်အတွက် ကတိတည်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းစစ်ဆေးပြီး တိုင်းပြည်အတွက် အကျိုးရှိစေရန် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာပါအတိုင်း မိမိတို့ပြည်သူများ နစ်နာမှုမရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စီမံကိန်း၏ သဘောသဘာဝသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ဖွဲ့တည်းအတွက် မဟုတ်ဘဲ သက်ဆိုင်ရာကဏ္ဍများအလိုက် မိမိတို့ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး (CSD)လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် စီမံကိန်း၏အကျိုးအမြတ်မှ နှစ်စဉ် နှစ်ရာခိုင်နှုန်း ရရှိအကောင်အထည်ဖော် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပုံမှန်အတိုင်းသွားပါက မိမိတို့ ခေတ်နောက်ကျကျန်ခဲ့မည်ဖြစ်ပြီး မိမိတို့တွင်ရှိသည့် သဘာဝသယံဇာတများကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရန် ပတ်ဝန်းကျင်နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဆိုလျှင် အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ သားစဉ်မြေးဆက် မိမိတို့ဒေသများ သာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပြီး ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌက လက်ပံတောင်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအား အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးရွာ၏စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် အားရစရာပင်ဖြစ်ကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် အမျိုးသားအကျိုးစီးပွားအတွက် မဖြစ်မနေဖော်ဆောင်ရမည့် စံနမူနာပြစီမံကိန်းကြီးဖြစ်ပါကြောင်း၊ ခံစားချက်အမျိုးမျိုးရှိကြမည်ဖြစ်သော်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တူညီသည့် ခံစားချက်များကိုပူးပေါင်းပြီး ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူဗဟိုပြု ပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်သည့် စနစ်ဖြစ်သည့်အတွက် မိမိတို့အားလုံး လက်တွဲညီညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသအတွင်းဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြဆွေးနွေးရာ ကော်မတီဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့က အလှူငွေများနှင့် ခေါက်ဆွဲခြောက်ထုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆည်တည်း- ဇီးတောကျေးရွာသစ်ရှိ ဒေသခံပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကော်မတီ၏ ဆက်ဆံရေးရုံးသို့ ရောက်ရှိပြီး ဆည်တည်း-ဇီးတောကျေးရွာသစ်ရှိ မူလတန်းကြိုကျောင်းဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆည်တည်း-ဇီးတောကျေးရွာသစ်ရှိ အောင်မြေမြင့်သာကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဝင်းဓမ္မာရုံ၌ကျင်းပသည့် ပတ်ဝန်းကျင်ကျေးရွာများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသသည် အဓိကအားဖြင့် ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာ ၂၆ ရွာရှိသော်လည်း ဆက်စပ်လျက်ရှိသည့် ကျေးရွာများနှင့် ပေါင်းလျှင် ၃၃ ရွာရှိပါကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုအကျိုးစီးပွားတာဝန်ယူမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာဒေသခံကိုယ်စားလှယ်ပြည်သူများနှင့် စုံညီစွာတွေ့ဆုံရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ညီအစ်ကိုမောင်နှမများ အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများကို လေ့လာကြည့်လျှင် စည်းလုံးညီညွတ်စွာ လုပ်ဆောင်နေမှုများကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ကောင်းခြင်းဆိုးခြင်းများသည် အမြဲဒွန်တွဲလျက်ရှိနေသည့်အတွက် ကောင်းခြင်းများကို တစိုက်မတ်မတ်ဆောင်ရွက်သွားပါက ဆိုးကျိုးများ တဖြည်းဖြည်းလျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း။

ကောင်းခြင်းဆိုးခြင်းများကို ဝေဖန်ပိုင်းခြားခွဲခြားသိမြင်တတ်ရန်လိုအပ်ပြီး ပြုပြင်ပြောင်းလဲရေးများကို ပါးစပ်ကပြောနေရုံဖြင့်မပြီးဘဲ ကိုယ်ကျိုးအတ္တများကို လျှော့ချပြီး မိမိတို့ စိတ်နှလုံးအတွင်းမှ စိတ်ရောကိုယ်ပါ ပေါင်းစပ်ဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ စနစ်တစ်ခုနှင့်တစ်ခု အပြောင်းအလဲ၏ အားနည်းချက်များကို သင်ခန်းစာရယူပြီး စိတ်ကောင်းစေတနာကောင်းများဖြင့် ဦးဆောင်လုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ပံတောင်းစာချုပ်အတွက်ကို ထပ်မံပြင်ဆင်ချုပ်ဆိုခဲ့ပြီး စီမံကိန်းနှင့်အတူ ပတ်ဝန်းကျင်ဒေသ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တစ်နှစ်လျှင် ဒေါ်လာနှစ်သန်းဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်ရန် ပြည်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ဆက်ဆံရေးရုံးတွင် မိမိတို့၏ အခတ်အခဲများကို ပွင့်လင်းစွာ ဆွေးနွေးနိုင်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်စေလိုပါကြောင်း၊ စေတနာကို တုံ့ပြန်လျှင် စေတနာရောင်ပြန်ဟပ်ပါကြောင်း၊ မိမိတို့အချင်းချင်းကြားလေသွေး၍ မဝေးစေဘဲ ညီညီညွတ်ညွတ် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဖြင့် ဝိုင်းဝန်းပူးပေါင်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးသာအေးက ဆက်ဆံရေးရုံးများဖွင့်လှစ်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရန် အရှိန်အဟုန်ရရှိနေပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏လိုလားချက်၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးမှသည် တိုင်းပြည်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်တူညီစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြင့်အောင်နှင့် ဦးဝင်းထွန်းတို့ကလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို အသေးစိတ်လေ့လာဆန်းစစ်ခြင်း (EIA)၊ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုဆန်းစစ်ခြင်း (SIA)၊ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှု (CSR) လုပ်ငန်းကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ဝိုင်းဝန်းပူးပေါင်းပြီး လက်တွေ့အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေရုံမျှမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက်ပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ လူတိုင်းရရှိသင့်သည့် အခွင့်အရေးအတွက် စနစ်တကျပြောဆိုဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီး မှန်ကန်စွာ အသုံးချတတ်ရန် လိုအပ်ပါကြောင်း၊ အောက်ခြေကစပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် မျှမျှတတဆောင်ရွက်ပေးပြီး ပြည်သူအများသိရှိနားလည်အောင် ရှင်းလင်းပြောကြားဆောင်ရွက်ရန်၊ မျှတသည့်စိတ်ဖြင့် ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆက်ဆံကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကံကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်နှင့် ချင်းတွင်းမြန်မာကုမ္ပဏီတို့ ကံကုန်းတိုက်နယ်ဆေးရုံတည်ဆောက်ခြင်း ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၄

ညသန်းခေါင်ယံ ယာဉ်ငယ်တစ်စီး ပက်လက်လန် တိမ်းမှောက်

ရန်ကုန်မြို့အတွင်း မြေနီကုန်းမှ ဗဟိုလမ်းဘက်သို့ ဗားကရာလမ်းမကြီးအတိုင်း မောင်းနှင်လာသော ၅က/. . . ကိုရိုလာအဖြူရောင် ကိုယ်ပိုင်ယာဉ်တစ်စီးမှာ စက်တင်ဘာ ၃ ရက်ည ၁၁ နာရီ မိနစ် ၄၀ ခန့်က ကျွန်းတောလမ်းထိပ် အရောက်၌ လမ်းဖြတ်ကူးသူတစ်ဦးကို ရှောင်တိမ်းရာမှ စလစ်ဖြစ်ပြီး လမ်းလယ်ကျွန်းပေါ်၌ ပက်လက်အနေအထားဖြင့် တိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးရန်(၄၆)နှစ်မှာ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။ တိမ်းမှောက်သွားသော ယာဉ်ကို ည ၁ နာရီကျော်တွင် ကရိန်းကားဖြင့် သယ်ယူသွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ဘော်ဂါသွေး)**

မြို့တွင်း တစ်နာရီ မိုင် ၃၀ ထက် ပိုမမောင်းရ

☆ ပြည်သူနှင့် တပ်မတော်မှ

ပြည်သူက တပ်မတော်အပေါ် ယုံကြည်အားကိုးမှုရှိခြင်း
မွန်မြတ်သော အစဉ်အလာပင်ဖြစ်ကြောင်း၊ ပြည်သူနှင့်
တည်းရှိမှသာ နိုင်ငံရေး၊ လူမျိုးရေးကွဲပြားမှုများအကင်း
စည်းလုံးညီညွတ်မှု ရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတေ
အား မှန်မှန်ကန်ကန် သိရှိရန်အတွက် လေ့လာသွား
သမိုင်းဖြစ်ရပ်မှန်အားမသိပါက သွေးထိုးမှု၊ သွေး
ခံရနိုင်ကြောင်း၊ သမိုင်းကို အမှန်အတိုင်းသိအောင်လု
ဖော်ထုတ်၍ မဖြစ်သင့်သည်များ ထပ်မံမဖြစ်ပွား
တပ်မတော် တစ်သားတည်းရှိကာ ထိန်းသိမ်းကာကွယ်
ပါတီစုံဒီမိုကရေစီစနစ်တွင် တပ်မတော်သည် ပြည်သူနှင့်
ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြော
ညီညွတ်ပြီး အေးချမ်းသောနိုင်ငံတစ်နိုင်ငံဖြစ်စေရေး
ရှိသောသူများမှ တိုင်းပြည်၏အနာဂတ်ကောင်းမွန်အော
သွားကြစေလိုကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊
များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်ပူး
တိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ပေ
ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။
တွေ့ဆုံပွဲများတွင် တပ်မတော်ကာကွယ်ရေးဦးစီ
တပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများကို လက်ခ
သည်။
အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏
တပ်ရင်းများနှင့်တပ်နယ်အတွက် မိခင်နှင့်ကလေးရန်ပုံငွေ
ထို့အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း)၊ ရေ
လှဧေဝင်းက ကျောင်းသုံးဗလာစာအုပ်များနှင့် စစ်ရေးချ
ခင်ဇော်ဦးက အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြ

**အမှတ်(၁) ရွာမကွေ့ ဘုရင့်နောင်လမ်းမ
လှိုင်မြို့နယ်နေ ဦးဇော်ဇော်၏ မွေးနေ့အလှူအဖြ
မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထ
ပင်အဖြစ် အလှူငွေကျပ် ၄၇ သိန်းလှူဒါန်းရာ ဆေး
ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

❖ လောင်စာဆီမှ

"စက်ရုံ၊ အလုပ်ရုံတွေမှာ သုံးတဲ့နံပါတ်အနက်ကား
အနက်ကားတွေ၊ အိမ်စီးဇိမ်ခံကားတွေ ပါဝင်မှာဖြစ်ပါ
တောင်ဘက်ခြမ်းဖြစ်တဲ့ လှိုင်သာယာ၊ ရွှေပြည်သာမပါ
ဂိတ်မပါဘူး၊ သာကေတ၊ ဒေါပုံပါတယ်၊ ငမိုးရိပ်ချေ
မြောက်ဒဂုံ၊ တောင်ဒဂုံ၊ ဒဂုံအရှေ့နဲ့ ဒဂုံဆိပ်ကမ်းမပါ
စီးလို့ရတယ် ဆိုပေမယ့် ပိတ်တဲ့နေရာကိုလာလို့မရဘူး၊
ပိုစတာတွေနဲ့ ဟောပြောပွဲတွေကိုလည်း လုပ်ဆောင်
ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး
အောက်တွင် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီငါးခု
ပေးမှုနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ
ရှင်းပြသည်။
ထိုသို့နံပါတ်အနက်တပ်ဆင်သော ကိုယ်ပိုင်ယာ
သွားမည် ဖြစ်သော်လည်း နံပါတ်အနီရောင်တပ်ထားသေ
လုပ်ဆောင်နေသည့် အများပြည်သူသုံးစွဲသော ယာ
နံပါတ်တပ်ဆင်ထားသည့် သာသနာရေးလိုင်စင်ဖြင့် ယ
နံပါတ်များတပ်ထားသည့် သံရုံးယာဉ်နှင့် ကုလသ
ယာဉ်များ၊ အပြာရောင်နံပါတ်များတပ်ဆင်ထားသည့်
ဧည့်သည်များ စီးနင်းသည့်ယာဉ်များကို သွားလာခွင့်
"ဒါက စမ်းသပ်တဲ့အနေနဲ့ လုပ်သွားတာ။ တိုင်းဒေ
သတင်းထုတ်ပြန်ခွင့်ပြုလိုက်ပြီ။ အဲဒီနေ့က တနင်္ဂနွေနေ့
လုပ်ရကိုင်ရတာ အဆင်ပြေမှုရှိနိုင်ပါတယ်။ တစ်နေ
လောက်ပဲ အသုံးပြုလုပ်ဆောင်တာပဲဖြစ်ပါတယ်"ဟု ၎င်း
ထိုသို့လုပ်ဆောင်ခြင်းကို လိုက်နာမှုမရှိသည့် ယ
ဖမ်းဆီးသောနည်းဖြင့်လည်း ကြပ်မတ်သွားရန်ရှိ
အဆိုပါမော်တော်ယာဉ်သုံးစွဲခြင်းကို ကန့်သတ်သောအ
သော နှစ် ၅၀ လောက်ကတည်းက တပ်မတော်ယာဉ်မျာ
လုပ်ဆောင်ခဲ့ခြင်းများရှိပြီး ဌာနဆိုင်ရာယာဉ်များတွင်
နှစ်ကြိမ်နှုန်း တနင်္ဂနွေနေ့များ၌ ယာဉ်မသုံးစွဲရနေ့
နေမှုများရှိကြောင်း သိရသည်။
အဆိုပါ Car Free Day ကို ရန်ကုန်တိုင်းဒေ
ခွင့်ပြုချက်ဖြင့် လုပ်ဆောင်သွားခြင်းဖြစ်ပြီး လိုအပ်သည
မှုများကိုလည်း လုပ်ဆောင်နေကြောင်း သိရသည်။

မည်

✰ ပြည်သူနှင့် တပ်မတော်မှ

ပြည်သူက တပ်မတော်အပေါ် ယုံကြည်အားကိုးမှုရှိခြင်းသည် တပ်မတော်၏ မွန်မြတ်သော အစဉ်အလာပင်ဖြစ်ကြောင်း၊ ပြည်သူနှင့်တပ်မတော် တစ်သားတည်းရှိမှသာ နိုင်ငံရေး၊ လူမျိုးရေးကွဲပြားမှုများအကင်းသေ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းအား မှန်မှန်ကန်ကန် သိရှိရန်အတွက် လေ့လာသွားကြစေလိုကြောင်း။

သမိုင်းဖြစ်ရပ်မှန်အားမသိပါက သွေးထိုးမှု၊ သွေးဆောင်မှု၊ စည်းရုံးမှုကို ခံရနိုင်ကြောင်း၊ သမိုင်းကို အမှန်အတိုင်းသိအောင်လုပ်သလို သင်ခန်းစာဖော်ထုတ်၍ မဖြစ်သင့်သည်များ ထပ်မံမဖြစ်ပွားအောင် ပြည်သူနှင့်တပ်မတော် တစ်သားတည်းရှိကာ ထိန်းသိမ်းကာကွယ်သွားရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် တပ်မတော်သည် ပြည်သူနှင့်ပူးပေါင်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံအား စုစည်းညီညွတ်ပြီး အေးချမ်းသောနိုင်ငံတစ်နိုင်ငံဖြစ်စေရေး ယနေ့ခေတ်ကာလတွင်ရှိသောသူများမှ တိုင်းပြည်၏အနာဂတ်ကောင်းမွန်အောင် ကြိုးစားလုပ်ဆောင်သွားကြစေလိုကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ပေးသွားကြရမည် ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်ရင်း၊ တပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများကို လက်ဆောင်အဖြစ်ပေးအပ်ခဲ့သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်ရင်းများနှင့်တပ်နယ်အတွက် မိခင်နှင့်ကလေးရန်ပုံငွေများ ပေးအပ်ခဲ့သည်။

ထို့အတူ ညီနွံ့ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းက ကျောင်းသုံးဗလာစာအုပ်များနှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။ (သတင်းစဉ်)



အမှတ်(၁) ရွာမကွေ့ ဘုရင့်နောင်လမ်းမကြီး (၂)ရပ်ကွက် လှိုင်မြို့နယ်နေ ဦးဇော်ဇော်၏ မွေးနေ့အလှူအဖြစ် ရေဝတီဘဏ်မိသားစုက ဗီဇီတခါနှယ်ယာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အဖြစ် အလှူငွေကျပ် ၆၇ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ကြေးမုံ)

❖ လောင်စာဆီမှ

"စက်ရုံ၊ အလုပ်ရုံတွေမှာ သုံးတဲ့နံပါတ်အနက်ကားတွေ၊ စက်မှုဇုန်နံပါတ်အနက်ကားတွေ၊ အိမ်စီးဖြိမ်ခံကားတွေ ပါဝင်မှာဖြစ်ပါတယ်၊ ရန်ကုန်မြစ်ရဲ့တောင်ဘက်ခြမ်းဖြစ်တဲ့ လှိုင်သာယာ၊ ရွှေပြည်သာမပါဘူး၊ အဝေးပြေးကားဂိတ်မပါဘူး။ သာကေတ၊ ဒေါပုံပါတယ်။ ဗိုးရိုပ်ချောင်းရဲ့အရှေ့ခြမ်းကမြောက်ဒဂုံ၊ တောင်ဒဂုံ၊ ဒဂုံအရှေ့နဲ့ ဒဂုံဆိပ်ကမ်းမပါဘူး၊ သူတို့နေရာထဲမှာ စီးလို့ရတယ် ဆိုပေမယ့် ပိတ်တဲ့နေရာကိုလာလို့မရဘူး၊ လက်ကမ်းစာရွက်တွေ၊ ပိုစတာတွေနဲ့ ဟောပြောပွဲတွေကိုလည်း လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအောက်တွင် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီငါးခုအနက်မှ အသိပညာပေးမှုနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ရှင်းပြသည်။

ထို့နှင့်ပါတ်အနက်တပ်ဆင်သော ကိုယ်ပိုင်ယာဉ်များကို ကန့်သတ်သွားမည် ဖြစ်သော်လည်း နံပါတ်အနီရောင်တပ်ထားသော အငှားလိုင်စင်ဖြင့် လုပ်ဆောင်နေသည့် အများပြည်သူသုံးစွဲသော ယာဉ်များ၊ အဝါရောင်နံပါတ်တပ်ဆင်ထားသည့် သာသနာရေးလိုင်စင်ဖြင့် ယာဉ်များ၊ အဖြူရောင်နံပါတ်များတပ်ထားသည့် သံရုံးယာဉ်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းသုံးယာဉ်များ၊ အပြာရောင်နံပါတ်များတပ်ဆင်ထားသည့် ကမ္ဘာ့လှည့်ခရီးသွားဧည့်သည်များ စီးနင်းသည့်ယာဉ်များကို သွားလာခွင့်ပြုသွားမည်ဖြစ်သည်။

"ဒါက စမ်းသပ်တဲ့အနေနဲ့ လုပ်သွားတာ။ တိုင်းဒေသကြီးဝန်ကြီးကတော့ သတင်းထုတ်ပြန်ခွင့်ပြုလိုက်ပြီ။ အဲဒီနေ့က တနင်္ဂနွေနေ့ဖြစ်တာကြောင့်လည်း လုပ်ရကိုင်ရတာ အဆင်ပြေမှုရှိနိုင်ပါတယ်။ တစ်နေ့တာရဲ့ သုံးပုံတစ်ပုံလောက်ပဲ အသုံးပြုလုပ်ဆောင်တာပဲဖြစ်ပါတယ်"ဟု ၎င်းကပြောကြား ရှင်းပြသည်။

ထိုသို့လုပ်ဆောင်ခြင်းကို လိုက်နာမှုမရှိသည့် ယာဉ်များကို မှတ်သားဖမ်းဆီးသောနည်းဖြင့်လည်း ကြပ်မတ်သွားရန်ရှိကြောင်း သိရသည်။ အဆိုပါစမ်းသပ်ကော်ယာဉ်သုံးစွဲခြင်းကို ကန့်သတ်သောအစီအစဉ်သည် လွန်ခဲ့သော နှစ် ၅၀ လောက်ကတည်းက တပ်မတော်ယာဉ်များ၌ Dry Day အဖြစ်လုပ်ဆောင်ခဲ့ခြင်းများရှိပြီး ဌာနဆိုင်ရာယာဉ်များတွင်လည်း တစ်လလျှင်နှစ်ကြိမ်နှုန်း တနင်္ဂနွေနေ့များ၌ ယာဉ်မသုံးစွဲရနေ့အဖြစ် ဆောင်ရွက်နေမှုများရှိကြောင်း သိရသည်။

အဆိုပါ Car Free Day ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လုပ်ဆောင်သွားခြင်းဖြစ်ပြီး လိုအပ်သည့်ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်နေကြောင်း သိရသည်။

မြန်မာစွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)၊ မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုစင်တာနှင့် မလေးရှားနိုင်ငံမှ confexhub စီမံခန့်ခွဲရေးကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော မြန်မာစွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲပွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ မလေးရှား confexhub ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Dr.Abdul Aziz S.A Kadir နှင့် UMFCCI မှ ဒေါက်တာမျိုးသက်တို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး Dr.Ahmad fisial Muhamad၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်စွမ်းအားနှင့် စက်မှုဝန်ကြီး ဦးစောမြသိန်း၊ စွမ်းအင်ကဏ္ဍနှင့် သက်ဆိုင်သော အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ အမှုဆောင်အရာရှိချုပ်များနှင့် အတိုင်ပင်ခံကုမ္ပဏီများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာ သုတေသီများ တက်ရောက်ခဲ့ကာ စွမ်းအင်ကဏ္ဍနှင့် ဆက်စပ်သော ပြည်တွင်း ပြည်ပကုမ္ပဏီများမှ စွမ်းအင်လုပ်ငန်းဆိုင်ရာပြခန်းများဖြင့် မိတ်ဆက်ရှင်းလင်းကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော စွမ်းအင်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လုံခြုံစိတ်ချရမှု၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များ၊ လုံလောက်သော စွမ်းအင်ထောက်ပံ့ပေးခြင်းနှင့် လူမှုစီးပွားအကျိုးသက်ရောက်မှုများ၊ မြန်မာ့စွမ်းအင်ကဏ္ဍ အနာဂတ်နှင့် စဉ်ဆက်မပြတ်ထုတ်ယူရရှိနိုင်သော လျှပ်စစ်စွမ်းအင်အရင်းအမြစ်များ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (စံကားဝါ)

မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်သူများအား အထူးစစ်ဆင်ရေးဖြင့် စစ်ဆေးဖမ်းဆီး

နေပြည်တော် စက်တင်ဘာ ၄

မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်နေသူများအား မလေးရှားအာဏာပိုင်များက စက်တင်ဘာ ၁ ရက်မှစတင်၍ "Ops Bersepadu 6p" ခေါ် အထူးစီမံချက်ဖြင့် နိုင်ငံတစ်ဝန်းရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ စစ်ဆင်ရေးအကြိမ်(၄၀)ဖြင့် လူ ၈၁၀၀ အား စစ်ဆေးခဲ့သည့်အနက် ၂၆၀၀ အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများတွင် အများဆုံးမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ပြီး ၇၁၇ ဦးဖြစ်သည်။ မြန်မာနိုင်ငံသား ၅၅၅ ဦး၊ ဘင်္ဂလားဒေ့ရှ် ၃၈၇ ဦး၊ နီပေါ ၂၂၉ ဦးနှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တရုတ်၊ နိုင်ဂျီးရီးယားနှင့် ထိုင်းနိုင်ငံတို့မှ အနည်းငယ်စီပါဝင်ကြသည်။

မလေးရှားနိုင်ငံအနေဖြင့် အလုပ်လုပ်ကိုင်ခွင့် ပါမစ်များအား နိုင်ငံတကာစံနှုန်းအတိုင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ စံနှုန်းများနှင့်အညီ ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်ခရေမွေးစေရန် သက်ဆိုင်ရာ နိုင်ငံခြားသံရုံး/အဖွဲ့ရုံးများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အလုပ်လုပ်ခွင့် ပါမစ်များ လျှောက်ထားရာတွင် စည်းမျဉ်းများနှင့်အညီ တရားဝင်လမ်းကြောင်းမှဆောင်ရွက်လျှင် ပါမစ်များ ရရှိရန်အာမခံကြောင်း၊ လျှောက်လွှာများအား 6p One- Stop Processing Centre များသို့တိုက်ရိုက်တင်သွင်းရန်၊ စည်းကမ်းများအား ချိုးဖောက်ခြင်းမပြုရန်နှင့် ကြားခံလူများမှတစ်ဆင့် ဆောင်ရွက်ခြင်းမပြုရန် တိုက်တွန်းကြောင်းဖြင့် မလေးရှားပြည်ထဲရေးဝန်ကြီး Datuk Seri Dr. Ahmad Zahid Hamidid က ပြောကြားခဲ့သည်။

ယခုပြုလုပ်သည့် စစ်ဆင်ရေးများကို ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ စီးပွားရေးအချက်အချာနေရာများ၊ ကုန်တိုက်များ၊ အိမ်ဆိုင်များနှင့် ပိုဆောင်ရေးဂိတ်များတွင် အဓိကပြုလုပ်ခဲ့ကြောင်း၊ ယခုစစ်ဆင်ရေးမှာ ပထမအဆင့်(First Phase) ဖြစ်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်း "Ops Bersepadu 6p" ခေါ် စစ်ဆင်ရေးအထူးစီမံချက်သည် ၂၀၁၁ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သည့် တရားမဝင် လာရောက်သူများအား အလုံးစုံနေရာချထားရန်အတွက် အစီအစဉ်ဖြစ်သည့် " 6p (Legal Immigrant Comprehensive Settlement Programme)" အရ မှတ်ပုံတင်ထားခဲ့သော်လည်း တရားဝင်ဖြစ်ရေး၊ ဆန္ဒအလျောက် နိုင်ငံမှ ပြန်လည်ထွက်ခွာရေးတို့အတွက် နောက်ထပ် ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းစဉ်များအတွက် အာဏာပိုင်များထံလာရောက်ဆက်သွယ်ခြင်းမပြုဘဲ တိမ်းရှောင်နေသူများအား နှိမ်နင်းရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ 6p အစီအစဉ်သည် ၂၀၁၁ ခုနှစ်အောက်တိုဘာလတွင် ပြီးဆုံးခဲ့ရာ ထိုစဉ်က သက်သေခံ အထောက်အထား စာရွက်စာတမ်းမရှိသော နိုင်ငံခြားသား နှစ်သန်းခန့်ရှိသည့်အနက် ၁ ဒသမ ၃ သန်းခန့်ကို လူဝင်မှုကြီးကြပ်ရေးဌာနတွင် မှတ်ပုံတင်နိုင်ခဲ့ကြောင်း၊ ထိုသို့မှတ်ပုံတင်ထားသူများအနက် တရားဝင်ဖြစ်ရန် လျှောက်ထားခဲ့သူ ငါးသိန်းခန့်ကို စိစစ်ခွင့်ပြုခဲ့ပြီး ၃ ဒသမ ၃ သိန်းကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

ယခု မလေးရှားနိုင်ငံတစ်ဝန်းတွင် ပြုလုပ်ခဲ့သည့် "Ops Bersepadu 6p" ခေါ် စစ်ဆင်ရေးများမှာ မြန်မာနိုင်ငံသားများကိုသာ ဦးတည်ဆောင်ရွက်သည့် ဆောင်ရွက်ချက်မဟုတ်ဘဲ ၂၀၁၁ တွင် ပြုလုပ်ခဲ့သည့် 6p အစီအစဉ်စီမံချက်နောက်ပိုင်းတွင် တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသားများအားလုံးကို စိစစ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းသာဖြစ်ကြောင်း သိရသည်။

ယခု "Ops Bersepadu 6p" ခေါ် စစ်ဆင်ရေးများတွင် ဖမ်းဆီးခံရသော မြန်မာနိုင်ငံသားဆိုသူများအား နိုင်ငံသားဖြစ်မှုစိစစ်ခြင်းကို မြန်မာသံရုံးမှတစ်ဆင့် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ကနဦး ညှိနှိုင်းဆောင်ရွက်၍ မြန်မာနိုင်ငံသားဖြစ်ကြောင်းစိစစ်တွေ့ရှိရသူများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ဝတ္ထုတို၊ ကဗျာ၊ ပိုစတာပြိုင်

ပဲခူး စက်တင်ဘာ ၄

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဝတ္ထုတို/ရှည်၊ စာစီစာကုံး၊ ဓာတ်ပုံပြိုင်ပွဲဝင် လက်ရာများ စိစစ်ရွေးချယ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ရဲရိပ်သာ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးရေးဥက္ကဋ္ဌ ဦးမောင်မောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသော လက်ရာစိစစ်ရေးကော်မတီဝင်များ၊ ပညာရှင်များက မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အလွတ်တန်းမှ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံး၊ ဝတ္ထုတို/ရှည်၊ ဓာတ်ပုံများကို အဆင့်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်စိစစ် အတည်ပြုပြီး နှေလယ်စာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (ဌေးနိုင်-ပဲခူး)

တစ်စီး

က်



(ဘော်ဂါသွေး)

သဃ်န်းကျွန်း စံပြဆေးရုံ ဆရာဝန်လိုင်းတွင် ဆရာဝန်တစ်ဦး သေဆုံး

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စံပြဆေးရုံ ဆရာဝန်လိုင်းတွင် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ဆရာဝန်တစ်ဦးသေဆုံးနေကြောင်း သတင်းအရ ဒုရဲမှူး သိန်းဟန်(စခမှူး)သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဒေါက်တာနိုင်လင်း (၄၀)နှစ် ခွဲစိတ်ဆရာဝန်ဖြစ်ပြီး ဆရာဝန်လိုင်းခန်းနေအိမ် အိပ်ခန်းခုတင် ဘေးကြမ်းပြင်ပေါ်၌ ဝဲလက်ကောက်ဝတ်နေရာတွင် ဆေးထိုးပိုက်တပ်လျက် အနေအထားဖြင့် ပြင်ပဒဏ်ရာမတွေ့ရဘဲ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ၎င်း၏ဇနီးဖြစ်သူ မနှင်းနှင်းသောင်းအား စစ်ဆေးရာ အခင်းဖြစ်ပွားသည့် နံနက်ပိုင်းက မော်တော်ကားပျက်သည့်ကိစ္စနှင့် ပတ်သက်၍ လင်မယားချင်း စကားများပြီး နံနက် ၈ နာရီတွင် ဇနီးဖြစ်သူက အနီးရှိကျိုက္ကဆံဘုရားသို့ ထွက်သွားခဲ့ကြောင်း၊ ၈ နာရီ မိနစ် ၂၀ တွင် နေအိမ်သို့ ပြန်လည်ရောက်ရှိစဉ် ခင်ပွန်း ဒေါက်တာနိုင်လင်း သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း သိရှိရ၍ အလောင်းအား မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ရာ (PR-၂၀)ဖြင့် လက်ခံထားရှိပြီး မမှုတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် သဃ်န်းကျွန်းမြို့နယ် ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁၇/၂၀၁၃ ဖြင့် အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ (၃၁)

❍ ကျောဖုံးမှ

မဆင်မခြင် မောင်းမှုနှစ်မှု၊ မူးယစ်မောင်းနှင်မှုတစ်မှု၊ ယာဉ်ပေါ်မှ ကွမ်းတံတွေးထွေးမှု တစ်မှု စသည်ဖြင့် ပါဝင်နေခြင်းဖြစ်ကြောင်း မထသ(ဗဟို)ရှိစာရင်းများအရ သိရသည်။

ထိုရှစ်လတာကာလတွင် ဩဂုတ်လသည် ၄၆ မှုဖြင့် အများဆုံးတိုင်ကြားလာကြခြင်းဖြစ်ပြီး ဇူလိုင်လသည် ၃၁ မှုဖြင့် ဒုတိယအများဆုံး တိုင်ကြားကြောင်း သိရသည်။ (ထက်ခိုင်-စမ်းချောင်း)

ရေဆင်းကူးသည့်ကလေး ရေနစ်သေဆုံး

ရန်ကုန် စက်တင်ဘာ ၄

သူငယ်ချင်းများနှင့်အတူ ရေဆင်းကူးသော ကလေးတစ်ဦးရေနစ်သေဆုံးသွားသည့်ဖြစ်ရပ်တစ်ခု ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တိုက်ကြီးမြို့နယ် အုတ်ပုံရပ်ကွက်ရှိ အကျယ်ပေ ၄၀၀၊ အနက် ၁၈ ပေခန့်ရှိသော အုတ်ကျင်း ရေကန်အဟောင်းတွင် ကလေးတစ်ဦးသည် သူငယ်ချင်းများနှင့် ရေဆင်းကူးရာမှ မွန်းလွဲ ၁၂ နာရီကျော်ခန့်တွင် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံးသူမှာ ဆဋ္ဌမတန်းကျောင်းသား မောင်အောင်ခန့်ကျော် အသက်(၁၂)နှစ်ဖြစ်ပြီး ယင်းဖြစ်စဉ်အတွက် တိုက်ကြီးမြို့မရဲစခန်းက သေမှုသေခင်းအမှတ် ၁၉/၂၀၁၃ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

စောင့်ကြည့် ကြပ်မတ်သင့်

ယခုလို အဖြစ်မျိုးမကြာခဏတွေ့ရလေ့ရှိ၍ မိုးရာသီကာလတွင် ရေတွင်း၊ ရေကန်များ၌ ရေပြည့်နေချိန်တွင် သူငယ်ချင်းများနှင့် ရေကူးဆော့ကစားခြင်းများကို မိဘများက လျစ်လျူရှုခွင့်မပြုခြင်းမျိုးမလုပ်ဘဲ မျက်စိအောက်တွင် စောင့်ကြည့်ကြပ်မတ်သင့်ကြောင်း သိရသည်။ (မေဂ)

ရှေ့ယာဉ်ကိုကျော်တက်ခြင်း၊ အတွင်းယာဉ်ကြောသို့ပြန်ဝင်ခြင်း

သန်းထွန်း
(ဆောက်လုပ်ရေး/လမ်း)

လမ်းအခေါ်အဝေါ်အရ မျက်နှာချင်းဆိုင်ယာဉ်ကြောနှင့် ကပ်လျက်ရှိသောယာဉ်ကြော(သို့မဟုတ်) လမ်း မျက်နှာပြင်ဗဟိုမျဉ်းနှင့် ကပ်လျက်ရှိသောယာဉ်ကြော (သို့မဟုတ်) လက်ယာကပ်မောင်းစနစ်တွင် ဘယ်ဘက်ဆုံး၌ လမ်းဗဟိုနှင့် ကပ်လျက်ရှိသော ယာဉ်ကြော(သို့မဟုတ်) လမ်းလယ်ကျွန်းနှင့် ကပ်လျက်ရှိသော ယာဉ်ကြောကို အပြင်ယာဉ်ကြောဟုခေါ်ပြီး ညာဘက်ဆုံးသောယာဉ်ကြော (သို့မဟုတ်) ပလက်ဖောင်း လမ်းပခုံးနှင့် ကပ်လျက်ရှိသောယာဉ်ကြောကို အတွင်းယာဉ်ကြောဟုခေါ်သည်။ ယာဉ်ကြော နှစ်ကြောယှဉ်ပါက ဘယ်ဘက်သည်အပြင်ယာဉ်ကြော၊ ညာဘက်သည် အတွင်းယာဉ်ကြောဖြစ်၏။

ဤသို့ ရှေ့ယာဉ်နှင့်ကပ်လျက်မှ ကျော်တက်ခြင်းသည် အန္တရာယ်ရှိ၏။



ဤသို့ ဘေးချင်းယှဉ်လျက်ယာဉ်ကို ကပ်လျက်အနေအထားမှ အတွင်းယာဉ်ကြောသို့ ဖြတ်ဝင်ခြင်းသည် အန္တရာယ်ရှိ၏။

လမ်းမကြီးပေါ်၌ ယာဉ်ကိုမောင်းနှင်စဉ် ရှေ့မှ ယာဉ်ကိုကျော်တက်ခြင်းနှင့် အတွင်းယာဉ်ကြောသို့ ပြန်ဝင်ခြင်းမှာ လမ်းမကြီးပေါ်၌ ယာဉ်ကို ကွေ့ခြင်းပင်ဖြစ်သည်။ လမ်းမကြီးအကွေ့၌ မိမိရှေ့ကယာဉ်ကို ကျော်တက်ပါက လမ်းမကြီးပေါ် အကွေ့ကွေ့စဉ် ထပ်မံကွေ့ခြင်းပင်ဖြစ်သည်။

လက်ရှိတွင် အချို့ယာဉ်မောင်းများသည် လမ်းမကြီးပေါ်တွင် မိမိရှေ့မှ ယာဉ်၏ နောက်နားကပ်လျက်အနေအထားမှ ကျော်တက်ခြင်း၊ အခြားယာဉ်၏ ရှေ့မှကပ်လျက် အတွင်းယာဉ်ကြောသို့ ပြန်ဝင်ခြင်းများ မြင်တွေ့နေရပါသည်။ မြို့တွင်းလမ်းများ၌လည်း ထိုသို့ပြုမူပါက အန္တရာယ်များလှပါသည်။ အဝေးပြေးလမ်းတွင်မူ အန္တရာယ်ပိုများ၍ ယာဉ်ကို ထိုသို့မောင်းနှင်ခြင်းမျိုးမပြုသင့်ပါ။

လမ်းလယ်ကျွန်းမရှိသော အဝေးပြေးနှစ်လမ်းသွားလမ်းမကြီး၌ အရှိန်ဖြင့်မောင်းနှင်နေစဉ် ရှေ့ယာဉ်၏နောက်မှကပ်လိုက်မိပါက ကျော်တက်မည်ဆိုလျှင် ယာဉ်ကို ဘယ်ဘက်ယာဉ်ကြောသို့ထွက်ရန် ခေါင်းပြုရတော့မည်။ ထိုအခါ မျက်နှာချင်းဆိုင်ယာဉ်ကြောမှာ ယာဉ်တစ်စီးလာနေပြီး မိမိကျော်တက်မည့်ယာဉ်နှင့် ရှောင်တော့မည့်အနေအထားမျိုး၌ ခေါင်းပြုမိပါက မိမိယာဉ်နှင့် မုချ တိုက်မိပေလိမ့်မည်။ (ပုံတွင်ကြည့်ပါ) မိမိကျော်တက်မည့်ယာဉ်နှင့် မလှမ်းမကမ်းဖြစ်နေပါက မိမိယာဉ်ကိုမူလနေရာရောက်အောင် အသည်းအသန်ပြန်ဆွဲယူရတော့မည်။ အထိတ်တလန့်ဖြစ်ရမည်။ မိမိသည် ရှေ့ယာဉ်ကို ကပ်မလိုက်ခဲ့ပါက ခပ်ကွာကွာမှ ခေါင်းပြုပါလျှင် ထိုအန္တရာယ်မှ ကင်းပါမည်။ များသောအားဖြင့် လိုင်းကားယာဉ်မောင်းများ ထိုသို့ပြုတတ်၏။



လမ်းမကြီးပေါ်တွင် ရှေ့ယာဉ်ကို ကျော်တက်ခြင်းသည် ယာဉ်ကို ဘယ်သို့ တစ်ဆင့်ကွေ့ရခြင်းနှင့် ချက်ချင်း ညာသို့တဖန် တစ်ဆင့်ပြန်ကွေ့ရခြင်းဖြင့် ဘယ်ကွေ့၊ ညာကွေ့ နှစ်ဆင့်ကွေ့ရခြင်းဖြစ်သည်။ ပထမ ဘယ်သို့တစ်ဆင့်ကွေ့ရာတွင် မိမိယာဉ်၏ ဘော်ဒီနောက်ပိုင်း(အမြီးပိုင်း) ညာဘက်သို့ ရမ်းသွားပြီး တစ်ဖန်ညာသို့ပြန်ကွေ့ရာတွင် ယာဉ်၏အမြီးပိုင်း ဘယ်သို့ရမ်းပြန်၏။ ကွေ့ခြင်းဖြင့်ဖြစ်ပေါ်လာသော လမ်းကွေ့အသေးလေး၏ စက်ဝိုင်းဗဟိုခွာအားကိုလည်း အချိန်တိုအတွင်း နှစ်ကြိမ်ခံစားရပြီး ယာဉ်မှာ ညာလူး၊ ဘယ်လူး နှစ်ကြိမ်ဖြစ်၏။

ရှေ့ယာဉ်ကိုကျော်တက်ခြင်းဖြင့် တိမ်းမှောက်သောဖြစ်စဉ်များကို လေ့လာမိပါသည်။ လမ်းမျက်နှာပြင်ရေဆင်းအစောင်း(Camber) ရာခိုင်နှုန်းများသောလမ်းပိုင်း၌ ပိုအဖြစ်များ၏။ မြင်သာသော ဥပမာပြရပါလျှင် ဂျိုးဖြူပိုက်လုံးပေါ် ခပ်သော့သော့လျှောက်ရင်း ရှေ့မှလူကို ကျော်တက်သကဲ့သို့ ဖြစ်၏။ ပိုက်လုံးအခုံးတွင် လူခြေချော်သကဲ့သို့ လမ်းမျက်နှာပြင် အစောင်းများလျှင် ပိုက်လုံးနည်းတူ လမ်းမှာ အခုံးမျက်နှာပြင်ဖြစ်နေပြီး ယာဉ်၏ရှေ့ပိုင်းလားရာအတိုင်း ယာဉ်နောက်ပိုင်းကမလိုက်ပါဘဲ ဆန့်ကျင်သဖြင့် ယာဉ်ကို တုံးလုံးလဲစေ၏။ ခေါင်းတိုယာဉ်ငယ်များဖြစ်သော လိုက်အေ့စ်ယာဉ်များအဖြစ်များတတ်ပါသည်။

ထို့ကြောင့်အဝေးပြေးလမ်းမကြီးပေါ်၌ ရှေ့ယာဉ်ကိုကျော်တက်တော့မည်ဆိုလျှင် မိမိယာဉ်သည်ရှေ့မှသွားနေသောယာဉ်နှင့် အတန်အသင့်ကွာသောအနေအထားမှကျော်လျှင် အန္တရာယ်ကင်းစေပါသည်။ ဘယ်ဝိုက်၊ ညာဝိုက်နှစ်ကြိမ်ကွေ့ရသော်လည်း အကွေ့ပြေ၍ အဖြောင့်နီးပါးအဆင်ပြေပြီး ယာဉ်၏နောက်မြီးမှာ ခေါင်းပိုင်းလားရာနှင့် ဆန့်ကျင်ဘက်သို့ ရမ်းထွက်မှုသက်သာခြင်းနှင့် ဗဟိုခွာအားကိုလည်း လျော့ပါးစေ၏။ မိမိကျော်တက်မည့်ယာဉ်ကြောတွင် လမ်းကြောရှင်း၊ မရှင်းကြည့်ပြီး သက်သောင့်သက်သာ လမ်းကြောင်းပြောင်းလိုက်ရုံသာဖြစ်၏။

ထို့အတူ အခြားယာဉ်တစ်စီးကို ကျော်တက်လာပြီး အတွင်းယာဉ်ကြောသို့ ပြန်ဝင်မည်(မိမိနှင့်ဘေးချင်းယှဉ်လျက်ရှိသောယာဉ်၏ ရှေ့ယာဉ်ကြောသို့ ဖြတ်ဝင်မည်)ဆိုလျှင် ကပ်လျက်အနေအထားမှဝင်လျှင် အန္တရာယ်များပါသည်။ မိမိက ကွေ့လမ်းကြောင်းဖြင့် ဝင်ရမည်ဖြစ်၍ အဖြောင့်မောင်းနေသော ကျော်တက်ခံယာဉ်ထက် လမ်းကြောင်းပိုရှည်မည်ကို သတိပြုသင့်၏။ မိမိယာဉ်က အရှိန်များစွာပိုရန် လိုအပ်ပြီး အန္တရာယ်နှင့် နီးကပ်လှပါသည်။ (လွန်ခဲ့သော နှစ်နှစ်ခန့်က ရန်ကုန်-မန္တလေးလမ်းမကြီးပေါ် ညဉ့်အချိန်၌ ဘုရားဖူးယာဉ်ငယ် လိုက်အေ့စ်တစ်စီး ခရီးသည်တင်မှန်လုံကားကြီးရှေ့ဖြတ်ဝင်ရာမှ ပေ ၁၅၀ခန့် လွင့်ထွက်သွားသောဖြစ်စဉ်တစ်ခု ဖြစ်ခဲ့ဖူးပါသည်။)

ထို့ကြောင့် အခြားယာဉ်တစ်စီးကို ကျော်တက်ပြီး အတွင်းယာဉ်ကြောပြန်ဝင်မည်ဆိုလျှင် ရှေးဦးစွာ ယာဉ်နှစ်စီး ဘေးချင်းယှဉ်အနေအထားမှ မိမိယာဉ်ကို အရှိန်မြှင့်ပြီး အတန်အသင့်လွတ်အောင်မောင်းပြီးမှ အချက်ပြမီးပြကာ အတွင်းယာဉ်ကြောသို့ မျှောပြီး ပြန်ဝင်သင့်ပါသည်။ ညာဝိုက်၊ ဘယ်ဝိုက် မပြုသင့်ပါ။ အတွင်းယာဉ်ကြောသို့ပြန်ဝင်ပြီးပါကလည်း မိမိကျော်တက်ခဲ့သည့်ယာဉ် အနှောင့်အယှက်မဖြစ်စေရန် အတန်အသင့်ကွာအောင် အရှိန်ဖြင့်ဆက်မောင်းသင့်ပါသည်။

ဤသို့မောင်းနှင်ခြင်းဖြင့် အဝေးပြေးလမ်းမကြီးပေါ် ယာဉ်ကို ဘယ်ပြန်ညာပြန်၊ ညာပြန် ဘယ်ပြန် နှစ်ဆင့်အကွေ့ကြမ်းခြင်းမပြုရဘဲ၊ အခြားယာဉ်ကိုလည်း အနှောင့်အယှက်မဖြစ်စေဘဲ၊ မိမိယာဉ်လည်း အန္တရာယ်မဖြစ်စေဘဲ၊ မိမိယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည်၊ ခရီးဖော်များလည်း မိမိနှင့်အတူ စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ကြပါစေဟု ဆန္ဒပြုရေးသားတင်ပြပါသည်။ ။

နည်း ပ ညာ သ တင်း

ALEZ & TIKILA

နိုကီယာ၏ နည်းပညာပိုင်းဆိုင်ရာအချို့ကို Microsoft က ဝယ်ယူ

ကမ္ဘာကျော် နည်းပညာလုပ်ငန်းစုကြီးနှစ်ခုဖြစ်သည့် နိုကီယာနှင့် Microsoft သည် ပြီးခဲ့သည့် ရက်သတ္တပတ်က နည်းပညာပိုင်းဆိုင်ရာအချို့ကို နှစ်ဦးသဘောတူ ဖလှယ်ခဲ့ကြသည်။ ဂျပန်နိုင်ငံအခြေစိုက် ကမ္ဘာကျော်မိုဘိုင်းလုပ်ငန်းစု နိုကီယာထံမှ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါး တန်ဖိုးရှိသော နည်းပညာနှင့် ဝန်ဆောင်မှု (Device and Service) အချို့ကို Microsoft လုပ်ငန်းစုမှ ဝယ်ယူလိုက်ပြီဖြစ်ကြောင်း နည်းပညာစာမျက်နှာအချို့တွင် ရေးသားဖော်ပြမှုများအရ သိရသည်။ အဆိုပါ ဝယ်ယူမှုအတွက် နိုကီယာလုပ်ငန်းစုနှင့် အကျိုးတူပူးပေါင်း၍ Microsoft မှ လုပ်ငန်းများ လုပ်ကိုင်မည်ဖြစ်သောကြောင့် နိုကီယာလုပ်ငန်းမှ ဝန်ထမ်းအချို့ Microsoft သို့ ပြောင်းရွှေ့လုပ်ကိုင်ရဖွယ်ရှိသည်ဟုလည်း သိရသည်။ အဆိုပါ သဘောတူညီမှုအတွက် မိုဘိုင်းကမ္ဘာတွင် ကြီးမားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာလိမ့်မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းစုနှစ်ခု၏ ပရိသတ်များက စာမျက်နှာများတွင် ရေးသားထားကြသည်ဟု သိရသည်။

နိုကီယာလုပ်ငန်းစုမှ တာဝန်ရှိသူ Stephen Elop အပါအဝင် ဝန်ထမ်းပေါင်း ၃၂၀၀၀ ကျော်သည် လာမည့် ၂၀၁၄ ခုနှစ်တွင် Microsoft သို့ ပြောင်းရွှေ့လုပ်ကိုင်ရဖွယ်ရှိကြောင်းလည်း သိရသည်။ သဘောတူညီမှုအတွက် သတ်မှတ်ထားသော ဒေါ်လာ ၁၀ ဘီလီယံနီးပါးကို ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းတွင် အပြီးပေးချေပေးရန် နိုကီယာဘက်မှ တောင်းဆိုထားကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းစုနှစ်ခု ပူးပေါင်းမှုကြောင့် အဆင့်မြင့် ကွန်ပျူတာများနှင့် အဆင့်မြင့် မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများစွာကို ထုတ်လုပ်ဖြန့်ချိသွားနိုင်ဖွယ်ရှိသည်။

နည်းပညာပိုင်းဆိုင်ရာ ခေါင်းဆောင်တစ်ဦးဖြစ်သူ Stephen Elop က ယခုကဲ့သို့ နည်းပညာအင်အားကြီးမားသည့် လုပ်ငန်းနှစ်ခုပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် နောင်လာမည့်နှစ်များအတွင်း အသုံးပြုသူများအတွက် တန်ဖိုးနည်းစွာ ထုတ်လုပ်မည့် တတိယမျိုးဆက် မိုဘိုင်းအီလက်

အခြားနာမည်ကြီးလုပ်ငန်းစုများအတွက် တပ်လှန့်မှု ပြုလုပ်သည့်သဘော ရောက်ရှိသွားကြောင်းကိုလည်း ပရိသတ်များက ပြောဆိုရေးသားနေကြသည်။ Microsoft ဘက်မှ နိုကီယာလုပ်ငန်းစုကြီး၏ နည်းပညာပိုင်းဆိုင်ရာများအပြင် အမှတ်တံဆိပ်မှတ်ပုံတင်မှုများပါ ဝယ်ယူလိုက်သည်ဟု သိရသည်။ လာမည့် ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းစုကြီးနှစ်ခုပေါင်းစပ်ကာ ထူးခြားသည့် နည်းပညာများ ပါဝင်လာနိုင်ဖွယ်ရှိသည့် အဆင့်မြင့်ဖုန်း (Smart Phone)၊ ထရွန်နစ်ပစ္စည်းများကို ထူးခြားသည့် နည်းပညာများပေါင်းစပ်ကာ ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။ လက်ရှိ ကာလမှစတင်ကာ သုတေသနပြုလုပ်လျက်ရှိပြီး ဈေးကွက်အတွင်းသို့ မကြာမီအချိန်တွင် ပို့ဆောင်ပေးနိုင်ရန် စီစဉ်လျက်ရှိပြီး အသုံးပြုသူများအတွက် အကောင်းမွန်ဆုံး ဝန်ဆောင်မှုများ ပေးသွားရန်လည်း အဆိုပါလုပ်ငန်းစုနှစ်ခုမှ အမှုဆောင်အရာရှိများက မီဒီယာများသို့ ပြောကြားသွားသည်။

မော်တော်ယာဉ်များတွင် တပ်ဆင်သည့် ဖောင်းကြွနံပါတ်ပြားစက်ရုံ တိုးချဲ့တည်ဆောက်မည်

ရန်ကုန် စက်တင်ဘာ ၄

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဖောင်းကြွနံပါတ်ပြားစက်ရုံ တိုးချဲ့တည်ဆောက်သွားမည်ဟု သိရသည်။

မော်တော်ယာဉ်များတွင် တပ်ဆင်ထားသော ဖောင်းကြွနံပါတ်ပြား ထုတ်လုပ်သည့်စက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်သွားမည့် အစီအစဉ်သည် ဌာန၏ အစီအစဉ်ဖြင့် ထပ်မံတည်ဆောက်သွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်များအား အင်္ဂလိပ်အက္ခရာ ပြောင်းလဲခြင်းနှင့် ဒေသသင်္ကေတများ တပ်ဆင်အသုံးပြုချိန်မှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖောင်းကြွနံပါတ်ပြား စက်ရုံများပေါ်ပေါက်လာစေရန် သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပွင့်လင်းမြင်သာမှုရှိသော တင်ဒါစနစ်ဖြင့်ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်းလည်း သိရသည်။

"ဒီလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဖောင်းကြွနံပါတ်ပြားစက်ရုံတွေ တည်ဆောက်ပြီးရင် နယ်ဒေသခံတွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာမယ်၊ သယ်ယူပို့ဆောင်ခစရိတ်တွေလည်း လျော့နည်းသွားမှာပါ" ဟု ကညနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထပ်မံတိုးချဲ့တည်ဆောက်သွားရန် လျာထားသည့် ဖောင်းကြွနံပါတ်ပြားစက်ရုံများကို ကညန (ရွာသာကြီး) နှင့် ကညန (မန္တလေး)တို့တွင် တည်ဆောက်သွားရန် စီစဉ်လျက်ရှိပြီး လက်ရှိ မော်တော်ယာဉ်များတွင် တပ်ဆင်သော ဖောင်းကြွနံပါတ်ပြားစက်ရုံကို ရန်ကုန်တိုင်းဒေသကြီး ကညန (မြင်သာ)၌ တည်ဆောက်ထားကြောင်း သိရသည်။

(ကေသိန်းဆွေ)

ယာဉ်စည်းကမ်း မလိုက်နာမှုကြောင့် ယာဉ်ကြောပိတ်ဆို့

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်များ ယခင်ကထက် ပိုမိုများပြားလာသဖြင့် ယာဉ်ကြောကျပ်ခြင်း၊ ပိတ်ဆို့ခြင်းများ မြို့တော်ရန်ကုန်အနှံ့ ဖြစ်ပေါ်နေလျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ယာဉ်သွားလမ်းများချဲ့ခြင်း၊ ယာဉ်ရပ်နားရန်နေရာများ ဆောင်ရွက်ပေးသော်လည်း အချို့သော ယာဉ်မောင်းများက ယာဉ်ကြောကျပ်မှုကို စိတ်မရှည်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ပြောင်း၍ ယာဉ်ကြောပြောင်းပြန် မောင်းနှင်မှုကြောင့် မလိုလားအပ်ဘဲ ယာဉ်ကြောပိတ်ဆို့နေမှုကို စက်တင်ဘာ ၃ ရက်က လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး (သီရိမင်္ဂလာဈေးအနီး)၌ မြင်တွေ့ရသည်။

အဆိုပါ ဘုရင့်နောင်လမ်းမကြီးသည် ပြည်ပပို့ကုန်၊ သွင်းကုန်နှင့် ပြည်တွင်း ကုန်စည်စီးဆင်းမှု လမ်းမကြီး ဖြစ်သဖြင့် ယာဉ်အသွား၊ အလာ အထူးများပြားသော လမ်းမကြီးဖြစ်သည်။ ယခုအခါ မြို့အနှံ့ ယာဉ်ကြော ရှုပ်ထွေးမှုများရှိနေရာ ယာဉ်ကြောလုမောင်းခြင်းကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားနေမှုကို နေ့စဉ်ထုတ် သတင်းစာများ၌ မြင်တွေ့နေရသည်။

(မောင်သုည)

သမီးလေး စုနန်းထိုက်၏ (၁)နှစ်ပြည့်မွေးနေ့ဆုတောင်း

၄-၉-၂၀၁၃ ရက်တွင်ကျရောက်သော သမီးလေး စုနန်းထိုက်၏ တစ်နှစ်ပြည့်မွေးနေ့မှသည် ချစ်ဖေဖေ ညီညီလွင်- ချစ်မေမေ ဖူးပွင့်မိုးတို့နှင့်အတူ သက်ရှည်ကျန်းမာ ပြည့်စုံစွာဖြင့် ချမ်းသာစေကြောင်း ဆုမွန်တောင်းသည်၊ တောင်းတဲ့ဆုတိုင်း ပြည့်ပါစေ-

ချစ်သောဘိုးဘိုး ဗိုလ်မှူးကြီးမြင့်အောင်သန်း-

ဘွားဘွား ဒေါ်မြတ်မြတ်မိုး

မမ **Hazel** တို့မိသားစု



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်း ပို့ဆောင်ရေးပိုင် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ပြည်)နှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ပန်းတောင်း) မြေနေရာများ အနက်မှ အကျယ်အဝန်းပေ(၂၀၀×၁၅၀) ဝ ဒသမ ၆၈ ဧက အသီးသီးအား စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်၍ နှစ်ရှည်မြေငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန်- ၁-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)
နံနက် (၉း၀၀) နာရီမှ (၁၅း၀၀) နာရီထိ
တင်ဒါစိစစ်မည့်နေရာ- ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်- ၁-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)
နံနက် (၁၁း၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ပြည်)နှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ပန်းတောင်း) တို့တွင် ၄-၉-၂၀၁၃ ရက်နေ့မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portalတွင် လည်းသတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
၀၉-၄၂၃၆၇၄၄၂၂၊ ၀၉-၂၅၀၁၁၄၆၄၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊အမှတ် ၄၁/ကံဘဲ့၊ မြေကွက်အမှတ် ၂/ဃ၊ ၇-ဘီ၊ မြေကွက်တည်နေရာ- ၂ဒီ၊ ၇/ဘီ၊ ၊ မဥ္ဇူလမ်းသွယ်(၂)လမ်း၊ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးထင်တိုင်းပေါက် [၁၂/အစန(နိုင်)၁၆၈၈၉၁]၊ ဒေါ်အေးအေးသင်း (ခ) ရီရီသက် [၁၂/အစန(နိုင်) ၁၆၈၈၉၀]အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးထင်တိုင်းပေါက် [၁၂/အစန(နိုင်) ၁၆၈၈၉၁] ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဖြစ်သူ ဒေါ်အေးအေးသင်း (ခ) ဒေါ်ရီရီသက် [၁၂/အစန(နိုင်) ၁၆၈၈၉၀]ကဇနီးတော်စပ်ကြောင်း ကျမ်းကျိမ်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ

လှူမိတ်ဆွေ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂၁)၊ အင်းဝလမ်းမကြီး၊ မြေကွက်အမှတ်(၂၀)၊ ပေ ၄၀×၆၀ ပေမြေကွက် (ပါမစ်မြေအမျိုးအစား) မြေအမည်ပေါက် (ဒေါက်တာဦးကြည်ကြည်မောင်)ဟု ခေါ်တွင်သော မြေကွက်အား မူလပိုင်ရှင်ထံမှ အရပ်ကတိဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူမှ ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း မြေချပါမစ်မူရင်း၊ စာချုပ်စာတမ်းမူရင်းတို့ဖြင့် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း ဝယ်ယူရန် သဘောတူညီသည့်အလျောက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ကြောင်းနှင့်ကန့်ကွက်လိုသူများရှိပါက ကြော်ငြာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကောင်းကျော်[၁၂/သကတ(နိုင်)၁၇၆၂၉၀]
အမှတ်(၃၂)၊ နွယ်နီလမ်း၊ အလုံမြို့နယ်။ ဖုန်း-၀၉-၅၄၁၂၃၈၈

ကားရောင်းမည်
ပိုင်ရှင်ကိုယ်တိုင်

TOYOTA PREMIO(G)
2002 model, 2.0 cc
pearl white, original
back camera
၂၈/-----၊စာအုပ်ရပြီး။

ဖုန်း - ၀၉-၅၀၁၁၄၁၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ရဲလင်းအောင် CDC (77526)သည် Tf-33814/12 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ph; 09 425293117

မန္တလေး နေပြည်တော်ရုပ်ရှင်ရုံ၌ ခရီးသွားရုပ်ရှင်ပွဲတော်ကျင်းပ

မန္တလေး စက်တင်ဘာ ၄

လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ခရီးသွားရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့ နေပြည်တော် (ဆိုင်းတန်း) ရုပ်ရှင်ရုံ၌ စက်တင်ဘာ ၁ ရက်တွင် ကျင်းပသည်။ ပွဲတော်တွင် ရုပ်ရှင်ပွဲပေါင်း သုံးပွဲကို အခမဲ့ပြသသွားမည်ဖြစ်သည်။ အဆိုပါ ခရီးသွားရုပ်ရှင်ပွဲတော်ကို ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတို့တွင် ပြသရန်စီစဉ်ထားသည်။

ယင်းရုပ်ရှင်ပွဲတော်ကို ဇွန် ၁၅ ရက်မှ စတင်ကျင်းပရာ မြန်မာနိုင်ငံမှ မျိုးဆက်သစ် လူငယ်အနုပညာရှင်များ ရိုက်ကူးထားသည့် ရုပ်ရှင် ၂၈ ကား နှင့် နိုင်ငံတကာမှ ရုပ်ရှင် ၂၈ ကားတို့ကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံနှစ်ရုံတို့တွင် ဇွန် ၁၅ ရက်မှ ၁၉ ရက်ထိ ပြသခဲ့ပြီး မကွေးမြို့တွင် ဩဂုတ် ၂၅ ရက်နှင့် မုံရွာမြို့တွင် ဩဂုတ် ၃၁ ရက်တို့တွင် ပြသခဲ့သည်။

ဆက်လက်ပြီး မော်လမြိုင်မြို့၌ စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပနိုင်ရန် စီစဉ်ထားပြီး ဘားအံမြို့ တက်နေဝန်းရုပ်ရှင်ရုံ၌ စက်တင်ဘာ ၁၅ ရက်၊ ပဲခူးတွင် စက်တင်ဘာ ၁၉ ရက်၊ နေပြည်တော်တွင် စက်တင်ဘာ ၂၂ ရက်တို့တွင် ပြသရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ခရီးသွားရုပ်ရှင်ပွဲတော်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာမှ ဆုရရှိခဲ့သည့် မြန်မာဇာတ်ကားငါးကားဖြစ်သည့် "အကျဉ်းစံဘဝ"ဇာတ်ကား၊ "အဖြူနဲ့အစိမ်း" ဇာတ်လမ်းတိုရုပ်ရှင် Animation ရုပ်ရှင် "စစ်တုရင်"၊ "အိမ်အပြန်" ဇာတ်ကားတို့ကို ပထမပွဲစဉ် အဖြစ်ပြသခဲ့ပြီး မှတ်တမ်းရုပ်ရှင် "Solar Mamas"၊ "The Game Must Go on" နှင့် နိုင်ငံတကာမှ ကလေးများဖြစ်ကြသည့် ရွှမ်မီ၊ ဂီယူရီ၊ ဖာတမာဘီလန်နှင့် မတ်(စ) ဘာအူဒင်တို့၏ ကလေးအခွင့်အရေး ရင်ဖွင့်ချက်များ မှတ်တမ်းရုပ်ရှင် လေးကားကို ဒုတိယပွဲစဉ်အဖြစ် ပြသခဲ့သည်။ တတိယပွဲစဉ်တွင် "ချစ်ခြင်း အပြစ်ကင်းပါစေ"ဇာတ်လမ်းတိုရုပ်ရှင်နှင့် မှတ်တမ်းရုပ်ရှင် "The Act of Killing" တို့ကို ပြသခဲ့ကြောင်း သိရသည်။

(ဘဦး-မန်း)

တရုတ်ရွှေကြက်ဖ ရုပ်ရှင်ပွဲတော် အာဒံ ဧဝ ဒဿ ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၄

တရုတ်ရုပ်ရှင်ပညာရှင်အသင်းက ကြီးမှူး၍ (၂၂)ကြိမ်မြောက် တရုတ်ရွှေကြက်ဖ-ရာပန်းရုပ်ရှင်ပွဲတော်ကို ဟူဘေးပြည်နယ် ဝူဟန်မြို့တွင် စက်တင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်ကား တစ်ကား ပါဝင်ပြသမည်ဖြစ်သည်။ Heart & Soul ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် အာဒံရယ် ဧဝရယ် ဒဿရယ် အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတကာရုပ်ရှင်ပြပွဲကဏ္ဍတွင် ပါဝင်ပြသရန် ရွေးချယ်ထားကြောင်း သိရသည်။

(အိုးဝေခင်မောင်ကွန့်)

စစ်မှုထမ်းတာဝန်အပြီး ရိန်း၏ ပထမဆုံးသောတရုတ်ခရီးစဉ် အောင်မြင်မှုရရှိ

ဖြိုးစန္ဒာမြင့်

မကြာခင်ကမှ တပ်မတော်၌ စစ်မှုထမ်းတာဝန်များ ပြီးဆုံးလာခဲ့သူ တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်၊ တေးသံရှင်နှင့် အကပညာရှင်တစ်ဦးဖြစ်သူ ရိန်းအား နိုင်ငံတကာမှ ပရိသတ်များက ကြိုက်နှစ်သက်ကြသည်ဖြစ်သလို တရုတ်နိုင်ငံတွင်လည်း ယခုလက်ရှိအချိန်ထိ ရေပန်းစားလျက်ရှိသည်ကို ထုတ်ဖော်ပြသသည့်အနေဖြင့် တရုတ်နိုင်ငံ မြို့တော်ရှန်ဟိုင်း၌ ကျင်းပသည့် ၎င်းပါဝင်သရုပ်ဆောင်ထားသော အလှကုန်ပစ္စည်းတစ်မျိုး၏ ပရိုမိုးရှင်းပွဲသို့ တက်ရောက်ခဲ့ရာ တရုတ်ပရိသတ်များ၏ အထူးအားပေးမှုကို ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် တပ်မတော်တွင် တာဝန်ထမ်းဆောင်အပြီး ရိန်း၏ ပထမဆုံးသော တရုတ်နိုင်ငံခရီးစဉ်ဖြစ်ပြီး အနာဂတ်အစီအစဉ်နှင့်ပတ်သက်၍ မည်သို့မျှ မဆုံးဖြတ်ရသေးကြောင်းနှင့် မကြာမီတွင် အယ်လ်ဘမ်အသစ်များ၊ ဒရာမာဇာတ်ကားသစ်များဖြင့် ပရိသတ်များဆီသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း ရိန်းက အဆိုပါ ပရိုမိုးရှင်းပွဲစဉ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ယခုသွားရောက်ခဲ့သည့် တရုတ်နိုင်ငံခရီးစဉ်တွင် တရုတ်ဒါရိုက်တာအများအပြားနှင့် တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်းနှင့် ပရိသတ်များနှင့် မကြာမီတွင် ပြန်လည်တွေ့ဆုံနိုင်ရန် မျှော်လင့်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အနုပညာအတွေး | **စိမ့်စိမ့်ဝင်း**

မြန်မာပြည်ကိုလာခဲ့ကွယ်

နံနက်ခင်းတွင် MRTV-4 မှ ထုတ်လွှင့်သည့် သီချင်းများအနက် ကျွန်မ၏ ရင်ကို နက်နက်ရှိုင်းရှိုင်းထိခိုက်ခံစားစေနိုင်သော သီချင်းနှစ်ပုဒ်အကြောင်းကို ရေးပြပါရစေ။ "ရွှေတိဂုံကိုမြင်လျှင်" နှင့် "မြန်မာပြည်ကို လာခဲ့ကွယ်" ဆိုသော သီချင်းများပါပဲ။

ရန်ကုန်မြို့နှင့်အဝေးတစ်နေရာ၊ ရေခြားမြေခြားကို ရောက်နေချိန်တွင် "ရွှေတိဂုံကိုမြင်လျှင်" သီချင်းကိုကြားရတိုင်း မျက်ရည်ဝိုင်းမိပါသည်။ အဆိုပါတေးသီချင်းကိုသီကုံးသူ၊ ဆိုသူနှင့် မရင်းနှီးသော်လည်း အဓိပ္ပာယ် လေးနက်လွန်း၍ ကျွန်မရင်ထဲစွဲမိပါသည်။

"မြန်မာပြည်ကို လာခဲ့ကွယ်" ဆိုသော သီချင်းကို ရေးသားသီကုံးသူ၊ တေးဆိုသူများမှာ ကျွန်မနှင့် ရင်းနှီးကျွမ်းဝင်ပါသည်။ အမိစီးပွားရေးတက္ကသိုလ် (ရန်ကုန်)တွင် အတူတကွ ပညာဆည်းပူးခဲ့ကြသော ကျောင်းသွားဖော်များပါ။ တေးဆိုသူ ခင်မောင်ကြည်နှင့် သီကုံးသူ သိန်းလှမောင်တို့မှာ စီးပွားရေးတက္ကသိုလ်၏ မာလာဆောင် သမိုင်းအားကစားဝင်းရှိ အင်ကြင်း၊ ကံ့ကော်၊ နှင်းဆီ၊ သရဖီမိန်းကလေးဆောင်များ၏ ညများကို သိမ်းပိုက်ထားခဲ့သော ညတေးဆိုရှင်များထဲမှ နှစ်ဦးဖြစ်သည်။ တက္ကသိုလ်ဟန်မြတ်မော်၊ တက္ကသိုလ်မောင်မောင်ခင်တို့နှင့်အတူ တေးဆိုရှင်များတီးဝိုင်း၏ ဖျော်ဖြေမှုကို ကျွန်မတို့တစိုက်မတ်မတ် နှစ်ခြိုက်အားပေးခဲ့ကြသည်။

အပူအပင်ကင်းလှသော တက္ကသိုလ်ကျောင်းသားဘဝတွင် ညစဉ် တေးဆိုရှင်တို့၏ တေးသံချိုချိုများကို နားထောင်ရင်း၊စာကျက်ရင်းဖြင့် လေးနှစ်တာကာလကို ဖြတ်သန်းခဲ့ကြသည်။ ဆောင်း၏ အေးမြမြညချမ်းများတွင် တဖွဲဖွဲကျနေသော နှင်းမှုန်များကြားမှာ တေးဆိုဖျော်ဖြေခဲ့ကြသော ကျောင်းသွားဖော်များကို ယနေ့တိုင် မမေ့နိုင်ဘဲ လွမ်းမောတမ်းတမိပါသည်။

"မြန်မာပြည်ကိုလာခဲ့ကွယ်" သီချင်းသည် ယခုခေတ်စီးပွားရေးစနစ်နှင့်လည်း ကိုက်ညီပါသည်။ နိုင်ငံဝင်ငွေ တိုးတက်ရေးအတွက် ကမ္ဘာလှည့်ခရီးသွားများ တိုးတက်များပြားလာစေရန် ဆွဲဆောင်သည့် သီချင်းလေးပါပဲ။ သီချင်းတစ်ပုဒ်လုံးသည် လေးနက်သော အဓိပ္ပာယ်၊ ငြိမ့်ညောင်းသောသံစဉ်၊ ချိုမြကြည်သာသော အသံတို့ဖြင့် သီကုံးဖွဲ့ဆိုထားပြီး ကြားရသူတိုင်း၏ စိတ်နှလုံးဘဝင်ကို လွမ်းမောစေပါသည်။ သီချင်းတွင် မြန်မာ့စိတ်ထား၊ စေတနာတရား၊ သယံဇာတများ၊ သာယာလှပသော ရှုခင်းများနှင့် တန်ခိုးကြီးဘုရားများကို ထည့်သွင်းသီကုံးထားသည့်အပြင် မြန်မာနိုင်ငံ၏ အမှတ်တံဆိပ် သနပ်ခါးနှင့် ပုသိမ်ထီးလေးပင် မကျန်ခဲ့ပါ။

တိုင်းတစ်ပါး တေးဂီတသံစဉ်များ၏ လွှမ်းမိုးမှုအောက်တွင် မြန်မာ့ဂီတသံစဉ်များ မတိမ်ကောရန် မြန်မာနိုင်ငံသားအားလုံးက ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါသည်။ အတိတ်ကာလက ချစ်စရာ၊ လွမ်းမောတမ်းတစရာကောင်းလှသည့် မြန်မာသံစဉ်သီချင်းများကို ပြန်လည်ဖော်ထုတ်ကြပါစို့။ ။

ဆီးဂိမ်းရွှေဆုအတွက် အလားအလာကောင်းနေသည့် အားကစားနည်း (သိုင်းမဟုတ်) ဗိုဗီနမ် (Vovinam)

ဝင်းထွဋ်ဦး

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) တွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ထို အားကစားနည်း ၃၃ မျိုးထဲတွင် ဗိုဗီနမ် အားကစားနည်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ဗိုဗီနမ်ပြိုင်ပွဲကို နေပြည်တော်ရှိ ပရိသတ် (၃၀၀၀၀) ဆံ့ ဇေယျာသီရိ အားကစားရုံကြီးတွင် ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲ (အားကစားနည်း ၃၃ မျိုး)တွင် ရွှေတံဆိပ် စုစုပေါင်း ၄၆၀ ချီးမြှင့်သွားမည်ဖြစ်ပြီး ဗိုဗီနမ် အားကစားနည်းတွင် ၁၈ ခု ချီးမြှင့်မည် ဖြစ်သည်။

ဗိုဗီနမ်အားကစားနည်းသည် ဗီယက်နမ်ရိုးရာ ကိုယ်ခံပညာတစ်ရပ် ဖြစ်သည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ဗိုဗီနမ် အားကစားနည်းကို ထည့်သွင်းကျင်းပသည်မှာ တစ်ကြိမ်သာရှိခဲ့သေးသည်။ အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် စတင်ထည့်သွင်းကျင်းပခဲ့သည်။ ယခုနှစ် မြန်မာနိုင်ငံတွင်ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်း ကို ထည့်သွင်းကျင်းပခြင်းသည် ပြိုင်ပွဲသမိုင်းတွင် ဒုတိယအကြိမ်မြောက်ဖြစ် သည်။ ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပသည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိခဲ့။ ယခု အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင်မှ မြန်မာ ဗိုဗီနမ်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်၍ ဒုတိယအကြိမ်မြောက် ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲ (အားကစားနည်း)တွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည်ဟု ဆိုရမည်ဖြစ်သည်။

လာမည့် ဆီးဂိမ်းတွင် ဗိုဗီနမ်အားကစားနည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသား အမျိုးသမီး အားကစားသမားများကို စိစစ်ရွေးချယ်ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ပါသည်။ ဗီယက်နမ် အားကစားနည်းဖြစ်၍ ဗီယက်နမ်နိုင်ငံမှ နည်းပြများခေါ်ယူလေ့ကျင့်စေမှုများ ပြုလုပ်သည့်အပြင် ပြည်ပနိုင်ငံများသို့သွား၍လည်း လေ့ကျင့်မှုများပြုလုပ်ခဲ့ သည်။ ဧပြီလမှာ ဗီယက်နမ်နိုင်ငံတွင် တစ်လတာသွားရောက်ပူးပေါင်း လေ့ကျင့်မှုတစ်ခု ပြုခဲ့သည်။

ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်ကြရမည့် မြန်မာဗိုဗီနမ်အဖွဲ့ ကစားသမားများ ပြိုင်ပွဲဝင်စိတ်ဓာတ်မြင့်မားစေရန် ပါဝင်ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲ (အမျိုးအစား) အပေါ် ယုံကြည်မှုအပြည့်အဝရှိစေရန်နှင့် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံ ရရှိစေရန် ရည်ရွယ်ပြီး မေလအတွင်းက ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် ငါးနိုင်ငံ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုပြုလုပ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အဖွဲ့ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ် ၁၀ ခု ပေါင်း ၁၈ ခု ဆွတ်ခူးရရှိခဲ့သည်။

နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရန် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲ မှာပင် အမြင့်ဆုံးဆုတံဆိပ်များ ဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုများ ရခဲ့ခြင်း သည် ဗိုဗီနမ်အားကစားနည်းကို မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံ ရှိ အခြားပြိုင်ဘက်နိုင်ငံအသင်းများကို ရင်ပေါင်တန်း ပခုံးချင်းယှဉ်နိုင်ခဲ့ပြီး တန်းတူ အဆင့်တစ်ခုရှိသည်ဆိုသည်ကို ထုတ်ပြနိုင်ခဲ့ခြင်းပင် မဟုတ်ပါလား။ ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီးအားကစားသမားများ၏ တစ်ဦးချင်းရော အဖွဲ့လိုက်ပါ စွမ်းဆောင်နိုင်စွမ်းက အမြင့်ဆုံးဆုတံဆိပ်မျှော်မှန်းရယူနိုင်သည့် အားကစားနည်းဖြစ်သည်ကို သက်သေပြခဲ့သည်ဟု ဆိုနိုင်သည်။

ဆီးဂိမ်းရွှေဆု မျှော်လင့်ချက် ဆက်လက်တောက်ပနိုင်စေရန် အဖွဲ့ချုပ်မှ ကစားသမားများ စခန်းသွင်းလေ့ကျင့်စေမှုကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက် ပေးခဲ့သလို နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံထပ်မံရရှိစေရန် ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပခြင်းကိုလည်း ပြုလုပ်ပေးခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ် ၂၂ ရက်မှ ၂၄ ရက် အထိ သုံးရက်တိုင်တိုင် ဆီးဂိမ်းအကြိုပြိုင်ပွဲအဖြစ် အာဆီယံဖိတ်ခေါ်ဗိုဗီနမ် ပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ အိမ်ရှင်မြန်မာ အသင်း အပါအဝင် ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် လာအိုအသင်းတို့မှ ကစား သမား စုစုပေါင်း ၁၀၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဆီးဂိမ်းပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် ဗိုဗီနမ်ပြိုင်ပွဲ အမျိုးအစား ၁၈ မျိုးအတိုင်း ကျင်းပပြီး ဆုတံဆိပ်မှာလည်း ဆီးဂိမ်းမှာ ချီးမြှင့်မည့် အရေအတွက်အတိုင်း ရွှေတံဆိပ် ၁၈ ခုချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲတွင် အတိုက် ပြိုင်ပွဲ ခြောက်ပွဲ၊ အပြပြိုင်ပွဲ ၁၂ ပွဲ ပေါင်း ၁၈ ပွဲ ထည့်သွင်းကျင်းပခဲ့ရာ မြန်မာ ဗိုဗီနမ်အသင်းသည် ပြိုင်ပွဲ ပွဲစဉ် ၁၈ ပွဲစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ကစားသမား ၃၄ ဦးလုံး (အမျိုးသားကစားသမား ၂၂ ဦး၊ အမျိုးသမီးကစားသမား ၁၂ ဦး) ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ ဤသို့ပြိုင်ပွဲ ပွဲစဉ်တိုင်းတွင် ကစားသမား အားလုံး ပါဝင်ယှဉ်ပြိုင်ခြင်းသည် ဆီးဂိမ်းအောင်မြင်မှုအတွက် အစွမ်းကုန် ကြိုးစားနေခြင်းဖြစ်သည်။ ရွှေဆု ၁၈ ခုလုံးကို မျှော်မှန်းချက်ထားနေသည်ဆိုသည့် အချက်ကို သိသာပေါ်လွင်စေခဲ့သည်။ မြန်မာဗိုဗီနမ် အားကစားသမားများ၏ အစွမ်းကုန်ကြိုးစားပြိုင်ပွဲဝင်မှုကြောင့် ရွှေတံဆိပ်ခြောက်ခု ဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံအလိုက် ပထမနေရာ ရရှိခဲ့သည်။ ရွှေတံဆိပ်ခြောက်ခုနှင့်အတူ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ကိုးခု ဆုတံဆိပ် စုစုပေါင်း ၂၁ ခု ရယူနိုင်သည်အထိ အောင်မြင်မှုရလဒ်ကောင်းများ ရခဲ့သည်။

ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည့် ပြိုင်ပွဲအမျိုးအစားများကို ပြန်ကြည့်လျှင် အမျိုးသားလေးယောက်တွဲ အပြပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ လက်နက်မဲ့ ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးလေးယောက်တွဲ သရုပ်ပြပြိုင်ပွဲ၊ အမျိုးသားတစ်ဦး ချင်းပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးလက်နက် ခုခံကာကွယ်မှု သရုပ်ပြပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း လက်သိုင်းပြိုင်ပွဲတို့ဖြစ်သည်ကို တွေ့ရသည်။ သိန်းစိုး၊ စိုင်းစိုးစိုး၊ ဇော်ဇော်၊ ကျော်မိုးထက် (လေးယောက်တွဲ)၊ ခြူးသဉ္ဇာစိုး၊ ပပဝင်း (နှစ်ယောက်တွဲ)၊ မော်မော်ဦး၊ ချမ်းမြေ့အောင်၊ ခိုင်သူရ၊ မျိုးသူထွန်း (လေးယောက်တွဲ)၊ ချိုမာလင်း၊ အောင်သူရ၊ ကောင်းထက်လျှံ၊ ကိုကိုနိုင် (လေးယောက်တွဲ)၊ အောင်ကိုဝင်း(တစ်ဦးချင်း)၊ အောင်ဇော်သက် (တစ်ဦးချင်း) တို့ သည် ရွှေတံဆိပ် ဆွတ်ခူးရရှိသည့် ကစားသမားများဖြစ်ကြသည်။

နေပြည်တော်တွင်ကျင်းပသည့် ဆီးဂိမ်းအကြိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ကြသည့် နိုင်ငံအသီးသီးမှ ပြိုင်ဘက်ကစားသမားတစ်ဦးချင်း၊ အတွဲလိုက် စွမ်းရည်ပိုင်း၊ နည်းစနစ်ပိုင်း အားသာချက်၊ အားနည်းချက်များကို လက်တွေ့ အနီးကပ်လေ့လာသိရှိနိုင်ခဲ့ခြင်းသည် လာမည့် ဆီးဂိမ်းပြိုင်ပွဲကြီး (အောင်မြင်မှု)အတွက် များစွာအထောက်အပံ့ ဖြစ်စေခဲ့သည်။

ဆီးဂိမ်းအကြို ပြိုင်ပွဲ ရွှေဆုဆွတ်ခူးရရှိသည့် ကစားသမားများအနေဖြင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲမှာလည်း အမြင့်ဆုံး ဆုတံဆိပ် ပိုင်ဆိုင်နိုင်အောင် လေ့ကျင့်မှုများ ယခုထက်ပိုမို ပြင်းပြင်းထန်ထန်လုပ်ဆောင်ကြရန် လိုအပ်နေ သေးသည်။

မည်သို့ပင်ဖြစ်ပါစေ မြန်မာ့သိုင်းကစားသမားများတစ်ဖြစ်လဲ မြန်မာဗိုဗီနမ် အားကစားသမားများအနေဖြင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲမှာမှ မာကျောမှုနှင့် ပျော့ပျောင်းမှု (Hard and Soft) ဟု အဓိပ္ပာယ်ရသည့် အားကစားနည်းကို ပထမဦးဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဆီးဂိမ်းအကြိုပြိုင်ပွဲများတွင် ထုတ်ပြခဲ့သည့် ကစားသမားတစ်ဦးချင်းစီအပြင် အဖွဲ့လိုက်ပါ အပြ၊ အတိုက်နှစ်မျိုးစလုံးတွင် စွမ်းရည်ပိုင်းထက်မြက် ကောင်းမွန်မှု၊ ကစားသမားများ၏ လက်ရှိမှာ အရှိန်အဟုန်ပြင်းပြင်းဖြင့် ကြိုးစား လေ့ကျင့်ပြင်ဆင်နေမှုများက ဆီးဂိမ်းပြိုင်ပွဲ ရွှေဆုတံဆိပ်အတွက် အလား အလာကောင်းများ ရရှိနေပြီဟုဆိုနိုင်သည်။ သို့ဖြစ်၍ ဆီးဂိမ်းရွှေရောင် မျှော်လင့်ချက်လင်းလက်တောက်ပနေသည့် အားကစားနည်းနှင့် အားကစား သမားများစာရင်းတွင် ဗိုဗီနမ်အားကစားနှင့် မြန်မာဗိုဗီနမ်ကစားသမားများ လည်း အပါအဝင်ဖြစ်နေသည်ဟု ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

[(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးအား ကြိုဆိုဂုဏ်ပြုလျက်]

မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာကျောင်း (၁၀)ရက်အထူးတရားစခန်းပွဲ

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်၊ အမှတ်(၅)၊ မေခလမ်း၊ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရကျောင်းတွင် (၁၀)ရက်တရားစခန်းပွဲကို ၁၉-၉-၂၀၁၃ရက် ညနေ ယောဂီ အရောက် ၂၀-၉-၂၀၁၃ရက်မှ ၂၉-၉-၂၀၁၃ရက်ထိ ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားချစ်ခင် သူတော်စင်တို့သည် တရားစခန်းဝင်လိုပါက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးသို့ လည်းကောင်း၊ ဖုန်း-၀၉၅၁၃၇၀၈၆၊ ၀၉၅၀၉၅၅၉၁၊ ၀၉၃၁၀၆၇၃၀၈တို့၌လည်းကောင်း စာရင်းပေးသွင်းနိုင်ပါသည်။ ယင်းစခန်းပွဲ၌ နိဗ္ဗာန်ရွှေဂူကျောင်းဆရာတော် ဘဒ္ဒန္တသောဏ(မွှောစရိယ B.A) ကိုယ်တော်တိုင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးကျင့်စဉ်များကို ဘုရားရှင်၏အလိုတော်ကျ အာစရိယဩဝါဒများ ဦးထိပ်ထားလျက် ဟောကြားပြသမည်ဖြစ်ပါသည်။

လမ်းညွှန် - ၄၃၊ ပုလဲအထူး၊ မေတ္တာလှိုင်းပုလဲ၊ ၂၃၆၊ ၁၃၀၊ ၁၃၃၊ ၁၀၂၊ ၅၁ ပုလဲ တို့ကိုစီး၍(၁၂)လမ်းမှတ်တိုင်ဆင်းရန်ဖြစ်ပါသည်။

မှတ်ချက် - အရုဏ်ဆွမ်း/နေ့ဆွမ်း စသည့်ကုသိုလ်များပါဝင်လှူဒါန်းနိုင်ပါသည်။





ကျေးဇူးဆပ်ပါမည်

မမိတ်ဆုန်[၁၃/ကခန(နိုင်)၀၀၀၃၅၀]၏မှတ်ပုံတင်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာတွင် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပို့ပါရန်။ ထိုက်ထိုက် တန်တန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉- ၅၁၀၃၀၅၉၊ ၀၉-၂၀၃၇၈၅၈၊ ၀၉-၄၉၂၇၇၁၉၉၊ ၀၉-၇၃၂၄၀၉၆၉၊ ၀၁-၂၀၀၇၄၇(လိုင်းခွဲ- ၃၉၉၉)၊ ၂၉၇၆၀၀ (လိုင်းခွဲ- ၃၉၉၉)

ကျေးဇူးဆပ်ပါမည်

ရှီဖူးနှင့်ပီးဂနီး(စ)စပ်အဖြူရောင်ခွေးဖြူလေးမှာ ၃၁-၈-၂၀၁၃ရက် ည ၈နာရီ ဝန်းကျင်တွင် မဟာမြိုင်လမ်း၊ အထက-၂၊ စမ်းချောင်းအနီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ နေရပ်လိပ်စာသို့ ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၅၀၁၅၃၁၊ ၀၉-၅၀၃၉၂၃၉၊ ၀၉-၇၃၀၄၄၁၅၆၊ ၀၉-၇၃၂၂၉၅၇၁၊ ၀၉-၇၃၂၂၉၅၄၈၊ **(KM&Baby)Fashion Shop** (၃၁)**I**၊ မဟာမြိုင်လမ်းသွယ်၊ စမ်းချောင်းမြို့နယ်၊ အ. ထ. က(၂)စမ်းချောင်းကျောင်းရှေ့။

စိတ်ဖောက်ပြန်ပြီး မိသားစုအား ရိုက်နှက်

ရန်ကုန် စက်တင်ဘာ ၄

သယ်န်းကျွန်း မြို့နယ် သုဝဏ္ဏ (၂၉) ရပ်ကွက် မင်းဒင်လမ်းတွင် စက်တင်ဘာ ၂ ရက် ည ၁၁ နာရီ မိနစ် ၅၀ က ဒေါ်သန်းရီ (၇၀) နှစ်သည် အိပ်ခန်း အတွင်း အိပ်ပျော်နေစဉ် သားဖြစ်သူ ဇော်သူရိန် (၃၈) နှစ်သည် စိတ်ဖောက်ပြန်ပြီး သစ်သားတုတ်ဖြင့် သမီး မေဇော်ကိုရိုက်ပြီး အိမ်ရှေ့ခန်း၌ လဲကျသွားစဉ် ခင်ပွန်းဖြစ်သူ ဦးအေးကြူအား ဆက်လက်ရိုက်နှက်သည်ကို တွေ့ရ၍ သားကြီး ဇော်မျိုးအေးက အိပ်ရာမှနိုးပြီး ဝင်ရောက်ဆွဲရာ ဇော်သူရိန်က ဆက်လက်ရိုက်နှက်ပြီး အိမ်မှ ထွက်သွားသည်။

ခင်ပွန်းဖြစ်သူ ဦးအေးကြူအား သေဆုံးအောင်ပြုလုပ်ပြီး ဇော်မျိုးအေးနှင့် မေဇော်တို့အားဒဏ်ရာရရှိအောင်ပြုလုပ်သူ ဇော်သူရိန်အား အရေးယူပေးရန် ဒေါ်သန်းရီ၏ တိုင်တန်းမှုကို သုဝဏ္ဏမြို့မရဲစခန်းက (ပ) ၂၇၇/၁၃၊ ပြစ်မှုပုဒ်မ ၃၀၂/ ၃၂၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၃၀)**

သမိုင်းခုံးကျော်တံတား၌ ခရီးသည်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးပလက်ဖောင်းပေါ်ကျော်တက်

ရန်ကုန် စက်တင်ဘာ ၄

မရမ်းကုန်းမြို့နယ် သမိုင်းခုံးကျော်တံတားအဆင်း၌ ခရီးသည်တင်ယာဉ် တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ပလက်ဖောင်းကိုကျော်တက်၍ ကျောင်းသားနှစ်ဦးအား တိုက်မိမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂ ရက် နံနက် ၆ နာရီခန့်က မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်း အတိုင်း အရှေ့မှအနောက်ဘက်သို့ ယာဉ်မောင်းမင်းမင်းထွန်း (၃၆)နှစ် သယ်န်းကျွန်းကြီးရပ် မင်္ဂလာဒုံမြို့နယ် နေသူ မောင်းနှင်လာသော ယာဉ် အမှတ် ၁က/. . . . ဒိုင်နာယာဉ်လိုင်း (၁၂၁) ယာဉ်သည် သမိုင်းခုံးကျော် တံတားအနီးအရောက် ရှေ့မှမောင်းနှင်နေသော ယာဉ်အားကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် ပလက်ဖောင်းပေါ်၌ လမ်းလျှောက်လာသူ အထက(၁) မရမ်းကုန်းကျောင်းမှ ကိုးတန်း ကျောင်းသားနှစ်ဦးအား တိုက်မိ၍ ကျောင်းသားနှစ်ဦးတွင် ဖူးရောင်ပေါက်ပြဲ ဒဏ်ရာများရရှိကာ ယာဉ်ပေါ်ပါ (သက်ငယ်) သီလရှင် တစ်ပါးတွင် ဖူးရောင်ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ပြီး ၎င်းယာဉ်မှာ လမ်းဘေးတွင် ရပ်ထားသော အငှားယာဉ်တစ်စီးအား ထပ်မံတိုက်မိ၍ ယာဉ်နှစ်စီးလုံးပျက်စီး သွားခဲ့သည်။

ဒဏ်ရာရရှိသူများသည် အင်းစိန်ဆေးရုံ၌ အတွင်းလူနာ၊ ပြင်ပလူနာ များအဖြစ် တက်ရောက်ကုသမှုခံယူလျက် ရှိပြီး ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းအား ဘုရင့်နောင်နယ်မြေ ရဲစခန်းက ယာဉ်(ပ)၃၃/၂၀၁၃၊ ပြစ်မှုပုဒ်မ-၂၇၉/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၃၇)**

ဒိုင်နာနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ ဆိုင်ကယ်စီးသူနှစ်ဦး သေဆုံး

မုံရွာ စက်တင်ဘာ ၄

စစ်ကိုင်းမြို့ ကံတလူတိုးလ်ဂိတ်အနီး စစ်ကိုင်း-ရွှေဘို ကားလမ်းမိုင်တိုင် အမှတ်(၂၀/၇)နှင့်(၂၂/၁)အကြား ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီခွဲက ဒိုင်နာယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်း ဆိုင်တိုက်မိရာ ဆိုင်ကယ်စီးသူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းငွေဝင်း (၄၆) နှစ် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်သည့် ၁၀/--- ဒိုင်နာယာဉ်နှင့် ဖိုးထောင် (၂၃) နှစ် မအူပင်အရှေ့ရွာ စစ်ကိုင်းမြို့နယ် စီးနင်းပြီး တစ်ရွာတည်းနေ မျိုးကိုကို (၂၂) နှစ် လိုက်ပါသည့် ၂ယ/-- မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိရာ ဖိုးထောင်နှင့် မျိုးကိုကိုတို့နှစ်ဦးမှာ နေရာတွင်ပင် သေဆုံးခဲ့သဖြင့် စစ်ကိုင်းမြို့အမှတ် (၁) ရဲစခန်းက ငွေဝင်းအား ယာဉ်(ပ) ၆၉/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

ရဲချင်းစကားများရာမှ သေနတ်နှင့်ပစ်ခတ်၍ တစ်ဦးသေ

မန္တလေး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့များရုံး၌ စက်တင်ဘာ ၂ရက် ည ၁၁ နာရီတွင် တာဝန်ကျနေသော ရဲဝန်ထမ်းအချင်းချင်း စကားများရာမှ သေနတ်နှင့်ပစ်ခတ်ခဲ့သဖြင့် ရဲဝန်ထမ်းတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မှုခင်းအထူးတပ်ဖွဲ့ရုံးတွင် ရဲအုပ်မောင်တင့် တာဝန်ကျအခန်းအတွင်းရှိနေစဉ် ဒုရဲအုပ်သိန်းသန်းစိုးက အခန်းအတွင်းသို့ဝင်ရောက်၍ သေနတ်နှင့်ပစ်ခတ်ခဲ့ရာ သေဆုံးမှုဖြစ်ပွားခဲ့သည်။ သေနတ်နှင့် ပစ်ခတ်ရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ပြစ်မှုကျူးလွန်သူ ဒုရဲအုပ်သိန်းသန်းစိုးအား ချမ်းအေးသာစံမြို့နယ် အမှတ်-၃ရဲစခန်းက (ပ) ၃၉၇/ ၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(မောင်ပြည်သူ)**

ဘိန်းစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၄

ဩဂုတ် ၂၆ ရက် ညနေ ၉ နာရီက ရှမ်းပြည်နယ် အောင်ပန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ အောင်ပန်းမြို့ မိုးကောင်းဘုန်းတော်ကြီးကျောင်းဝင်း ဆွမ်းစားဆောင်၌ တည်းခိုနေသည့် ဆီဆိုင်မြို့နယ် ထီရိကျေးရွာအုပ်စု ထီထယ်ထိုးကျေးရွာနေ မောင်ကျော် (၃၄) နှစ်အား ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၃ ကီလို နှင့် ဆိုင်ကယ် Tool Box အတွင်းမှ ဘိန်းစိမ်း ၃ ဒသမ ၉ ကီလို စုစုပေါင်း ၅ ဒသမ ၂ ကီလို တန်ဖိုးငွေကျပ် ၃၃ ဒသမ ၈ သိန်းကို ဖမ်းဆီးရမိခဲ့သဖြင့် အောင်ပန်းမြို့မရဲစခန်းက မယ(ပ) ၈/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဟန်းဖုန်းခိုးယူသည့် အဖွဲ့အား ထိရောက်စွာ အရေးယူသင့်

မင်းဘူး စက်တင်ဘာ ၄

မင်းဘူးမြို့ပေါ်နှင့် စားသောက်ဆိုင် အချို့တွင် ဟန်းဖုန်းခိုးယူခြင်းများ ရှိနေခြင်းကြောင့် ပျောက်ဆုံးမှုများ မကြာခဏကြုံတွေ့နေရပြီး ယင်းဖြစ်စဉ်များအပေါ် ထိရောက်စွာ အရေးယူ ဖမ်းဆီးနိုင်မှု မရှိသေးကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးက ဖုန်းကိုရုံးတွင် အားသွင်းထားခဲ့ပြီး အပြင်ခဏ ထွက်သွားစဉ် ပြန်ရောက်သောအခါ ဖုန်းပျောက်နေ၍ တခြားဖုန်းဖြင့် ဆက်သွယ်ကြည့်ရာ ခိုးယူသွားကြောင်းနှင့် ငွေဖြင့် ချိန်းဆိုသည့်နေရာတွင် လာရွေးရန် ပြန်ပြောကြောင်း ကြားသိခဲ့ရသည်။ ရပ်ကွက်နေပြည်သူတစ်ဦးကလည်း အဆိုပါ အဖွဲ့များသည် လမ်းဘေးတွင် ရေသန့်ဘူးကောက်သည့်ကလေးများပါ ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ ဂိုဏ်းအဖွဲ့ဖြင့် လှုပ်ရှားနေကြောင်း၊ ခိုး၍ရလျှင် မကွေးဘက်တွင်သာ ချိန်းဆိုကြကြောင်း ပြောကြားသဖြင့် ဟန်းဖုန်းကိုင်သူများ အထူးသတိထားသင့်ပါကြောင်း တင်ပြအပ်ပါသည်။ **(မင်းဘူးသား)**

(၇၄)နှစ်မြောက် ဆရာတော်အရှင်ဦးဥတ္တမနေ့ အခမ်းအနား ဖိတ်ကြားခြင်း

မြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင် ဆရာတော်အရှင် ဦးဥတ္တမ၏ (၇၄)နှစ်မြောက် ဦးဥတ္တမနေ့ ဂုဏ်ပြုသည့်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူး၍ ရန်ကုန်ရောက် ရခိုင်လူမှုရေးအသင်းအဖွဲ့အစည်းများ စုပေါင်းပါဝင်သော ဖြစ်မြောက်ရေးကော်မတီမှ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တိုင်းရင်းသားညီနောင်များနှင့် မိဘပြည်သူများ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (ရန်ကုန်ရောက် ရခိုင်သူ/သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်၍ ဂုဏ်ပြုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။)

နေ့ရက် - ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလ ၉ ရက်(တနင်္လာနေ့)
အချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ
နေရာ - မြန်မာကွန်ဗင်းရှင်းစင်တာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ





ပျောက်ဆုံးကြောင်း ကြေညာခြင်း

New Global View Co.,Ltd. ပိုင် သွင်းကုန်လိုင်စင်အမှတ်-WQIL, 1-13-14 2294(5-7-2013) (4-10-2013)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပါရန်။

New Global View Co.,Ltd.
Ph:01-380922, 01-295783





အင်းမမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

ပြည်   စက်တင်ဘာ   ၄

ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ဆင်းရဲနွမ်းပါးမှု လျှော့နည်းကျဆင်းရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေရေး၊ ဒေသတွင်း ငါးသယံဇာတပေါများပြန့်ပွားစေရေး လုပ်ငန်းတစ်ရပ်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူရန်အတွက် ငါးမျိုးပေးအပ်ပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီက ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမတော်ကျေးရွာ၌ ကျင်းပခဲ့သည်။**(အောက်ပုံ)**

ထို့နောက် တာဝန်ရှိသူများက ကျေးရွာစပါးစိုက်တောင်သူများအား စပါးခင်းများအတွင်း စိုက်ထည့်မွေးမြူရန် ငါးမျိုးများ လွှဲပြောင်းပေးအပ်ကာ တောင်သူ ဦးဝင်းကျော်၏ လယ်မြေအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်းနှင့် ယနေ့ စပါးခင်းဧက ၂၂၀ အတွက် ငါးခုံးမ ငါးသန်ကောင်ရေ ၇၇၀၀၀၊ ရွှေဝါငါးကြင်း ငါးသန်ကောင်ရေ ၃၃၀၀၀ စုစုပေါင်း ငါးသန်ကောင်ရေ ၁၁၀၀၀၀ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းအောင်၊ သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦး၊ ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စပါးစိုက်တောင်သူ ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၉၇)

မင်းဘူး(စကု)မြို့နယ် ကြာကန်ရွာက(၉၉)တံခါးကျောင်းတိုက်

မင်းဘူး   စက်တင်ဘာ   ၄



မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကြာကန်ကျေးရွာ၏ မြောက်ဘက်တွင် ရှေးနှစ်ပေါင်း(၁၀၀)ခန့်က ဆောက်လုပ်လှူဒါန်းခဲ့သော (၉၉) တံခါးတိုက်ကျောင်းကြီးမှာ ယနေ့ထက်တိုင် ရှေးဟောင်းအမွေအနှစ်အဖြစ် ရှိနေကြောင်း သိရသည်။

(၉၉)တံခါးတိုက်ကျောင်းကြီး ဒါယကာ ဦးမြတ်ကျော်၊ ဒေါ်ဗိုင်းဗုံတို့ဇနီးမောင်နှံသည် ၁၂၇၅ ခုနှစ်က တည်ဆောက်ခဲ့သောကြောင့် ယခုအခါ (၉၉)နှစ် သက်တမ်းရှိပြီဖြစ်သည်။ ဦးမြတ်ကျော်သည် မင်းဘူး(စကု)မြို့နယ် ဝက်လွတ်ရှားတောကျေးရွာ ဇာတိဖြစ်ပြီး ဒေါ်ဗိုင်းဗုံမှာ ကျိုက်လတ်ဇာတိဖြစ်သောကြောင့် အောက်ပြည်အောက်ရွာ၌ ဆန်စက်လုပ်ငန်းလုပ်ကိုင်ကြသည်။ မန္တလေးတွင် ပရိယတ္တိစာပေများ သင်ကြားနေသော ဦးမြတ်ကျော်၏တူ ဦးကောတိဏ္ဏအတွက် ကျောင်းပြီးလျှင် ကျောင်းထိုင်ရန် (၉၉) တံခါးတိုက်ကျောင်းကြီးကို ဆောက်လုပ်ခဲ့သည်ဟု သိရသည်။ တိုက်ကျောင်းကြီး၏ ပန်းရန်ဆရာမှာ အိန္ဒိယနိုင်ငံမှ ခေါ်ယူခဲ့သည်။ (၉၉)တံခါးတိုက်ကြီးကို တည်ဆောက်ရာတွင် ထိုစဉ်က ကုန်ကျငွေမှာ ငွေဒင်္ဂါးရှစ်တင်း ကုန်ကျခဲ့သည်ဟု သိရသည်။

(၉၉)တံခါးတိုက်ကြီး၏ အနောက်ဘက်ဆင်ဝင်ဝတွင် ကမ္ပည်းထိုးထားသည်ကို မူလသတ်ပုံအတိုင်း တင်ပြပါသည်။

"ဘဝပ်ဆင်တိပ်မြို့၊ အထာဂူဒီးရွာ ပရံဆြာဂူဂူဆာမိ"

"အလှူရှင် ကျိုက်လတ်မြို့တိုက်ကျောင်း ဒါယကာ ဦးမြတ်ကျော်-ဒေါ်ဗိုင်းဗုံ သားသမီးတစ်စုကောင်းမှု (U Myat Kyaw with Ma Bine Bon)ဟု ရေးသားထားသည်။လက်ရှိကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရက-

"ဒီတိုက်ကျောင်းကြီးမှာ ဆရာတော်လေးဆက် ကျောင်းထိုင်ခဲ့တယ်၊ ဦးကောတိဏ္ဏ၊ ဦးကောသလ၊ ဦးတေဇနဲ့ ဦးစန္ဒာဝရတို့ ဖြစ်ကြပါတယ်။ ပထမဆရာတော်ကြီး ဦးကောတိဏ္ဏက လောကီပညာလိုက်စားတယ်၊ ဖိုလည်းထိုးတယ်၊ ကိုးနဝင်းကျေအောင် အပေါက်(၉၉)ပေါက် ဖောက်ထားတာလို့ သိရတယ်၊ တံခါးတွေက နှစ်ထပ်တံခါးတွေ၊ အပြင်မှာ ပျဉ်တံခါး၊ အတွင်းက မှန်တံခါးဖြစ်တယ်။ ဘုရားခန်းအပါအဝင် ဆင်ဝင်လေးခု၊ အခန်းလေးခန်း၊ ဆင်ဝင်လေးခုလုံးမှာ အတက်လှေကားတွေ တပ်ဆင်ထားတယ်၊ အခန်းအကျယ်က အလျား ၁၂ ပေ × အနံ ၉ ပေ ရှိတယ်၊ (၉၉)တံခါးတိုက်ကြီးရဲ့အမြင့်က ပေ ၅၀ ရှိပြီး အလျား ပေ ၆၀×အနံ ပေ၆၀ ရှိတယ်၊ မျက်နှာကြက်က ကျွန်းပျဉ်တွေနဲ့ ရိုက်ထားပြီး ဖွင့်လို့၊ ပိတ်လို့ရတဲ့ လေဝင်ပေါက်တစ်ခုလည်း ရှိတယ်၊ ရှေးဆရာတော်ကြီးအဆက်ဆက်အသုံးပြုခဲ့သော ကျွန်းခုတင်ကြီးနှစ်လုံးမှာ ပန်းကနုတ်များဖြင့် အနုစိတ်ခြယ်မှုန်းထားပါတယ်။ နောက်စာအုပ်ဗီရိုနှစ်လုံးက ဒေါင်းရုပ်များ၊ နံရံဆေးရေးပန်းချီများ၊ ကျောက်စားပွဲ၊ စာတိုက်နှင့် ရှေးဟောင်းပြိုင်လှေပုံစံငယ်တစ်စင်းလည်း ရှိပါသေးတယ်" ဟု အသေးစိတ်ရှင်းပြသည်။

တိုက်ကျောင်းအတွင်းသို့ ဝင်ကြည့်သောအခါ စကျင်ကျောက်တိုင်ကြီးများနှင့်တူသော တိုင်ကြီးများမှာ လူတစ်ဖက်စာခန့်ရှိကြောင်း တွေ့ရသည်။ ထိုကျောင်းတိုင်လုံးကြီးများ၏ ထိပ်အုပ်ကို ကနုတ်ပန်းခက်များဖြင့် ပုံဖော်ထားသည်။

"ခုဆို ဒီတိုက်ကျောင်းကြီးရဲ့ သက်တမ်းဟာ နှစ်(၁၀၀)လောက်ရှိသွားပြီ၊ ရာသီဥတု လေဒဏ် မိုးဒဏ်ကြောင့် တချို့နေရာတွေမှာ ပျက်စီးယိုယွင်းစပြုနေပါပြီ၊ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းနိုင်မယ်ဆိုရင် ရှေးဟောင်းသမိုင်းအမွေအနှစ်တစ်ခုဖြစ်လို့ နိုင်ငံတော်အတွက် တန်ဖိုးရှိလာနိုင်ပါတယ်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကလည်း နီးနေပြီဆိုတော့ နိုင်ငံခြားသားတွေ မြန်မာနိုင်ငံအနှံ့ ဝင်ရောက်လေ့လာကြတော့မယ်၊ ဒီဘက်ကိုလည်း ရောက်လာနိုင်ပါတယ်၊ ဒီတိုက်ကျောင်းကို ရှေးမူမပျက် ပြုပြင်ပေးနိုင်မယ့် အလှူရှင်လိုအပ်ပါတယ်၊ ပြုပြင်ချင်တဲ့ဆန္ဒရှိရင် ဦးစန္ဒာဝရ ဖုန်း-၀၉-၄၀၁၅၇၂၉၂၉ ကို ဆက်သွယ်ပြီး ဆွေးနွေးညှိနှိုင်းနိုင်ပါတယ်"ဟု ကျောင်းထိုင်ဆရာတော်က အမိန့်ရှိခဲ့သည်။

(မကွေးလှမြင့်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)အတွက် 500 KVA Generator(Open type)(1 Lot)အား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၈-၂၀၁၃ ရက်မှ စတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၉-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်း
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

အမြန်ဆက်သွယ်ပါရန်

ဦးခင်ဆွေ(ဘ)ဦးမောင်နှစ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/လမန(နိုင်) ၀၃၂၀၅၉] သည် အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်ရန် အကြောင်းကြားပါသည်။

ဒေါ်အေးအေးချစ် ၀၉၂၅၀၀၇၇၃၃၅
ဦးကျော်ဆွေ ၀၉၅၀၈၃၃၅၄
ဦးမြင့်စိုးဦး ၀၉၃၁၂၉၃၄၀၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (စ/ဘုရင့်နောင်)၊ မြေကွက်/ဦးပိုင်အမှတ်(၈၀ᶜ)၊ ဧရိယာ ၀.၀၅၆ဧက၊ မြေကွက်တည်နေရာအမှတ်(၈၀ᶜ)၊ ဗိုလ်မင်းရောင်ရပ်၊ တပ်ကုန်းမြို့ရှိ ဦးရိုးမောင်-ဒေါ်ကျင်ပု အမည်ဖြင့် ပိုင်ဆိုင်သော ဂရန်မြေအား အမည်ဦးရိုးမောင်၊ ဒေါ်ကျင်ပု[၉/တကန(နိုင်)၀၁၂၃၆၀][၉/တကန(နိုင်)၀၁၂၄၂၂] အဖအမည် ဦးမြ၊ ဦးဝိုင်းကျော်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄-၉-၂၀၁၃ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့မှ လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က)	တာယာအမျိုးမျိုး (၈)မျိုး	(၄၃)လုံး
(ခ)	အင်ဂျင်ဝိုင်(SAE-50)	(၂)ပီပါ
(ဂ)	ဂီယာဝိုင်(SAE-90)	(၁)ပီပါ

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၂၆-၉-၂၀၁၃ ရက်၊ မွန်းလွဲ ၁း၀၀ နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး၊ ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်)ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
မိတ္ထီလာမြို့

စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်သွင်းလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for Mini Excavator	၁၂ စီး	HIE-1/020
(ခ)	Casting Parts and Accessories for Mini Excavator	၈ စုံ	HIE-1/021

၂။ တင်သွင်းသူများသည် လိုအပ်သော ငွေကြေးကို (၆)လမှ (၁)နှစ်အတွင်း ခေတ္တ စိုက်ထုတ်ထားနိုင်သူများဖြစ်ရန် လိုအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification) များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ၄-၉-၂၀၁၃ ရက်မှ စတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၃-၉-၂၀၁၃ ရက် (၁၆း၀၀) နာရီ ဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြု/သားဖွားသင်တန်းကျောင်း၊ ထားဝယ်မြို့/မြိတ်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်သူနာပြုသင်တန်းကျောင်း၊ နှစ်ထပ်အုပ်ချုပ်ရေးဆောင်၊ စာသင်ဆောင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် မြိတ်သားဖွားသင်တန်းကျောင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၉-၂၀၁၃ရက်
တင်ဒါပုံစံပိတ်ရက်/အချိန် - ၄-၁၀-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းကမ်းများနှင့် လုပ်ငန်းအချက်အလက်များကို သိရှိလိုပါကသူနာပြုသင်တန်းကျောင်း၊ ထားဝယ်မြို့နှင့် သားဖွားသင်တန်းကျောင်း၊ မြိတ်မြို့ ဖုန်း-၀၅၉-၂၁၃၆၉၊ ၀၅၉-၄၁၇၈၃ သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ



ဖွံ့ဖြိုးတိုးတက်လာသော ဒေသတွင်းကွန်ပျူတာနည်းပညာလုပ်ငန်း

စစ်ကိုင်း စက်တင်ဘာ ၄

IT နည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍတီထွင်မှု ပြုပြင်မှုကဏ္ဍတို့တွင် နည်းပညာအကူအညီများနှင့် တွဲဖက်လုပ်ဆောင်သည့် လုပ်ငန်းကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေရသည်။ ထို့အတူ ဓာတ်ပုံလုပ်ငန်းများတွင်လည်း ကွန်ပျူတာအကူအညီဖြင့် ပုံပြုပြင်ခြင်း (Photoshop)ဆိုင်များလည်းများလာသည်။

ဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် နည်းပညာဆိုင်ရာ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍဖြစ်သည့်အတွက် ဒေသတွင်းကွန်ပျူတာသုံးစွဲသူများနှင့် ကွန်ပျူတာအသုံးပြုသူ ဦးရေမှာ တစ်ဟုန်ထိုးမြင့်တက်လာပြီး ၎င်းလုပ်ငန်းမှာ ဝင်ငွေအလွန်ကောင်းသော လုပ်ငန်းဖြစ်၍ ကွန်ပျူတာလုပ်ငန်း လုပ်ကိုင်သူများပြားလာသော်လည်း ကွန်ပျူတာလုပ်ငန်းရှင်အချို့မှာ လုပ်ငန်းလိုင်စင်ပြုလုပ်ထားခြင်း မရှိသူများရှိနေသည်ကို သိရသဖြင့် နိုင်ငံတော်၏ ဘဏ္ဍာဝင်ငွေ မထိခိုက်စေရေးအတွက် ကွန်ပျူတာလုပ်ငန်းဖြင့် မိမိ၏စားဝတ်နေရေးဖူလုံစေသည့်အပြင် ကွန်ပျူတာ IT နည်းပညာဖြင့် ပြည်သူများအား အကျိုးပြုနိုင်ပါစေဟု ဆန္ဒပြုရေးသားတင်ပြလိုက်ပါသည်။

(၂၂၅)

စီးပွားရေးကြော်ငြာ

ကျောင်းကျန်းမာရေး စံပြကျောင်းများဆုချီးမြှင့်

ရမည်းသင်း စက်တင်ဘာ ၄

ကျောင်းကျန်းမာရေး စံပြကျောင်းဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါတိုးအရှေ့ အခြေခံပညာမူလတန်းလွန်ကျောင်းစုဝေးရုံးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာထက်နုဝေက စံပြကျောင်းကျန်းမာရေးကျောင်းရွေးချယ်ရာတွင် မှန်ကန်သောကျန်းမာရေးအသိပညာရရှိရေး၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသောကျောင်းဖြစ်ပေါ်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းကျန်းမာရေးစံပြကျောင်းဆုရရှိသော နတ်စင်ကျောင်း၊ တိန်ညဏ်ကုန်းကျောင်း၊ ကျောင်းဖြူကုန်းကျောင်းနှင့် နှစ်သိမ့်ဆုရကျောင်း သုံးကျောင်း စုစုပေါင်း ခြောက်ကျောင်းတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဒေါက်တာနီလာထွန်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးဉက္ကဋ္ဌဒေါ်ထားထားဝင်းနှင့် တာဝန်ရှိသူအသီးသီးတို့က ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းကျန်းမာရေးစံပြကျောင်းပထမဆုရ နတ်စင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းထွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

လူမှုကရုဏာလုပ်ငန်းများနှင့် သန်လျင်သားတို့၏အားမာန်

သတင်းမှတ်စု-သန်းဝင်း(သန်လျင်)

လူ့ဘဝတွင်မွေးဖွားခြင်းမှ ကွယ်လွန်သည်အထိ ဘဝဇာတ်ခုံအဖုံဖုံကို ရင်ဆိုင်အန်တုရင်းဖြတ်သန်းရစမြဲဖြစ်ပါ၏။ ပရိဒေဝသောကမီးများ လောင်မြိုက်သော အချိန်များနှင့်လည်း မလွဲမသွေကြုံတွေ့ကြရမည်သာဖြစ်ပါသည်။ ချမ်းသာပြည့်စုံသောလူတန်းစားများအတွက် မပြောပလောက်သော်လည်း မပြည့်စုံသော အခြေခံလူတန်းစားများအတွက် နောက်ဆုံးခရီးဖြစ်သော(နာရေး)ကိစ္စသည်လည်း ဝန်ထုပ်ဝန်ပိုးတစ်ခုပင်။ ထိုအခက်အခဲကို သန်လျင်မြို့နယ်ဖွားသန်လျင်သားမြို့မိမြို့ဖများက ကြိုးစားအကောင်အထည်ဖော်လိုက်ခြင်းလည်း ဖြစ်ပါသည်။

သန်လျင်မြို့နယ်သည် ရန်ကုန်မြို့နှင့်အနီးဆုံးနေရာတွင် တည်ရှိကာ အပြည်ပြည်ဆိုင်ရာ သင်္ဘောဆိပ်ကမ်းများ၊ စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် တက္ကသိုလ်ကြီးများတည်ရှိရာ ခရိုင်မြို့ဖြစ်သည့်အတွက် လူဦးရေထူထပ်များပြားလာမှုကြောင့် နာရေးကိစ္စများဆောင်ရွက်ရာတွင် မြို့ပြစီမံကိန်းဧရိယာအတွင်းကျရောက်လျက်ရှိသော ဘုရားကုန်းကျေးရွာအုပ်စု ပျဉ်ထောင်ကျောင်းသုသာန်နှင့် ဗိုလ်ချုပ်ကျေးရွာသုသာန်တို့တွင် မြုပ်နှံသင်္ဂြိုဟ်လျက်ရှိရာ နေရာရှားပါးမှုဖြစ်ပေါ်ပြီး နာရေးကိစ္စအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

မြို့မိမြို့ဖများ၊ စေတနာရှင်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် မြေယာဝယ်ယူကာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ညှိနှိုင်း၍ ယခင်မြေ နှစ်ဧကဝန်းကျင်သာရှိသော အမိုးနီသုသာန်အနီး ညောင်သုံးပင်ကျေးရွာရှိ မြေ ၁၅ ဧကအကျယ်အဝန်းနေရာတွင် မီးသင်္ဂြိုဟ်စက်တည်ဆောက်ခြင်း၊ ပေ(၄၀×၃၀) အအေးတိုက်၊ ပေ(၂၀၀×၃၀၀)ကားရပ်ရန် နေရာပတ်လမ်း၊ (၃၇×၇၆)ပေ ဇရပ်သုံးဆောင်၊ စကြံနှင့် ကိုးပေအကျယ်၊ ကိုးလက်မဒု၊ အရှည်ပေ ၂၂၀၀ နှင့် အကျယ် ၁၈ ပေ၊ ကိုးလက်မဒု၊ အရှည်ပေ ၂၀၀၀ ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ယခုအခါ ကျန်ရှိသည့် လျှပ်စစ်မီးတပ်ဆင်ရေး၊ အဆောက်အအုံ၏ အချောထည်လုပ်ငန်းများနှင့် အရိပ်ရပန်းအလှပင်စိုက်ပျိုးရေး၊ ခြံစည်းရိုးကာရံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မကြာမီ အသုံးပြုနိုင်တော့မည့် လူမှုကရုဏာလုပ်ငန်းများကို သန်လျင်သားများနှင့် အလှူရှင်တို့၏စုပေါင်းအားမာန်တို့ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေ၊ အမိန့်-၅၊ နည်းဥပဒေ-၂၀)

ပဲခူးမြို့နယ်တရားသူကြီးရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

မနွယ်နီစံ	နှင့်	ကိုဇော်မင်း
(တရားလို)		(တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ကြိုးစက်လမ်း၊ အမှတ်(၁၄)နေ တရားပြိုင် ကိုဇော်မင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုက "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်(၁၃၇၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်တင်မော်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပဲခူးမြို့နယ်တရားရုံး

"နားလည်မှု"၏ စိန်ခေါ်ခြင်းကို သတိနှင့် ရင်ဆိုင်

နယ်ပယ်ကဏ္ဍအသီးသီးတွင် ရင်းနှီးကျွမ်းဝင်နေသည့် "နားလည်မှု" ဟူသော ပြောဆိုသုံးနှုန်းမှုရှိသည်။ မိမိ၏ပုဂ္ဂိုလ်ရေးအတွက်(သို့မဟုတ်) မိမိအသင်း/အဖွဲ့အစည်းအတွက် အသုံးဝင်သည်၊ ရယူရန်လိုအပ်သည်ဟု ယူဆသော တစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု လိုက်လျောမှု၊ နားလည်မှုမရရှိနိုင်သည့် အမျိုးမျိုးသော အကြောင်းကိစ္စများအား တွေ့ဆုံညှိနှိုင်းဖြေရှင်းဆောင်ရွက်တတ်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းအောင်မြင်မှုအတွက် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီညှိနှိုင်း"နားလည်မှု"ရယူနိုင်သည့်ကိစ္စရပ်များရှိသကဲ့သို့ ဥပဒေနှင့်မညီညွတ်သော ဥပဒေအပြင်ဘက်ရောက်နေသော်လည်း မိမိအတွက်(သို့မဟုတ်) အဖွဲ့အစည်း/အသင်းအဖွဲ့အတွက် လုပ်ငန်းလိုအပ်ချက်အရ အောင်မြင်အောင် ဆောင်ရွက်ရန်ရှိသည့်ကိစ္စများအား ထိတွေ့ဆက်ဆံရသော လူပုဂ္ဂိုလ်အဖွဲ့အစည်း လျှော့နည်းလာသော်လည်း နယ်ပယ်အသီးသီးတွင်နားလည်မှုဖြင့် ဆောင်ရွက်နေသည့် ကိစ္စရပ်များမှာ ယနေ့တိုင်တည်ရှိနေဆဲဖြစ်သည်။

"နားလည်မှု" ရှင်သန်ထွန်းကားခြင်း ခက်ခက်ခဲခဲ တိုက်ဖျက်နေသည့် "အဂတိလိုက်စားမှု"နှင့်ဆက်နွှယ်နေသည်ဟုဆိုနိုင်မည်ဖြစ်သည်။ လူပုဂ္ဂိုလ်အဖွဲ့အစည်းအချို့နှင့် လူအနည်းစုသာ အကျိုးရှိ/အဆင်ပြေနိုင်သော နားလည်မှုသည် အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းကိစ္စအား အဟန့်အတားဖြစ်စေနိုင်သဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်မည့် မျိုးဆက်သစ်လူငယ်များ၏ ခံယူချက်နှင့် ယုံကြည်ချက်ကို ယိမ်းယိုင်လွဲမှားသွားနိုင်သဖြင့် အထူးသတိထားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် "ပြည်သူဗဟိုပြု"လုပ်ငန်းများအား ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ရန် မူဝါဒများချမှတ်ရာတွင် ပြည်သူများအတွက်လက်တွေ့ကျပြီး အမှန်တကယ်လိုအပ်သည့်ကဏ္ဍများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တစ်ဖက်တစ်လမ်းမှ အားသွန်ခွန်စိုက်ပြုလုပ်ရန် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

အခြားတစ်ဖက်မှလည်း ပြည်သူများ၏ လက်တွေ့ဘဝနယ်ပယ်တွင် "ဓမ္မဓိဋ္ဌာန်ကျကျဖြစ်ပျက်နေမှုများ"အား အချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန် "ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့" ကို ဖွဲ့စည်း၍ ပြည်သူများ၏ ဘဝအမှန်နှင့် စစ်မှန်သောအသံများကို ဂရုစိုက်နားထောင်ကာ ပြန်လည်ဖြေရှင်းဆောင်ရွက်နေမှုများအတွက် ဝမ်းသာပီတိဖြစ်မိပါသည်။

ဩဂုတ် ၁၉ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြောကြားသော အမှာစကားတွင် "ရာထူးဆိုသည်မှာ အာဏာပြရန် မဟုတ်ပါကြောင်း၊ အဖွဲ့အစည်းတစ်ခုတိုးတက်အောင် ဦးဆောင်မှုပေးရန်အတွက် ပေးအပ်ထားခြင်းဖြစ်ပါကြောင်း"ပြောကြားထားသည်။ ပြည်သူနှင့်ထိတွေ့ဆက်ဆံရသည့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ အဆင့်ဆင့်သော ပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်မှ အလေးထားဆောင်ရွက်နေသည့် "ပြည်သူကိုဗဟိုပြုသည့်အုပ်ချုပ်ရေးစနစ်"ကျင့်သုံးနေမှု ရည်မှန်းချက်များအောင်မြင်စေရန် ပြည်သူလူထုယုံကြည်မှုအားနည်းစေသော၊ စိတ်ညစ်ညူးစေသော ကိစ္စရပ်များနှင့် အဂတိလိုက်စားမှုများကို မသိမသာ မပြုမူမိအောင် သတိထားရမည်ဖြစ်သည်။

ပြည်သူဗဟိုပြုလုပ်ငန်းစဉ်အတွက် အခရာအကျဆုံးသော လုပ်ငန်းစဉ်နှစ်ခုဖြစ်သည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် "တူညီစွာရယူခံစားသင့်သော်လည်း" ကုန်လွန်ပြီးခဲ့သော ကာလများက "နားလည်မှုများ" လွှမ်းမိုးခဲ့မှုကြောင့် ကွာခြားမှုများစွာနှင့် ကြုံတွေ့ခဲ့ရသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိကဆေးရုံဆေးခန်းများ၌ ငွေကြေးအခြေအနေအရ သွားရောက်ပြသကုသမှုမခံယူနိုင်သော အခြေခံလူတန်းစားအတွင်းမှ အမှန်တကယ်ကုသပေးရန် လိုအပ်သောရောဂါဝေဒနာရှင်များအား နိုင်ငံပိုင်ဆေးရုံဆေးခန်းများတွင် ရောဂါအလိုက် တတ်ကျွမ်းဆရာဝန်ကြီးများက ဝေဒနာရှင်များနှင့် ပိုမိုအချိန်ပေး၍ ထိတွေ့ကြည့်ရှုကုသနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ပညာရေးကဏ္ဍတွင်လည်း အတန်းအစားအသီးသီးမှ သင်ကြားနေသော အခြေခံပညာမှစ၍ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ဘွဲ့ရရှိသည်အထိ "သာတူညီမျှ ကွာခြားမှုမရှိသော ပညာရေးရပ်ဝန်း"တစ်ခုပေါ်ပေါက်လာအောင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏မူဝါဒလမ်းစဉ်အား မျက်ခြည်မပြတ်ထင်ဟပ်ဖော်ဆောင်သည်ဟု ထင်မြင်မိပါသည်။

ပြည်သူများနှင့်နီးနီးကပ်ကပ်ထိတွေ့ဆက်ဆံရသည့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်သူ့ထံမှ နေ့စဉ်အခွန်ကောက်ခံနေသော်လည်း ပြန်လည်ဝန်ဆောင်မှုပေးသည့်အခါ လုံလောက်သောဝန်ဆောင်မှုကို မပေးနိုင်ဘဲ "နားလည်မှု"ဟူသော ဆောင်ရွက်နေမှုများကြောင့် ပြည်သူ့အပေါ် တာဝန်မကျေပွန်မှုမဖြစ်မိရန်လည်း သတိပြုရပါမည်။

အဆုံးအဖြတ်ပေးနိုင်သည့် အဆင့်ဆင့်သော အရာထမ်းအချို့အနေဖြင့်လည်း အချို့ကိစ္စရပ်များတွင် ရက်အနည်းငယ်မှအစပြု၍ လချီကြာသည့်တိုင်အောင် ဆောင်ရွက်နေဆဲဖြစ်ကြောင်း ပြည်သူများထံမှ ကြားသိနေရပါသည်။

ပြည်သူထံမှ ကောက်ခံရရှိသော အခွန်အခများဖြင့် လည်ပတ်လစာအဖြစ်ရယူသုံးစွဲနေသော အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိအားအပ်နှင်းတာဝန်ပေးထားသော ရာထူးအဆင့်နှင့်လျော်ညီစွာ ပြည်သူ့အကျိုးစီးပွားများအတွက် အထူးအလေးထားဆောင်ရွက်ရန်လိုအပ်သကဲ့သို့ "မိမိရာထူးအဆင့်နှင့် တရားဝင်ခံစားရယူပိုင်ခွင့်ရှိသည့် အခွင့်အရေးကိုသာ ရယူသုံးစွဲခြင်းဖြင့် ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် အလေးထားစောင့်ထိန်းသွားရမည်လည်း ဖြစ်ပါသည်။ ဤကဲ့သို့တင်ပြရခြင်းမှာ ပြည်သူတို့၏သံသယများသည် နိုင်ငံတော်၏ မူဝါဒပိုင်းဆိုင်ရာလုပ်ငန်းစဉ်များအား ကြီးမားသော စိန်ခေါ်မှုနှင့်ကြုံတွေ့နိုင်သောကြောင့် အကြံပြုတင်ပြရခြင်းဖြစ်ပါသည်။

မြန်မာတို့၏ "နားလည်မှု"သည် ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများအထိပါ လိုက်ပါကျင့်သုံးနေကြောင်းကို တစ်ဖက်နိုင်ငံတွင် အခြေအနေအရပ်ရပ်၊ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်နေရသည့် မိမိနိုင်ငံမှ တရားမဝင်လုပ်သားများကို တရားဝင်ဖြစ်အောင် သက်ဆိုင်ရာဝန်ထမ်းများမှ သွားရောက်ဝန်ဆောင်မှုပေးသည့်ကိစ္စရပ်များတွင်လည်း တွေ့ရပါသည်။ နှစ်နိုင်ငံအစိုးရမှ သဘောတူသတ်မှတ်ထားသည့်ကုန်ကျမှုစရိတ်ထက် အဆပေါင်းများစွာကုန်ကျမှုဖြစ်ပေါ်နေကြောင်းကို နေရပ်ပြန်လုပ်သားများနှင့် အခြားသတင်းအရင်းအမြစ်အမျိုးမျိုးမှကြားသိနေရသည်မှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းသည့်အပြင် ပြည်သူဗဟိုပြုစနစ်နှင့်လည်း ဆန့်ကျင်သွေဖည်နေသည်ဟု ထင်မြင်မိပါသည်။

အနာဂတ်နိုင်ငံတော်အား တည်ငြိမ်အေးချမ်းပြီး စည်းကမ်းပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းဖြင့် တည်ဆောက်ထားသော ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်မှ ပြည်သူဗဟိုပြုစနစ်ပြောင်းလဲကျင့်သုံးနေရာတွင် နားလည်မှုများ၏စိန်ခေါ်ခြင်းများသည် အဟန့်အတားတစ်ရပ်ဖြစ်စေသည့်အပြင် တစ်မျိုးသားလုံး၏ အမျိုးသားရေးစရိုက်နှင့်ပါ သက်ဆိုင်လာနိုင်သောကြောင့် နားလည်မှုကို မူဝါဒဖြင့်ချွန်းအုပ်ထိန်းညှိဆောင်ရွက်သင့်ကြပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ ။

ပြည်သူတစ်ဦး

စီးပွားရေးကြော်ငြာ

ပျော်ဘွယ်မြို့နယ်အတွင်း ကျေးလက်သောက်သုံးရေကန် ၄၆ ကန် ပြုပြင်တူးဖော်ပြီးစီး

ပျော်ဘွယ် စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် သောက်သုံးရေကန်များကို ယခုနှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ ပျော်ဘွယ်မြို့နယ်အတွင်း အရှေ့ဘက်တွင် ၁၀ ကန်၊ မြောက်ဘက်တွင် ၁၄ ကန်၊ အနောက်ဘက်တွင် ၂၂ ကန် စုစုပေါင်း ၄၆ ကန်ကို ပြန်လည်ပြုပြင်တူးဖော်ပြီးဖြစ်သည်ဟု သိရသည်။

ယင်းသို့ ဆည်ကန်ငယ်များ ပြန်လည်ပြုပြင်တူးဖော်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မိတ္ထီလာမြို့လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)နှင့် ပျော်ဘွယ်မြို့ ဆည်မြောင်းဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဆည်၊ ကန်များကို ပြန်လည်ပြုပြင် တူးဖော်ခြင်းကြောင့် သောက်သုံးရေသာမက စိုက်ပျိုးရေအတွက် တချို့ဒေသများတွင် အထောက်အကူပြုသည်ဟု သိရသည်။ ယခင်က သောက်သုံးရေအတွက် ရွာနှင့်ဝေးသော နေရာများသို့ သွားရောက်သယ်ယူခြင်း၊ ရေခန်းကာလမတိုင်မီ အုတ်ကန်များဖြင့် ကြိုတင်သိုလှောင်ရခြင်းစသည့် ရေပြတ်လပ်မှုရှိသောဒေသများတွင် ယခုအခါ ဆည်၊ ကန်များ ပြန်လည်ပြုပြင်တူးဖော်ခဲ့ခြင်းကြောင့် ရေဝင်ရေထွက်လမ်းကြောင်းမှန်ကာ ရေဝပ်အားကောင်းခြင်း၊ ဆည်ကန်များကို ပုံစံကျပြုပြင်တူးဖော်ပြီး ပေါင်ကို လိုအပ်သော အတိုင်းအတာရအောင် ပြုပြင်တူးဖော်ခဲ့ခြင်းကြောင့် ရေကို ယခင်ကထက် ပိုမိုသိုလှောင်နိုင်မည်ဖြစ်၍ သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်တော့မည်ဖြစ်သည်။ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးကြောင့် တူးဖော်ခဲ့သောကန်များအတွင်း ရေဝင်ရောက်မှုရှိကာ ယင်းရေဖြင့် ပျိုးထောင်ရေ၊ ကျွဲ၊ နွားသောက်သုံးရေအဖြစ်အသုံးပြုကာ အချို့ကျေးရွာများတွင် ကန်မှရေဖြင့် မိုးနှောင်းဝါ စိုက်ကြသည်။

ယခင်က တူးဖော်ခြင်းမရှိခဲ့သော ကျေးလက်ဆည်ကန်ငယ်များကို ဆည်မြောင်းဦးစီးဌာနက တာဝန်ယူကာ စက်ယန္တရားများ အသုံးပြု၍ ပြန်လည်ပြုပြင်တူးဖော်ခဲ့ရာ ပြီးစီးပြီဖြစ်၍ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် သောက်သုံးရေပြတ်လပ်မှုရှိနိုင်မည်မဟုတ်ကြောင်း သိရသည်။

(လှိုင်သန်းတင့်-ရမည်းသင်း)

ရွှေပြည်သာမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၇၃၉၀၂၆၉၆၊ ၀၉-၈၆၃၃၄၈၂

မွေးနေ့သက္ကရာဇ်အမှန်

ဦးတင်လှိုင်-ဒေါ်စန်းမြိုင်၏သား မောင်မောင်ကျော်[၁၂/ဒဂတ(နိုင်)၀၆၆၅၈၃]၏ မွေးသက္ကရာဇ်အမှန် မှာ ၁၅-၁၂-၁၉၉၄ ဖြစ်ပါသည်။

တိုက်ခန်းသစ်ရောင်းမည်

(စမ်းချောင်းမြို့နယ်)

ရွှေလောင်းလမ်း၊ ပေ(၁၄×၅၀)၊ ပ-ထပ်၊ ကျွန်းပါကေး၊ သံပန်း၊ ဆန်းရှိတ်၊ A.C(1)၊ အလူမီနီယံအိပ်ခန်း(၁)၊ ဘိုထိုင်အိမ်သာ၊ (ရေချိုးခန်း၊ မီးဖိုခန်း)၊ ကြွေပြားပြည့်၊ မျက်နှာကြက်ကောနစ်၊ (ရေ၊ မီး)၊ အထူးပြင်ဆင်ပြီးတိုက်အသစ်။ သိန်း(၅၅၀) (ပွဲစားမလို)

ဖုန်း-၀၉-၇၃၁၅၆၄၉၄





ရွှေပြည်သာမြေကွက်များဝယ်လိုသည်

ရွှေပြည်သာ VIP မြေတိုင်း င/၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ဃ/၁၅၊ ၁၆၊ ၂၉၊ ၃၀၊ ၃၁၊ ဇ/၃၂၊ ၃/၃၆၊ ပ/၃၇၊ ၃၈၊ တ/၄၁၊ ဏ/၄၀၊ ဒ/၆၃၊ သံဒင်း ၄၅ -၄၆-၄၇-၄၈ မြေကွက်များဝယ်ပါမည်။

ဖုန်း-၀၉-၇၃၀၉၁၉၇၀၊ ၀၉- ၄၅၀၀၄၂၄၈၆





သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်း ၁/၁၄ ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်-၃၅၈ ရှိ မြေတိုင်းရပ်ကွက်၊ စီမံကိန်း ၁/၁၄၊ မြေကွက်အမှတ်-၃၅၈၊ (၄၀ပေ×၆၀ပေ) ဒေါ်သိန်းမြင့်နှင့် ဒေါ်သိန်းသိန်းအမည်ပေါက်နှင့် နှစ် (၆၀)ဂရန်အမျိုးအစား မြေကွက်သည် ကျွန်မမှ ၁၉၉၈ ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

သို့ပါ၍ အထက်ပါ မြေကွက်နှင့် စပ်လျဉ်း၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ကန်ထရိုက်ဆောက်လုပ်ခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း၊ ပေးကမ်းခြင်း၊ တစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

သတိပေးတားမြစ်သူ
ဒေါ်လှလှသန်း
[၁၂/သဃက(နိုင်) ၀၉၉၂၆၂]

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ယမုံနာ(၁)ရပ်ကွက် အောင်မေတ္တာ အထက်လမ်း၊ မြေတိုင်းရပ်ကွက်-၁၂၊ မြေအမျိုးအစားနှစ် (၆၀)မြေငှား ဂရန်စာချုပ်၊ မြေကွက်အမှတ် ခ/၂၀၇- အလျားပေ ၂၅×အနံ ပေ၅၀ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် မပြောင်းရွှေ့နိုင်သော ပစ္စည်း၊ ပြောင်းရွှေ့နိုင်သောပစ္စည်းတို့သည် ဦးထွန်းကြိုင်(ဘ)ဦးလှကြီး [၁၂/ဒပန (နိုင်)၀၂၀၁၈၃]၏ အမည်ပေါက် ယနေ့တိုင်ပိုင်ဆိုင်ဆဲဖြစ်ပါသည်။ ဂရန်နှင့် စပ်လျဉ်း၍ လွန်ခဲ့သော ၂၀၀၅ ခုနှစ်က ကိုကျော်သူအေးဆိုသူမှာ မြန်မာ့ စီးပွားရေးဘဏ်(၆)တွင် မြေငှားဂရန်အပ်နှင်း၍ ငွေချေး၍ရကြောင်း ပြော၍ ဂရန်ယူသွားပြီးတိမ်းရှောင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ထိုသို့ ယူဆောင် သွားသည်ကို ဦးထွန်းကြိုင်မှ မင်္ဂလာတောင်ညွန့်တရားရုံး၌ ၂၀၁၃ခုနှစ် မတ်လ ၂၀ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခြင်း၊ ၎င်းကျမ်းကျိန်လွှာအား စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ ၂၀၁၃ခုနှစ် မတ်လ ၂၀ရက်ရက်စွဲဖြင့် စာချုပ် အမှတ် ၃၁၀၃ စာအုပ်အမှတ်-၄၊ အတွဲ ၃၃၁၀၊ စာမျက်နှာ ၉-၄/၃၁၀၃၊ ၀၂၆၂၈ဉ်၁၃၅ဖြင့် မှတ်ပုံတင်ခြင်းဖြင့် ဂရန်ပျောက်ဆုံး ကြောင်းလျှောက်ထား ပြီးဖြစ်ပါသည်။ယင်းအမည်ပေါက် ဂရန်အား ဦးထွန်းကြိုင်မှ ရောင်းချပေါင်နှံ ခြင်း၊ ပေးကမ်းစွန့်လွှတ်လျှုဒါန်းခြင်း၊ တစ်နည်းနည်းအရ တစ်ပါးသူသို့ လွှဲပြောင်းအပ်နှံခြင်းမရှိခဲ့ပါ။ သို့ပါ၍ ဤကြော်ငြာချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသောအထောက်အထား ဖြင့် လာရောက်ဖြေရှင်းနိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကိစ္စ အဝဝကို မိမိစိတ်တိုင်းကျဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းကြိုင်[၁၂/ဒပန(နိုင်)၀၂၀၁၈၃]

ဓမ္မဂုဏ်ရည်စာပေဆု ပါဝင်ယှဉ်ပြိုင်နိုင်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓမ္မဂုဏ်ရည်စာပေဆုအတွက် ၂၀၁၃ခု၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်းထွက်ရှိပြီးသော ထေရဝါဒပိဋကတ်တော်နှင့်ညီညွတ်သော စာအုပ်ကျမ်းဂန်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ တိပိဋကဆရာတော်တစ်ပါးအပါအဝင် ပိဋကတ်စာပေပညာရှင်များ ရွေးချယ်သွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်းရန်

ဓမ္မဂုဏ်ဆရာတော် အရှင်ဝိလာသ (ပေမိုး-ကျွန်းလှ)

ဓမ္မဂုဏ်ရည်ကျောင်းတိုက် တည်းကုန်းဘူတာအနီး အမှတ်(၁) ရပ်ကွက် ရွှေဗဟိုရ်ပတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၀၂၄၆၉၄၊ ၆၁၂၈၃၆၊ ၆၁၂၈၄၈



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈၊ မြေကွက်အမှတ် ၁-စီ/၇ ၊ မြေကွက် တည်နေရာ ၇၆၊ ရန်ကုန်အင်းစိန်လမ်း (၂) ရပ်ကွက်၊ ကမာရွတ်(မြေပိုင်မြေ) အမည်ပေါက် ဒေါ်တင်ကြည်၊ ဒေါ်ဘိယုံ(ခ)မာမာလွင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်ကြည် ကွယ်လွန်သဖြင့် ဦးအုန်းလွင် [၇/လပတ(နိုင်) ၀၈၆၃၃၂]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိမ်လွှာ၊ သေစာရင်း (ပထမ-မိတ္တူမှန်)တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ဘိယုံ(ခ) ဒေါ်မာမာ လွင်နှင့် ပူးတွဲလျက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထား လာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးဝင်းနိုင်၏သမီးပေါင်မြို့ အထကကျောင်း သတ္တမတန်း(ခ)မှ မသဉ္ဇာနှင်းဆုအား ယနေ့မှစ၍မသီရိထက်စံဟု ပြောင်းလဲ ခေါ်ပါရန်။ **မသီရိထက်စံ**

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့ အမှတ်(၂) အထက တက္ကသိုလ်ဝင် တန်း(က)မှ မိယမင်းသူဇာ၏ ဖခင်အမည်မှန်မှာ ဦးချစ်ဖူး(ခ)ဦးထိန်လင်း ဖြစ်ပါကြောင်း။

ဦးချစ်ဖူး(ခ) ဦးထိန်လင်း
[၁၀/မဒန(နိုင်)၁၁၃၀၁၃]

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့အမှတ်(၂) အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မနှင်းနုနုနိုင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း(ခ) ဦးနိုင်စိုးဖြစ် ပါကြောင်း။

ဦးနိုင်ဝင်း(ခ)ဦးနိုင်စိုး[၃/ကကရ(နိုင်) ၀၆၁၀၅၄]

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ဥတ္တရ သီရိ အလယ်ရပ်မြေကွက်အမှတ်(ဉ-၅၅၂၂) အမည်ပေါက်ပိုင်ရှင် ဒေါ်ဖြူမွန်သိန်း [၁၂/ သကတ(နိုင်)၁၅၈၃၄၁]၏ မြေပေးမိန့် မူရင်းပျောက်ဆုံးသွားသဖြင့် မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင် ပြပြီး ယနေ့မှစ၍ (၁၄)ရက်အတွင်း နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၄/ဗ (၂၀-ဒီ) ၁-၃၈၊ တစ်စိတ် တစ်ဒေသ မြေကွက်တည်နေရာ အမှတ် -၁၉/G ၊ အောင်ဘောဂလမ်း၊ ၁၃ရပ်ကွက်၊ လှိုင်မြို့နယ် (ဒေါ်ခင်မိုပါ ၈ဦး) အမည်ပေါက်ဘိ(လှ/နှ-၁၉) မြေအား အမည်ပေါက် ဒေါ်ခင်မိုပါ ၈ ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၆၆၃/၁၉၈၅ ဖြင့် ဦးညွန့်ဝေမှဝယ်ယူခဲ့ပြီး ဦးညွန့်ဝေထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၇၀၅/ ၂၁-၉- ၂၀၀၅ နှင့် အမားပြင်စာချုပ်အမှတ် -၃၃၂၅/၂၂- ၈-၂၀၀၅ တို့ဖြင့် ဦးဇော်မင်း၊ ဒေါ်ခိုင်ယဉ်မွန်၊ ဦးကျော်သူစိုးနှင့် ဒေါ်သိမ့်သိမ့်စိုးတို့မှ ဝယ်ယူပိုင် ဆိုင်ခဲ့ပါသည်။ ယခုအခါဦးဇော်မင်းစိုး [၁၂/ လမန(နိုင်)၀၀၇၃၈၃]၊ ဒေါ်ခိုင်ယဉ်မွန် [၁၂/ လမန(နိုင်)၀၀၃၉၁၇]၊ ဦးကျော်သူစိုး [၁၂/ လမန(နိုင်) ၁၀၁၁၇၂] နှင့် ဒေါ်သိမ့်သိမ့်စိုး [၁၂/ လမန(နိုင်) ၁၀၀၉၁၅]တို့က အထက်ပါ မြေကွက် အတွင်းမှ မခွဲစိတ်ရသေးသော အစိတ်အပိုင်းကို ၎င်းတို့ အမည်ပေါက်ဂရန်အတွက် ၎င်းတို့ ပိုင်ဆိုင်သော အရောင်းအဝယ်စာချုပ်ပါ အစိတ် အပိုင်းကိုသာ မြေကွက်ခွဲစိတ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာရင်းတင်ပြ၍ အတည်ပြုတိုင်းခွဲ လျှောက်ထားလာရ(၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၁)နေ ဒေါ်စန္ဒာကျော် (ဘ) ဦးကျော်ညွန့်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ(နိုင်) ၀၀၅၅၉၉]မှ AOTO အမည်ရှိ အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၈၄၁/၂၀၁၃)အရ လည်းကောင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၈၄၃၄/၂၀၁၃) အရလည်းကောင်း တရားဝင်မှတ်ပုံတင် သွင်းထားပြီး၊ AOTO အမည်စာတမ်းပါအမှတ်တံဆိပ်ကိုကြေညာသူ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ လျက်ရှိသော ဖုန်းအမျိုးမျိုးတို့အပေါ်တွင်ဖြစ်စေ၊ ထုပ်ပိုးပစ္စည်းအမျိုးမျိုး၏အပေါ်တွင်ဖြစ်စေ ကပ်နှိပ်၍သော်လည်းကောင်း၊ ရိုက်နှိပ်၍သော်လည်းကောင်း၊ ကြော်ငြာဆိုင်းဘုတ်များ ရေးဆွဲ ကြော်ငြာ၍သော်လည်းကောင်း၊ ဖုန်းအမျိုးမျိုးတို့ကို မြန်မာပြည်တစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဖုန်းပြုပြင်ခြင်းများကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အများပြည်သူ ထက်ယောင်ထင်မှား ဖြစ်စေရန် ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲပါက တည်ဆဲ ဥပဒေ များနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဖြိုးဖြိုးအေး (LL.B) (စဉ်-၄၀၈၃၇)
ဒေါ်ဖြိုးသီတာထွန်း(LL.B) (စဉ်-၄၂၀၂၄)

အထက်တန်းရှေ့နေများ

အကွက်(၈၈၀)၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း-၀၉-၄၃၁၅၅၀၈၉၊ ၀၉-၄၀၀၄၉၄၇၆၇

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် ချမ်းသာ၀မ်း/၁၁၆၉၃ ကုန်တင်ရေယာဉ်အား မူလပိုင်ရှင် ဒေါ်လှမြင့်ထံမှ ဝယ်ယူပြီး ဖြစ်ကြောင်းအထောက်အထားများတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊(၂)လမ်း၊ အမှတ်(၉၀-အေ)နေ ဦးနေမျိုးနိုင်[၁၂/လမတ(နိုင်) ၀၀၁၀၂၄] သို့ ပိုင်ရှင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀) အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည်သူမရှိပါက ရုံးလုပ်ထုံး လုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ ကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စက်တင်ဘာ– ကိုကိုအတွက် မွေးနေ့ဆုမွန်

အသက်လိုချစ်မြတ်နိုးရပါသော ကိုကိုရဲ့ စက်တင်ဘာလ ၅ရက် ၂၀၁၃တွင် ကျရောက်သော (၄၂)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၀၀)ကျော်သည့်တိုင်အောင် ကိုယ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းများနှင့် လောကီ၊ လောကုတ္တရာအကျိုးကို ဆောင်ရွက်နိုင်ပြီး ကောင်းသောဆု၊ တောင်းသောဆုမှန်သမျှ ပြည့်စုံစွာအေးချမ်းသာယာလှပသော စက်တင်ဘာမိုးစက်လေးတွေနဲ့အတူ ပျော်ရွှင်စရာမွေးနေ့ပေါင်းများစွာကို ကိုကို ဖြတ်သန်းနိုင်ပါစေ။

ငယ်ငယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့၊ (၈) ခန်းတွဲ (၄)ထပ် လူနေဆိုင်ခန်းအမှတ်(၂၀၅)ကို အမည်ပေါက် ဒေါ်ညိုညိုမာ[၁၂/ဗဟန(နိုင်)၀၁၂၅၁၂]ထံမှ စာချုပ်စာတမ်းများဖြင့် တရားဝင် ဝယ်ယူထားသူ ဒေါ်သဇင်အောင် [၁၂/လမန(ပြ)၁၀၀၉၀၈] အမည်ပြောင်း၍ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် (A/O)ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းဌာနခွဲတွင် ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

“ယု” အလှပြင်သင်တန်း/ အလှပြင်ဆိုင် (အမျိုးသား/အမျိုးသမီး)

ဘာသာစုံ(၂)လအတတ်သင် (နေရေး၊ စာရေး စီစဉ်ပေးပါမည်)

- သင်တန်းရွေးချယ်ရန် ခက်ခဲနေသူများ စိတ်မပူပါနှင့်
- နှစ်ပေါင်း (၃၀)ကျော် သင်တန်းဖွင့်ခဲ့သည့် ဝါရင့်ပညာရှင် “မယု”ကိုယ်တိုင် သင်ကြားပေးပါမည်။
- ဆိုင်ဖွင့်နိုင်သည်အထိ တာဝန်ယူပါသည်။ (ပြည်တွင်း/ပြည်ပ အလုပ်ရစေရပါမည်။) နိုင်ငံခြားသို့ ပညာသင်ပို့ပေးပါသည်။

တစ်ဘာသာချင်း သင်တန်းများ

(၁) အဆင့်မြင့်ဆံပင်ညှပ်သင်တန်း(ယိုးဒယား/ဂျပန်/ ကိုရီးယား/တရုတ်နည်းပညာ)
(၂) ဆံထုံး၊ မိတ်ကပ်(မင်္ဂလာဆောင်/ဘွဲ့/ပွဲတက်/မော်ဒယ်ပြင်)
(၃) ကျစ်ဆံမြီးကျစ် (ဒီဇိုင်းအမျိုးမျိုး)
(၄) ဆံပင်ကောက်/ဖြောင့်/ဆေးဆိုး (ဆံပင်ပျက်ပြုပြင်)
(၅) အဆင့်မြင့် မျက်နှာပေါင်းတင်သင်တန်း (ဂျပန်/အမေရိက/ယိုးဒယားနည်းပညာ)
(၆) ခြေသည်း/လက်သည်း (2D, 3D ပုံဖော်နည်း)
(၇) SPA (ရေပူ/ရေအေး ကျန်းမာရေးသင်တန်း)
(၈) Foot Massage (ခြေထောက်နှိပ်၊ အကြောပြင်ပညာ)
(၉) တစ်ကိုယ်လုံးပေါင်းတင်/ချိုင်းပေါင်းတင်/မျက်နှာအဆိပ်ထုတ်၊ အရေးအကြောင်းပြုပြင်/မျက်ကွင်းညို/ပါးရေတွဲတွန့်ပြုပြင်

ရင်အလှ/တင်အလှ ပြုပြင်ပေးပါမည်

(အလုပ်မအားလပ်သူ/ အချိန်ပြည့်အချိန်မပေးနိုင်သူများအတွက် အချိန်ပိုင်း သင်တန်းများရှိပါသည်။)

ယုအလှပြင်ဆိုင်
အမှတ်- ၃၆၅/၃၆၇ (ဗိုလ်ချုပ်လမ်းမပေါ်၊ စင်ထရယ်ဟိုတယ်အနီး)၊
ဗိုလ်ဆွန်ပက်လမ်း(အထက်ထပ်)၊ ရွှေခေါင်းလောင်းအပေါ်ထပ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၄၉၃၅၊ ၀၉-၄၉၂၃၈၁၆၃

အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေ နိုင်ငံသားအမှတ် [၁၂/ဒဂန(နိုင်) ၀၂၁၅၁၂]ကိုင်ဆောင်သူ ဦးအောင်မြင့်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈/ဘီ၁)၊ မြေကွက်အမှတ် (၇၄ ဘီ/၂ဘီ)၊ ဧရိယာ (၀. ၁၀၉) ဧကရှိ မြေပိုင်မြေ၊ လူနေရပ်ကွက်အားဖြင့် စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် (၂၀/၂၂-ဘီ) ဟုခေါ်တွင်သည့် လူနေမြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်မြင့်စိုး အမည်ပေါက်ဖြစ်ပြီး ဦးအောင်မြင့်စိုးတစ်ဦးတည်း အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ရှင်ဖြစ်ပါသည်။ မြေပိုင်ရှင်ဦးအောင်မြင့်စိုးသည် လက်ရှိ အထက်ဖော်ပြပါမြေပေါ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်အရ အဆောက်အအုံ ဆောက်လုပ်နေဆဲဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးအောင်မြင့်စိုး ပိုင်မြေနှင့် စပ်လျဉ်း၍ ထင်ယောင်ထင်မှားဖြစ်စေရန်၊ ပြုမူပြောဆိုကြေညာမှု၊ ထိပါးနှောင့်ယှက်မှု ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(ဟသ်ာတ) ဦးခင်ဇော်	**ဒေါ်ခင်ချစ်ချစ်ဇော်**
LL.B, D.B.L , D.L.P, WIPO	**LL.B., D.B.L,D.I.L, D.L.P, WIPO**
(Switzerland)	**(Switzerland)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၅၃)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၄၈)**

ဒေါ်ခင်သက်သက်ဇော်
LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်- ၄၀၇၆၆)
အမှတ်(၅၈)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့. ဖုန်း-၀၉၄၉၂၄၅၁၀၂၊ ၀၉၄၃၁၀၆၇၂၅၊ ၀၉-၄၂၀၁၅၇၆၅၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်- ၁၂၆၉/က၊ မြေကွက်တည်နေရာအမှတ် (၁၂၆၉/က)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်ကြင်မေ) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ကြင်မေ ကွယ်လွန်သဖြင့် ဦးပိုမောင်[၁၂/ဥကတ(နိုင်)၀၆၆၁၂၉] ကတစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မြေကွက်အမှတ်(၄၆)၊ မြေကွက်တည်နေရာအမှတ်(၄၆)၊ ရဲရန်နိုင်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် (ဦးမြင့်ဆွေ) [BHO-၀၀၂၆၅၂]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဆွေထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၆၄၄၉/၂၀၁၁(၈-၄-၂၀၁၁)ဖြင့် ဒေါ်နွယ်နီသန်း [၁၂/မရက(နိုင်)၀၈၂၄၄၉]ပါဝါရရှိသူမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- (၅၉၃)၊ မြေအကျယ်အဝန်းပေ (၆၀×၄၅)၊ နှစ်(၆၀)ဂရန်မြေ အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ၁၈/င ရပ်ကွက်ရှိ အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

အထက်အမည်ပါမြေကွက်နှင့်ပတ်သက်၍ ဦးတင့်လွင် (AA-၀၈၁၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းခင် (စဉ်- ၄၇၁၉)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၂)၊ ပ-ထပ်၊ အခန်း(၉)၊ ပန်းဆိုးတန်းလမ်းနှင့်
ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၉-၅၁၉၀၁၃၂၊ ၀၉-၃၁၂၅၈၄၂၇

ဒေါ်မြနှင့်အများသိစေရန် ရှင်းလင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မလက်တိုအုပ်စု၊ ခနောင်ကြီးကျေးရွာနေ ဒေါ်မြ[၁၄/မအပ(နိုင်)၁၂၄၂၀၉]နှင့် အများကြားသိစေရန် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ်(၁၀၈-က)နေ ကျွန်ုပ် ဒေါ်ခင်လှ[၁၂/ရကန(နိုင်)၀၄၅၁၆၇]က အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်ဒေါ်ခင်လှသည် ဒေါ်မြနှင့် ၎င်း၏မိခင်ဖြစ်သူ ဒေါ်အေးကျင်တို့(၂)ဦးက ၎င်းတို့ပိုင် အိမ်မြေအဆောက်အအုံဖြစ်သော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေသစ္စာလမ်း၊ အမှတ်(၁၀၈-ဂ)၊ (၄၀'×၃၀')အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အဆောက်အအုံတို့ကို တန်ဖိုးငွေကျပ်(၃၅)သိန်းဖြင့် ရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့်၊ လက်ခံယုံကြည်ပြီး ဝယ်ယူရန် သဘောတူခဲ့ပါသည်။ ထို့ကြောင့် ဝယ်သူအဖြစ် ကျွန်ုပ် ဒေါ်ခင်လှနှင့် ရောင်းသူများအဖြစ် ဒေါ်အေးကျင်နှင့် ဒေါ်မြတို့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ ၂၂-၄-၂၀၁၁ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ယင်းစာချုပ်အရ ဝယ်သူကျွန်ုပ် ဒေါ်ခင်လှက စရန်ငွေကျပ်သိန်း (၂၀)ကိုပေးအပ်ခဲ့ရာ ရောင်းသူ ဒေါ်မြနှင့် ဒေါ်အေးကျင်တို့က လက်ခံရယူခဲ့ကြပြီး ကျန်ငွေကျပ်(၁၅)သိန်းကို ၂၂-၅-၂၀၁၁ ရက်တွင်ပေးချေ၍ အိမ်မြေကို လက်ရောက်ပေးအပ်ရမည်ဟုလည်း စာချုပ်ပါ စည်းကမ်းသတ်မှတ်ထားခဲ့ကြပါသည်။

ထိုသို့ နှစ်ဦးသဘောတူ အိမ်နှင့် မြေအရောင်းအဝယ်စရန်ပေးစာချုပ် ချုပ်ဆိုခဲ့ကြပြီးနောက်ပိုင်း ယင်းအိမ်၊ ခြံ၊ မြေနှင့်စပ်လျဉ်းပြီး အိမ်ရှင်၊ မြေရှင် ဒေါ်မြ၊ ဒေါ်အေးကျင်တို့နှင့် မြေပေါ်နေထိုင်လျက်ရှိသူ ဦးလွန်းရွှေနှင့် ဦးသာချို(ခ)ဦးဝင်းသိန်းတို့ အမှုအခင်းများဖြစ်ပွားခဲ့ကြ၍ အပြီးအပြတ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းနေခဲ့ရသည်ကို လူကြီးမင်း ဒေါ်မြကိုယ်တိုင် သိရှိပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ တရားရုံးမှုခင်းများလည်း ပြီးပြတ်ခဲ့ပြီဖြစ်ရာ ကျွန်ုပ်နှင့် ဒေါ်မြတို့၏ မြေကွက်နှင့် အိမ်အရောင်းအဝယ်ကိစ္စကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ရန်သာရှိပါသည်။

သို့ဖြစ်ပါလျက် ဒေါ်အေးကျင်မှာ ၁၀-၁၀-၂၀၁၂ရက်၌ ကွယ်လွန်သွားကြောင်းနှင့် ဒေါ်အေးကျင်နှင့် ဒေါ်မြတို့က ကျွန်ုပ်ဒေါ်ခင်လှအား ပြုလုပ်လွှဲအပ်ပေးထားခဲ့သော ၈-၅-၂၀၁၁ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဒေါ်မြကိုယ်တိုင် ၂၅-၈-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာ(ဂ)တွင် ထည့်သွင်းကြေညာလာခဲ့ကြောင်း တွေ့မြင်သိရှိလာရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မြနှင့် ဒေါ်အေးကျင်(ကွယ်လွန်)တို့ (၂)ဦးက ကျွန်ုပ်အားရောင်းချရန် စရန်ငွေလက်ခံရယူပြီး ၂၂-၄-၂၀၁၁ရက်စွဲပါ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်စာချုပ် ချုပ်ဆိုထားပြီးဖြစ်သော အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် စပ်လျဉ်း၍ အပြီးအပြတ် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် ကျွန်ုပ်ဒေါ်ခင်လှ သိရှိသဘောတူညီချက်မရဘဲ အိမ်၊ ခြံ၊ မြေကို တစ်နည်းနည်း လွှဲပြောင်းရောင်းချခွင့်မရှိကြောင်း သိရှိလိုက်နာရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်လှ[၁၂/ရကန(နိုင်)၀၄၅၁၆၇]
အမှတ်(၁၀၈-က)၊ ရွှေသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၁၃၉၉)၊ ဧရိယာ (၂၄၀၀) စတုရန်းပေ အလျား ၄၀'×အနံ ၆၀'ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေချပါမစ်အမည်ပေါက် ပိုင်ရှင် ဗိုလ်ကြီးမောင်အောင်ထံမှ တစ်ဆင့် ဝယ်ယူထားသူ ဒေါ်သိန်းသိန်းသန်းက ရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၂၀-၈-၂၀၁၃ ရက်တွင် စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤနေအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါပြီး (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်အကြောင်းကြား ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းသတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ကျင်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နန့်ရှုဂေးခလိန်(LL.B) တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၁၀၆၁၃၅၄

မြယာရိုးကျေးရွာ၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ သန်လျင်မြို့နေ ဦးတင်ရွှေ[၁၂/သလန(နိုင်)၀၄၂၆၃၆]၏ ၂၇-၈-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၁၂)ပါ အများသိစေရန် ကြေညာချက်အပေါ် ကန့်ကွက်ခြင်းနှင့် အများသိစေရန် ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးခင်ဇော်[၁၂/မဂတ(နိုင်)၀၃၁၅၄၆]၊ အမှတ်(၈၃)၊ (၁၀၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကွက်သစ်(၅)ရှိ အမှတ်(၉)၊ ခြံနံပါတ် (၃၃၁)ဟုခေါ်တွင်သော မြေကွက်မှာ မူလက ဒေါ်သောင်းပိုင်ဆိုင်သော မြေဖြစ်ပြီး မိခင်ကြီးဒေါ်သောင်း ကွယ်လွန်ပြီးနောက် အဆိုပါ ခြံမြေကို သားများဖြစ်သော ဦးမြင့်ရွှေ၊ ဦးတင်ရွှေ၊ ဦးစိုးရွှေတို့ သုံးဦးမှ ရန်ကုန်မြို့နေ ဦးမင်းဟန်အား မြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ၂၂-၉-၁၉၉၆ ရက်က အပြီးအပိုင် ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ ရောင်းချပြီးသည့်နောက်ပိုင်း အဆိုပါခြံမြေသည် ဦးတင်ရွှေမိသားစုမှ ပတ်သက်ခြင်းမရှိသကဲ့သို့ ပိုင်ဆိုင်အကျိုးခံစားခွင့် လုံးဝမရှိသော ခြံမြေဖြစ်သည်။ သို့ဖြစ်၍ ထိုခြံမြေကို အခြားမည်သူကိုမျှ လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိပါ။ သို့ဖြစ်၍ ဦးတိုးတိုးဝင်း [၁၂/ကတန(နိုင်)၀၅၃၆၄၉] အား ရောင်းချခဲ့သည်မှာ လုံးဝတရားမဝင်ပါ ပျက်ပြယ်သော ရောင်းချမှုသာဖြစ်ပါသည်။ ဦးတင်ရွှေမိသားစု ဦးမင်းဟန်သို့ ရောင်းချခဲ့သော အဆိုပါမြေကို အဆင့်ဆင့် ရောင်းဝယ်ခဲ့ရာ ယခုနောက်ဆုံး ကျွန်ုပ်၏အမှုသည် ဦးခင်ဇော်မှ လက်ရှိပိုင်ဆိုင်ခွင့်ရှိကြောင်းကို ဆက်စပ် အထောက်အထား စာချုပ်မူရင်း အခိုင်အမာရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည်ပိုင် ခြံမြေနှင့်ပတ်သက်၍ ၎င်း၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ဆောင်ရွက်သူများကို ဥပဒေအရ ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးမြင့် (၅၇၂၀/၉၁)	**ဒေါ်ဖြူသဥ္ဇာကျော်(၃၇၅၅၆)**	**ဒေါ်နေခြည်ဦး (၂၈၄၇၇)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
အမှတ်(၄)၊ ဦးလှဘော်လမ်း၊	**ကညင်ပင်ကျေးရွာ၊ တာဝ၊**	**၄၅၂၊ ကံဦးကျောင်းလမ်း၊**
ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့	**သန်လျင်မြို့**	**ကျိုက်ခေါက်ဘုရားတောင်ဘက်**
ဖုန်း- ၀၉-၇၃၀၅၈၀၈၂	**ဖုန်း- ၀၉-၄၂၀၀၅၇၅၂၈**	**ဖုန်း- ၀၉-၇၃၁၈၁၂၅၃**

အများပြည်သူသိရှိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်ချို (MNO-027131)မှ အမှတ် (၅၃/၁၆၆၅)၊ စံပယ်မြိုင်လမ်း၊ ဒဂုံ/တောင်မြို့နယ်နေ ဦးချစ်ဆွေ [၁၂/ဒဂတ(နိုင်)၀၂၀၄၄၉]အား Notary Public ဦးမောင်မောင်ကျင်ရှေ့မှောက်တွင် လွှဲအပ်ခဲ့သော ၁၂-၁၂-၂၀၀၅ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်းနှင့် ဦးချစ်ဆွေမှ ၎င်းအထူးကိုယ်စားလှယ်လွှဲစာအား အသုံးပြု၍ ပြုလုပ်ဆောင်ရွက်သည့် ကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဦးချစ်ဆွေနှင့်အဖွဲ့မှ ဆက်လက်ဆောင်ရွက်သူများအနေနှင့် ဖြစ်ပေါ်လာသော ကိစ္စများသည် မိမိတို့၏ တာဝန်သာဖြစ်စေလိမ့်မည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကိုကိုစံ (အထက်တန်းရှေ့နေ)
(စဉ်-၂၅၁၈၅)
(က-၄၅၃)၊ နွယ်သာကီ(၆)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉- ၄၂၁၀၆၅၄၁၅

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၁၉) ဘဏ်မြောက်

မအူပင်ဘဏ်ခွဲ ကို

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ တွင်

၅-၉-၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

မအူပင်ဘဏ်ခွဲ

အမှတ်(၃၈)၊ မင်းလမ်းနှင့်(၅)လမ်းထောင့်၊ (၅/G)အလယ်ပိုင်းရပ်၊
မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း – (၀၄၅) ၃၀၁၈၆၊ ၃၀၁၈၇၊ ၃၀၁၈၈၊ ၃၀၁၈၉
ဖက်စ် – (၀၄၅) ၃၀၁၉၀၊ ၃၀၁၉၁၊ ၃၀၁၉၂
www.kbzbank.com

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာန လက်အောက်ရှိ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) Under ground Cable
(၂) Under frequency Panel

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အမှတ်(၂) အထက တက္ကသိုလ်ဝင်တန်း (က)မှ မောင်ဝေဖြိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဗလိုင် (ခ) ဦးပလိုင် ဖြစ်ပါကြောင်း။ **ဦးဗလိုင်(ခ)ဦးပလိုင် [၁၀/ရမန(နိုင်)၀၇၀၄၈၆]**

ယာဉ်မောင်း (၁)ဦး အလိုရှိသည်

ဗဟန်းမြို့နယ်တွင် နေထိုင်၍ အရက်၊ ဆေးလိပ်၊ ကွမ်း မသုံးဆောင်သူများသာလျှောက်ပါရန်။
ဖုန်း- ၀၉-၃၁၆၁၆၁၀၅
လစာ တစ်လတစ်သိန်းငါးသောင်း

သင့်သွေးဖြင့်အသက်ကယ်ပါ

ဝန်ထမ်းအလိုရှိသည် ပြည်တွင်း၌သာခန့်ထားရန်

1.Sales&Marketing Executive မ(၂)ဦး
* ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
* အသက်(၂၀)မှ(၃၅)နှစ်အတွင်းဖြစ်ရမည်။
* လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
* Computer IT/Electronic and Electrical Power နှင့် ၎င်းတို့နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများကို ရင်းနှီးနားလည်၍ အနည်းဆုံး ဗဟုသုတ(Sound Knowledge)ရှိရမည်။ POS & Cash Register System (ငွေပေးချေခြင်းနှင့်စာရင်းသွင်းစက်)တို့တွင် လုပ်ငန်းအတွေ့အကြုံရှိပါက အထူးဦးစားပေးမည်။
* ရုပ်ရည်ပြေပြစ်ချောမောပြီး ပြောဆိုဆက်ဆံရေးကောင်းမွန်ကာ သည်းခံနိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
* သွက်လက်တက်ကြွပြီး Sales and Marketing ကို အမှန်တကယ်စိတ်ဝင်စားသူဖြစ်ရမည်။ အရောင်းလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

2. IT Service Engineer ကျား/မ(၂)ဦး
* BSc/BTech/IT Dip ဘွဲ့ရဖြစ်ရမည်။
* အသက်(၂၀)နှစ်အထက်ဖြစ်ရမည်။
* လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
* IT software/Networking/Electronic/Electrical ကျွမ်းကျင်ကာ Hardware ပိုင်းနားလည်၍ လက်တွေ့ (Hands-on Service and Maintenance)လုပ်ကိုင်နိုင်သူဖြစ်ရမည်။ POS & Cash Register System (ငွေပေးချေခြင်းနှင့်စာရင်းသွင်းစက်)တို့တွင် လုပ်ငန်းအတွေ့အကြုံရှိပါက အထူးဦးစားပေးမည်။
* စက်ကိရိယာများ၏ ပြဿနာများကို ကောင်းမွန်စွာ ဖြေရှင်းနိုင်သူဖြစ်ရမည်။ (Independent, Trouble shooting and Problem solving skills)
* Technical and Operational Manual များကို ကောင်းစွာ လေ့လာဖတ်ရှုနားလည်နိုင်ရမည်။
* သွက်လက်တက်ကြွပြီးအများနှင့်ဆက်ဆံရေးပြေပြစ်ကာသည်းခံနိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

3. Admin&Account Executive မ(၁)ဦး
* BCom/BA(Eco)/LCCI Level 3 ဘွဲ့ရဖြစ်ရမည်။
* အသက်(၂၀)နှစ်အထက်ဖြစ်ရမည်။
* လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။
* MYOB Accounting Software ကို ကျွမ်းကျင်စွာ စီမံအသုံးပြုနိုင်သူဖြစ်ရမည်။
* စာရင်းမှတ်တမ်းများပြုလုပ်ခြင်း၊ လချုပ်၊ နှစ်ချုပ်စသည့်စာရင်းများအား စနစ်တကျပြုလုပ်ရေးဆွဲနိုင်ရမည်။
* ငွေကိုင်(Cashier)နှင့်အုပ်ချုပ်ရေး(Admin)တာဝန်များကိုပါလိုအပ်သလို ပူးတွဲဆောင်ရွက်နိုင်ရမည်။
* ရုပ်ရည်အသင့်အတင့်ရှိ၍ ပြောဆိုဆက်ဆံရေးကောင်းမွန်ကာ သည်းခံနိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
* သွက်လက်တက်ကြွပြီး ရုံးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၁)နှင့်(၂)ရာထူးတာဝန်များအတွက်
* မိမိကိုယ်တိုင်စိတ်ထက်သန်စွာဖြင့် Self Study and Learning လုပ်နိုင်သူဖြစ်ရမည်။
* အိမ်ထောင်မရှိသူဖြစ်ရမည်။
* ရန်ကုန်မြို့တွင်း၊ မြို့ပြင်သွားလာနိုင်သူဖြစ်ရမည်။
* လိုအပ်ပါက နယ်သို့ အချိန်မရွေးခရီးသွားနိုင်ရမည်။
* လုပ်ငန်းတာဝန်အရ အရေးပေါ် အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
* ယာဉ်မောင်းလိုင်စင်ရှိ၍ ကျွမ်းကျင်စွာမောင်းနိုင်သူကို ဦးစားပေးမည်။

အထက်ပါရာထူးတာဝန်များအားလုံးအတွက်
* မိမိလုပ်ငန်းကဲ့သို့ ဂရုတစိုက်လုပ်ကိုင်လိုစိတ်ရှိရမည်။
* Internet,Email နှင့် MS Office (Word, Excel, Powerpoint, Outlook)တို့ကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
* နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ပြောဆိုရမည်ဖြစ်ပါ၍ English အရေး၊ အဖတ်၊ အပြော သင့်တင့်စွာဆောင်ရွက်နိုင်ရမည်။

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ[(၁)ကိုယ်ရေးအကျဉ်း၊ (၂)ယခုလက်ရှိ/ယခင်အလုပ်အကိုင်ရာထူး၊ လစာနှင့်မိမိ တာဝန်ယူဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းတာဝန်များ၊ (၃)မျှော်မှန်းလစာ၊ (၄)စတင်တာဝန်ထမ်းဆောင်နိုင်မည့်နေ့တို့ကိုဖော်ပြပါရှိရမည်။] ဓါတ်ပုံ (၁)ပုံ၊ လေဘာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ပညာအရည်အချင်း၊ (ယာဉ်မောင်းလိုင်စင်)မိတ္တူများနှင့်အတူ ၂၂-၉-၂၀၁၃ရက် နောက်ဆုံးထား၍ စာတိုက်မှဖြစ်စေ၊ E-mail မှဖြစ်စေ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူများထဲမှ စိစစ်ရွေးချယ်ခြင်းခံရသူများကိုသာ ဆက်သွယ်၍ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

ခံစားခွင့်များအဖြစ် စနေနှင့်တနင်္ဂနွေပိတ်ရက်၊ ဆေးခွင့်၊ လုပ်သက်ခွင့်၊ ၁၃-လစာခံစားခွင့်၊ ကော်မရှင်နှင့်ဆုကြေးငွေများရရှိပါမည်။69,1st Floor, 166th Street, Tamwe Township, Yangon, Myanmar,Tel:018604321, 09-421133864 Email:contact@aztam.com, Website:www.aztam.com

STRAND HOTEL (1962-1998)

ဝန်ထမ်းဟောင်းများ၏ (ပထမ)အကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

နေ့ရက် - ၈-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉:၀၀ နာရီ
နေရာ - ဆိပ်ကမ်းသာဓမ္မာရုံ၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။

၁။ ဦးရဲလွင် ၀၉-၄၃၁၄၀၉၄၇
၂။ ဦးသိန်းတန် ၀၉-၅၀၆၃၆၁၂
၃။ ဦးစိန်လွင် ၀၉-၅၀၂၀၆၃၃
၄။ ဒေါ်လှဲ့လှဲ့ရွှေ ၀၉-၄၂၀၀၃၇၃၄၅
၅။ ဒေါ်ကြည်ကြည်ဝင်း ၀၁-၅၁၆၅၆၄

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်
ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုကုမ္ပဏီ
လိုင်စင်နံပါတ်- ၅၈/၂၀၁၃

အမှတ်(၂၄၉)၊ ဒုတိယလွှာ(ညာ)၊ ဗားဂရာလမ်းမ၊ မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ (ဂမုန်းပွင့်ကုန်တိုက်အနီး)

ဖုန်း- ၀၉-၃၁၀၆၀၃၁၅၊ ၀၉-၅၁၅၉၈၇၀၊ ၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉ niniaungmka@gmail.com

* ဂျပန်၊ စင်ကာပူ သွားရောက်လုပ်ကိုင်ချင်သူများ
* သွားရောက်လုပ်ကိုင်မည့်သူများ၏အကျိုးကို အဓိကထားမည်။
* Work permit, s-pass permit, Training Visa များဖြင့် သေချာခိုင်မာသော ပြည်ပလုပ်ငန်းခွင်များသို့ စေလွှတ်လျက်ရှိပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ပေါင်းလောင်း(၂)၊ မြေကွက်အမှတ်(၁၂၀၉)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ ဦးစည်သူနိုင်အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား အမည်ဦးစည်သူနိုင်[၉/ပမန(နိုင်)၁၂၉၁၁၄]၊ အဖအမည် ဦးပြုံးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေလှူမိတ်ဆွေ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လူနေရပ်ကွက်အမှတ်-(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ်-(၇)၊ အခန်း(၁၄)အား ဦးကျော်ကျော်နိုင်[၁၂/ဥကမ(နိုင်)၀၇၁၃၀၉]ထံမှ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဝယ်ယူထားသူ ဒေါ်မိမိခိုင်[၁၂/တမန(နိုင်)၀၀၇၁၆၇]က အဆောက်အအုံနေထိုင်ခွင့်စာချုပ် တင်ပြ၍ တိုက်ခန်းအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၆၀/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၆၀/ခ)၊ (၅)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဒေါ်ခင်ကြည်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ကြည်(ခင်ပွန်း) ဦးစံသိန်း(သားများဖြစ်သော) ဦးသန်းဝင်း၊ ဦးရဲဝင်းရွှေတို့ (လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ဦးတင်စိုး[၁၂/ဥကတ(နိုင်)၀၂၂၉၄၅]က သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်း၌သာ ခန့်ထားရန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် တာဝန်ထမ်းဆောင်ရန် HR Manager (၁) ဦး အလိုရှိပါသည်။

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့အပြင် MBA/DMA/HR Diploma ရရှိသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်နှင့် အထက်ရှိရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ပြီး English 4 Skills နှင့် Microsoft Office, Internet and Email ကျွမ်းကျင်ရမည်။
- အသက်(၃၅)နှစ်နှင့်အထက် အသက်(၄၅)နှစ်ထက် ကျော်လွန်သူမဖြစ်စေရ။
- လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာနှင့် ဝန်ထမ်းရေးရာ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများကျွမ်းကျင်စွာ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။
- ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားအောင် ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- Admin နှင့် HR လုပ်ငန်းများကို နားလည်တတ်ကျွမ်း၍ ပြင်ပအဖွဲ့အစည်းများ၊ ရုံးလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရမည်။

ကိုယ်ရေးအချက်အလက် အထောက်အထားများနှင့်အတူ အထွေထွေအတွင်းရေးမှူးချုပ်၊ UMFCCI၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ အသင်းချုပ်စီမံရေးရာဌာန၊ ဝင်စာဌာနစိတ်သို့ ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း လျှောက်ထားနိုင်သည်။

ASIA MASTERS

တောင်းပန်ခြင်း

ကျွန်တော် ဦးခင်မောင်လတ် [၉/ကဆန(နိုင်)၀၈၃၉၀၂] မှ ဦးသိန်းဟန် BQ 000001 အား အင်းစိန်မြို့နယ်တွင် တရားမကြီးအမှုအမှတ် ၃၈/၂၀၁၃ ဖြင့် တရားစွဲဆိုခဲ့ရာ မှားယွင်းစွာစွဲဆိုမိ၍ သက်ဆိုင်သူ မိသားစုများနှင့် ညှိနှိုင်းကာ အမှု ရုပ်သိမ်းပြီးဖြစ်သောကြောင့် အများသိစေရန် တောင်းပန်ကြေညာအပ်ပါသည်။ **ဦးခင်မောင်လတ် [၉/ကဆန(နိုင်)၀၈၃၉၀၂]**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ်(၉၂၇)၊ မြေကွက်တည်နေရာအမှတ်(၉၂၇)၊ ပျဉ်းမမြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက် (ဦးလှမြင့်) (AB-၀၄၃၅၆၇) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှမြင့် ကွယ်လွန်သဖြင့် ဒေါ်ရန် [၁၂/ကမရ (နိုင်)၀၄၇၂၇၅] က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၂၇၁/က)၊ မြေကွက်တည်နေရာအမှတ် (၂၇၁/က)၊ ရွှေပြည်ခိုင်ညွှာလမ်း၊ (၁၅)ရပ်ကွက်၊ တ/ဥ (ဒေါ်သန်းခင်) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းခင်နှင့် ခင်ပွန်း၊ ဦးကျော်မြ ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်မြင့် [၁၂/ဥကတ(နိုင်)၀၇၆၆၂၀]၊ ဦးသောင်းဝင်း[၁၂/ဥကတ(နိုင်)၀၉၄၈၇၃]တို့ကသား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/ခ၊ မြေကွက်အမှတ်-၂၂၊ ဧရိယာ (၀. ၁၁၃)ဧက၏ တစ်စိတ်တစ်ဒေသ(၀. ၀၆၃)ဧက၊မြေကွက်တည်နေရာ၊ အမှတ်(၃၈)၊ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်(ဦးဆိုင်) အမည်ပေါက် အိမ်ရာမြေ (၁-၁-၇၀၊ အရ အိမ်ရာမြေ ဝန်ခံချက်ပေး)မြေအား လှိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၇/၂၀၁၁စီရင်ချက်နှင့်ဒီကရီ လှိုင်မြို့နယ်တရားရုံးတရားမဇာရီမှုအမှတ်-၂/၂၀၁၂တွင်ကြားဖြတ်အမိန့်တို့တွင်ချမှတ်သောအမိန့်နှင့် အရောင်းအဝယ်စာချုပ်အမှတ်၂၀၂၉/၂၀၁၃(၃-၆-၂၀၁၃) တို့တင်ပြ၍ ဒေါ်ရွှေ [၁၂/လမန(နိုင်)၀၂၄၈၅၅] က မြေကွက်ခွဲရန် မြေပုံကူး လျှောက်ထားရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်မြို့သစ်(ခ)၊ မြေကွက်အမှတ်(၁၀၂)၊ မြေကွက်တည်နေရာအမှတ်(၁၁၅/ခ)၊ (၅)လမ်း၊ မြို့သစ်(က+ခ)၊ အင်းစိန်မြို့နယ် (ဦးထွန်းရှိန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှိန် ကွယ်လွန်သဖြင့် ဒေါ်အုန်းကြွယ်[၁၂/အစန(နိုင်)၀၃၈၀၄၈]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်အုန်းကြွယ်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်- ၉၈၆၃(၁၈-၆-၁၃)ဖြင့် GP ရသူ ဒေါ်တင်တင်ယု[၁၂/အစန(နိုင်)၁၈၉၄၈၈]က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်နှင့် မြေကွက်ခွဲစိတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၅/ဇ)၊ မြေကွက်တည်နေရာ အမှတ်(၄၂)၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်အုန်းကြည်အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေရပြီး)မြေအား အမည်ပေါက် မိခင်ဒေါ်အုန်းကြည်နှင့် ဖခင်ဦးတင်အောင်ကွယ်လွန်သဖြင့် ဒေါ်ခင်မျိုးမြင့်[၁၂/စခန(နိုင်)၀၀၇၀၇၀]၊ ဒေါ်ခင်မျိုးတင့်[၁၂/လမန(နိုင်)၀၄၈၁၁၃]၊ ဒေါ်ခင်မျိုးကြွယ် [၁၂/လမန(နိုင်)၀၄၈၁၀၃]၊ ဒေါ်ခင်အေးလွင်[၁၂/လမတ(နိုင်)၀၂၂၃၅၉]၊ ဒေါ်မြတ်ပွင့်ဖြူ[၁၂/လမန(နိုင်)၀၄၅၆၆၁]တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ဒေါ်ခင်မျိုးတင့်ကိုယ်တိုင်နှင့် ဒေါ်ခင်မျိုးမြင့်၊ ဒေါ်ခင်မျိုးတင့်၊ဒေါ်ခင်မျိုးကြွယ်၊ဒေါ်ခင်အေးလွင်နှင့် ဒေါ်မြတ်ပွင့်ဖြူတို့၏ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၁၆၈၂/၁၂-၇-၂၀၁၃အရ ဒေါ်ခင်မျိုးတင့်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယ၊ ဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အမှတ်(၁/၁၀၂)၊ မြေကွက်တည်နေရာအမှတ်(၁/၁၀၂)၊ ကာယ(၅)လမ်း၊ သယ်နံကွန်းကြီးကျေးရွာ ငယ်စာရင်း အမည်ပေါက် ဦးထွန်းနုထံမှ ၁၂-၁၁-၂၀၁၀ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးထွန်းထွန်းဝင်း[၅/ခဥတ(နိုင်)၀၀၀၉၈၉]မှ အရောင်းအဝယ်ကတိစာချုပ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သုံးနှစ်ပြည့်အလွမ်း (၅-၉-၂၀၁၃)

မောင်ဝဏ္ဏမျိုးအောင်(ဖိုးလပြည့်)

နောက်ဆုံးထွက်သက်၊ အမေ့လက်မှာ
သားသက်ပျောက်ခဲ့၊ စိတ်နောက်ကိုယ်ပါ
ရင်ကွဲနာဖြင့်၊ တွဲကာတူယှဉ်
သေလိုက်ချင်ရဲ့၊ သံစဉ်သတိ
ညဉ်ကြည့်ချွန်းအုပ်၊ နာမ်ရုပ်ပဲလေ
စိတ်တွေဖြေလျော့၊ သွားတော့မေ့သား
ကမ္ဘာခြားပြီ၊ သုံးနှစ်ဆီသို့

သားချစ်တဲ့-ဖေကြီး-မေကြီး

---

(၁၉၂)လပြည့်အလွမ်း

ဗိုလ်ကြီးမင်းဇင်ဦး(လေ-၁၉၈၉) O.T.S(75)

၅-၉-၁၉၉၇ - ၅-၉-၂၀၁၃

မမျှော်လင့်ဘဲ ကိုကိုအရိပ် ကွယ်ပျောက်ခဲ့သည် ရက် လ နှစ်ရှည် ကြာခဲ့သော်လည်း
လွမ်းလို့မပြေ တမ်းတနေဆဲ နောင်ဘဝဆက်တိုင်း
ပြန်လည်ဆုံတွေ့ပါရစေ။

ချစ်ဇနီး သိမ့်သိမ့်ဆွေ
ချစ်သားများ ဇော်ဇင်ဦး၊ ပိုင်ဇင်ဦး

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာဦးလှမင်း

ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ သွားရောဂါကုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

အသက်(၆၇)နှစ်

ဆရာကြီး ဦးလှမင်း ၂၆-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်များအသင်း
(ပဲခူးအသင်းခွဲ)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (၉)တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ ဝေဇယန္တာအိမ်ရာ၊ (Unit-1)တွင် ဆောက်လုပ်ထားသော(SH-II)၊ (၄)ထပ်တိုက်၏ အပေါ်ဆုံးထပ်၊ အခန်းအမှတ်(၄၀၆)၊ အကျယ်အဝန်း(၁၅၀၀စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်နေထိုင်သူ ဒေါ်မာလာကိုကို(ခ) ဒေါ်ထွေးထွေး[၁၂/မရက(နိုင်)၀၆၇၅၂၆]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း တင်ပြဝန်ခံပြီး ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းထွန်း(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)
အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂(စက်မှု)၊ မြေကွက်အမှတ်(၂၈၃)၊ မြေကွက်တည်နေရာအမှတ်(၂၈၃)၊ စက်မှု(၆)လမ်း၊ရွှေပြည်သာမြို့နယ်၊ (ဦးမောင်မောင်ရီ) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ရီ ကွယ်လွန်သဖြင့် ဒေါ်ကျင်စန်း[၁၂/ပဘတ(နိုင်)၀၀၄၆၇၈]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၄၂၅/ခ)၊ ဗလ္လိကာလမ်း၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်၊ မြေအကျယ်အဝန်း(အလျားပေ ၆၀×အနံပေ ၂၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ အိမ်နှင့်မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေအမည်ပေါက်ပိုင်ဆိုင်သော ဒေါ်ဖြူဖြူဝင်း[၁၂/တမန(နိုင်)၀၈၄၁၄၆]၊ ဒေါ်ခင်ဖြူ[၁၂/ဥကတ(နိုင်)၀၅၁၆၁၉] တို့ထံမှ ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ၂၉-၈-၂၀၁၃ရက်တွင် ပေးချေပြီးဖြစ်ပါ၍ အဆိုပါအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်း(မူရင်း)များနှင့်တကွ လူကိုယ်တိုင် ဤသတင်းစာကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်သည့်(၇)ရက်ကျော်လွန်ပါက အဆိုပါ အိမ်နှင့်မြေအား ငွေချေပြီး အပြီးအပိုင် အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှမျိုးထွန်း(စဉ်-၃၇၉၄၄)(LL.B)
ဒေါ်မေစပယ်ဝင်း(စဉ်-၃၈၀၆၂)(LL.B)
ဒေါ်ကြည်ကြည်နိုင်(စဉ်-၄၀၂၉၄)(LL.B)
အထက်တန်းရှေ့နေများ

ဒေါ်ခင်သန်းမြင့်(စဉ်-၁၅၄၉)
B.A(Law),LL.B
ဒေါ်ခင်စန်းမူ(စဉ်-၈၂၅၇)
B.A(Law),LL.B
ဒေါ်အေးစုကြည်(စဉ်-၈၅၈၆)(LL.B)
တရားလွှတ်တော်ရှေ့နေများ
အမေနှင့်သမီးများ Law Firm
အမှတ်-၅၆၅၊ အခန်း(၆/၁၀၄)၊ ပထမထပ်
MAC Tower၊ ကုန်သည်လမ်းနှင့်ဘားလမ်း
ထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၂၄၈၆၈

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အောက်မေ့ဖွယ်ရာ ဝတ်ပြုကျေးဇူးတော်ချီးမွမ်းခြင်း

ဗိုလ်မှူးကြီးမောင်မောင်အေး(ငြိမ်း)

ဒုတိယဝန်ကြီး(ငြိမ်း)

အသက်(၈၆)နှစ်

၁၀-၉-၂၀၁၁ရက်(စနေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သည်။

ဖခင်ကြီးသည် ခရစ်တော်၌ အိပ်ပျော်ခဲ့သည်မှာ (၂)နှစ်ပြည့်မြောက်ပါသဖြင့် အောက်မေ့သတိရလျက် မိသားစုမှ အောက်မေ့ဖွယ်ရာ ဝတ်ပြုကိုးကွယ်ကျေးဇူးတော်ချီးမွမ်းခြင်း အစီအစဉ်ကို အောက်ပါအတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက်	- ၁၀-၉-၂၀၁၃ရက် (အင်္ဂါနေ့)
အချိန်	- နံနက် ၁၀နာရီ
နေရာ	- ရန်ကုန် ဝိုင်အမ်စီအေ(Yangon, Y.M.C.A)၊ သိမ်ဖြူလမ်းနှင့် မဟာမန္ဒုလလမ်းထောင့်

ကျန်ရစ်သူမိသားစု

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

ဦးညွန့်မောင် (၉၁)နှစ်

ပေါင်းတည်မြို့နယ်၊ ဘိုးသာအောင်ကုန်းအုပ်စု၊ ညောင်ပင်ကုန်းရွာနေ ဒေါ်မယ်စိန်၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ရာသက်ပန်အသင်းဝင် ဦးတင်ထွဋ် (ညွှန်ကြားရေးမှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန)(ရာ-၁၄၀၃)-ဒေါ်ပြုံးပြုံးကြည်(ရာ-၆၁၅)တို့၏ ဖခင်သည် ၂၉-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ညောင်ပင်ကုန်းသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးအောင်ဆန်းထွန်း(ငြိမ်း)(3262.BYN)

အသက်(၄၈)နှစ်

(ဦးစီးအရာရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်)

သူငယ်ချင်းအောင်ဆန်းထွန်း မမျှော်လင့်ဘဲ ၂-၉-၂၀၁၃ရက် မွန်းလွဲ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ထွေးဆွေ-စန္ဒာ(3214.BYN)

ကျေးဇူးတင်ရှိခြင်း

ဦးစိုးနောင်(ခ)ဦးစိုးအောင်

အသက်(၈၁)နှစ်

၃-၉-၂၀၁၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ရဟန်းဒါယကာကြီး ဦးစိုးနောင်(ခ)ဦးစိုးအောင်အား လိုက်ပါပို့ဆောင်ကြသော မဟာမြကျွန်းသာအကယ်ဒမစ်စင်တာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့အသံဦးကျော်ဦး[ညွှန်ကြားရေးမှူး(ငြိမ်း)]

အသက်(၇၉)နှစ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာန

မြန်မာ့အသံ ဦးကျော်ဦးသည် ၂-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
ဝန်ထမ်းဟောင်းများအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးနိုင်ကိုကို(မန္တလေး)

အသက်(၄၉)နှစ်

ဒေါ်ချိုချို(ခ)ဒေါ်ခင်ချိုအေး(မြို့နယ်တရားသူကြီး၊ ခင်ဦးမြို့နယ်)၏ ခင်ပွန်းသည် ၁-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၃ (ဥပဒေမှသူငယ်ချင်းများ)

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ထွန်း(AG-063640) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဒလန(နိုင်)၀၁၂၆၃၁]အမည်ပေါက် ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ်(၉၄၃)၏ မြေချပါမစ်မူရင်းနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်ပြုသည့် လက်မှတ်မူရင်းတို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကောက်ရထားသူမှ ကျွန်ုပ်ထံသို့ အမြန်ဆုံး ဆက်သွယ် အကြောင်းကြားပေးပါရန် သိစေအပ်ပါသည်။

ဦးစိန်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်အောင်ထွန်း
(တရားလွှတ်တော်ရှေ့နေ)
အမှတ်(၇၃)၊ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၈၆၄၄

မသက်ဆိုင်တော့ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ မြောင်းတကာမြို့နယ်၊ မင်းထူး(၂)လမ်းနေ မောင်အောင်အောင်(BHN-၃၄၃၂၀၁)သည် ၁၀-၂-၂၀၀၈ရက်မှစ၍ မိမိသဘောအလျောက်နေအိမ်မှ ဆင်းသွားပြီးဖြစ်၍ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝမသက်ဆိုင်တော့ပါကြောင်း သိစေအပ်ပါသည်။

ဇနီး-မခင်သူဇာထက်
(BHN-၀၅၆၀၉၈)

ဘရသေ့ဦးအောင်ဖေစိန်(ခ)

ထိုက်အိမ်ဘိုးဘိုး

သက်တော်(၈၈)နှစ်

ထိုက်အိမ်ဘိုးဘိုး(ခ) ဓာတ်ပေါင်းဥသျှောင် ဘမင်းခေါင်သည် ၂-၉-၂၀၁၃ (၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်) နံနက် ၇ နာရီတွင် ကံကုန်သွားပါသဖြင့် ၆-၉-၂၀၁၃ (တော်သလင်းလဆန်း ၂ ရက်) မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့၊ ညောင်အင်းကျေးရွာ ဘုန်းကြီးကျောင်း ဗိမာန်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်အပေါင်းတို့အား ကြေညာအပ်ပါသည်။

ကျင်းပရေးအဖွဲ့ ဦးစန္ဒိမာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြခိုင် (၇၁)နှစ်

ကုန်သွယ်ရေး(ငြိမ်း)၊ ယာဉ်စက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၁၀၇/၁၀၉)၊ အနော်ရထာလမ်း၊ ဝါဝါ ဝင်းတာဝါနေ (ဦးမောင်ရိုက်-ဒေါ်သိန်း)တို့၏သား၊ (ဦးသာလှိုင်-ဒေါ်အေးရွှေ)တို့၏ သားသမက်၊ ဒေါ်အေးလှိုင်၏ ခင်ပွန်း၊ ဦးချူးစံ-ဒေါ်အေးအေးခိုင်(ခေတ္တ-ဂျပန်)၊ ဦးကိုကိုလွင်-ဒေါ်မိုးသီတာခိုင်(လှဒေဝီတူရိယာဆိုင်)တို့၏ မွေးသဖခင်၊ မသိမ့်သင်ဇာ၏ အဘိုးသည် ၃-၉-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၃(စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင် သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၉-၂၀၁၃ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

ဒေါက်တာဌေးမြင့်ဝင်း (၅၃)နှစ်

ကထိက၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)

ရန်ကုန်မြို့၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်(၂၄)၊ အခန်း(၀၁)နေ (ဦးလှဖေ-ဒေါ်ခင်အုန်းစိန်)တို့၏သား၊ ဦးသန့်ဇင်ဦး-ဒေါ်သီဂီလှ၊ ဦးသန့်ဇင်-ဒေါ်သူဇာလှတို့၏မောင်၊ ဦးဇော်မြင့်ဝင်း၊ ဒေါ်ဝါဝါခိုင်တို့၏အစ်ကို၊ မသန့်သန္တာထက်၊ မဇင်ဇင်၊ မောင်သူရိန်ထက်၊ မောင်သူရိန်ထွန်းတို့၏ ဦးလေးသည် ၁-၉-၂၀၁၃(တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်)

[ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၃(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကိုနိုင်လင်းဆန်း (၄၃)နှစ်

(ဗဟိုရ်စည်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၅၇)ရပ်ကွက်၊ ငွေဇင်လမ်း၊ အမှတ်(၁၃၆၈)နေ (ဦးမြင့်စန်း-ဒေါ်ရီရီ လွင်)တို့၏ သား၊ ဦးဇင်းဦးဝိမလ(ရွှေဘို မြို့)၊ ကိုထွန်းထွန်းဦး-မခင်မိုးဆန်းတို့၏ မောင်၊ ကိုစိုးလှိုင်သွင်-မစောညိမ်းဖြူ ကိုမင်းသူရ-မကေခိုင်လွင်၊ ကိုသီဟထွန်းတို့၏ အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး ကိုနိုင်လင်းဆန်းသည် ၂-၉-၂၀၁၃(တနင်္လာနေ့) နံနက် ၄ နာရီ တွင် သယ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး ၍ ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါက်တာနိုင်လင်း

အသက်(၄၀)

M.B.,B.S, M.Med.Sc(surg),MRCS(Ed)

ကထိက/အတိုင်ပင်ခံ၊ခွဲစိတ်ဆရာဝန်

မြောက်ဥက္ကလာပမြို့နယ်၊အထွေထွေဆေးရုံကြီး၊ဆေးတက္ကသိုလ်(၂)ရန်ကုန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၀)လမ်း၊ အမှတ်(၈၁၈)နေ ဦးအောင်သိန်း-(ဒေါ်ယဉ် ယဉ်စမ်း)တို့၏သား၊ ဒေါက်တာကျော်စိုးညွန့် (ဆေးသိပ္ပံပညာဦးစီးဌာန)၊ ဒေါက်တာသီဂီဝင်း(လက်ထောက်ဆရာဝန်၊ မျက်စိ၊ ရန်ကုန်မျက်စိဆေးရုံကြီး) တို့၏ အစ်ကိုသည် ၃-၉-၂၀၁၃(အင်္ဂါ နေ့) နံနက် ၆နာရီတွင် သယ်န်းကျွန်း စံပြဆေးရုံကြီး၊ ဆရာဝန်များရိပ်သာ၊ အခန်း(၅)နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၅-၉-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၉-၂၀၁၃ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သွေးသည် အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂(စက်မှု)၊ မြေကွက်အမှတ်(၂၇၈)၊ မြေကွက်တည်နေရာအမှတ်(၂၇၈)၊ ကနောင်(၃)လမ်း၊ရွှေပြည်သာမြို့နယ်[ဦးဘိုးရီ(ခ)မောင်မောင်ရီ]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘိုးရီ(ခ)မောင်မောင်ရီ ကွယ်လွန်သဖြင့် ဒေါ်ကျင်စန်း[၁၂/ပဘတ(နိုင်)၀၀၄၆၇၈]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်တို့အတွက် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးညွန့်မောင်(ပေါင်းတည်)

အသက်(၉၁)နှစ်

ပေါင်းတည်မြို့နယ်၊ ဘိုးသာအောင်ကုန်းအုပ်စု၊ ညောင်ပင်ကုန်းရွာနေ (ဦးမြ-ဒေါ်စိန်လှ)တို့၏သား၊ ဒေါ်မယ်စိန်၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ကြို့ကုန်းအရာရှိရိပ်သာနေ ဦးတင်ထွဋ် (ညွှန်ကြားရေးမှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်ပြုံးပြုံးကြည်၊ ပေါင်းတည်မြို့ (၁၇)လမ်းနေ ဦးခင်မြင့်- ဒေါ်တင်ဝင်း၊ ညောင်ပင်ကုန်းရွာနေ ဦးဇော်ဝင်း(ဒုဦးစီးမှူး-ငြိမ်း၊ မြေစာရင်း ဦးစီးဌာန)-ဒေါ်သင်းသင်းဆွေတို့၏ဖခင်၊ ပေါင်းတည်မြို့နေ ကိုမိုးကျော်စိုး-မလှဲ့လှဲ့ဝင်း၊ ရန်ကုန်မြို့နေ ကိုလှမျိုးအောင်-မကြူကြူသင်း၊ တောင်ငူမြို့နေ ဗိုလ်မှူးမင်းချမ်းဟိန်း၊ ကိုမြင့်ထွန်းလင်း-မအိဖြူသိမ့်(စင်ကာပူ)၊ ကိုကျော်ဇင်ဦး-မဝင့်ကြည်ဖြူ(စင်ကာပူ)၊ နေပြည်တော်နေ ဗိုလ်ကြီးအောင်အောင်ဇော်-မသဲစုစုဟန်၊ ပေါင်းတည်မြို့နေ ကိုရဲဖြိုးဇော်-မမေမြင့်သူ၊ ကွတ်ခိုင်မြို့နေ ဗိုလ်ကြီးကောင်းထက်ဇော်၊ ပေါင်းတည်မြို့နေ မခြူးသဥ္ဇာဇော်တို့၏အဘိုး၊ မဆုယမုံ၊ မောင်ဇေလျှမ်းထက်၊ မောင်ခန့်တေဇတို့၏ ဘိုးဘိုးသည် ၂၉-၈-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁:၃၀ နာရီ တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ညောင်ပင်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးကြည်

အသက်(၈၇)နှစ်

(ဦးဖိုးတန်-ဒေါ်အားထွေး)တို့၏သမီး၊ (ဦးယူစီ)၏ချစ်လှစွာသောဇနီး၊ (နော်ဘဲ ဖော)-ဦးဇော်နော်၊ စောမိုရှေး-ဒေါ်ဘေဘီ၊ စောအယ်ဒိုဝါး-မအဝင်း၊ (နော်ဒေါ် လေဖော-ဦးဂွန်ဂျတ်)၊ စောချစ်စမ်းမောင်(I.C)-ဒေါ်ခင်ခင်မိုး(M.Y.C) တို့၏ မွေးသမိခင်၊ မြေး ၁၉ ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၃-၉-၂၀၁၃ ရက် နံနက် ၇:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၉-၂၀၁၃ (ကြာသပတေး နေ့) နံနက် ၁၀ နာရီတွင် M.Y.C ဘုရားကျောင်း၌ ဝတ်ပြုပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်မြင့် (၇၁)နှစ်

ဘီတွတ်ကျေးရွာ၊ လပွတ္တာမြို့နယ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၁၁)နေ (ဦးကျင်သန်း-ဒေါ်သန်းရင်)တို့၏သမီးကြီး၊ (ဦးအလူး-ဒေါ်မြသင်)တို့၏ သမီးချွေးမ၊ ဦးဗိုလ်ချုပ်(ခ)ဦးသန်းဝေ၏ ဇနီး၊ ဦးထွန်းထွန်းဦး(ခ)ဦးဌေးအောင်- ဒေါ်ရွှေကြည်၊ ဦးကျော်ကျော်နိုင်-ဒေါ်အိထွေးမော်၊ ဦးနိုင်လင်း(ခ)အတိုး-ဒေါ်စိုးစိုးလွင်(ခ)လုံးလုံး၊ ဦးလှဝင်းထွဋ်(ခ)လင်းလင်း-ဒေါ်လဲ့လဲ့ဝင်းတို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၃-၉-၂၀၁၃(အင်္ဂါနေ့) နံနက် ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးမောင် (၈၄)နှစ်
(B.A,B.L), D.P.A, (Manchester)
ခရိုင်ဝန်(ငြိမ်း)၊ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
Deputy commissioner (Rtd) Consultant in Law
မြန်မာနိုင်ငံဝန်ထမ်း(ငြိမ်း)တစ်ဦး၊ ပြည်သူ့ခေတ်ဂျာနယ်

ဟင်္သာတမြို့နေ(ဦးခင်မောင်-ဒေါ်သီလှ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂၉)၊ ရွှေတောင်တန်းလမ်းနေ[ဒေါ်သန်းသန်းအေး(စာကြည့်တိုက်မှူး-ငြိမ်း၊ အမျိုးသားစာကြည့်တိုက်)] ၏ခင်ပွန်း၊ အမှတ်(၃၂/A)၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်နေဦးသန်းလွင် [လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုဆေးဝါး၊ စက်မှု(၁)]-ဒေါ်ရင်ရင်မြ [ဌာနခွဲမှူး၊စက်မှုစီမံကိန်းဦးစီးဌာန၊ စက်မှု (၁)] တို့၏အစ်ကို၊ ဒေါ်ခင်မျိုးဇင်(အထက -၂၊ စမ်းချောင်း)၊ Capt; ဝင်းချို(Wallenious Marine Singapore)-ဒေါ်ခင်သန့်ဇင်၊(ဗိုလ်ကြီးဇော်ထွန်း)-ဒေါ်ခင်အေးစိုး၊ ဦးညွန့်စိုး(C/E Miraco Marine Services Ltd)-ဒေါ်အေးအေးမွန် (ပြည့်လျှံဆန်ပွဲရုံ)တို့၏ဖခင်၊ ဦးစိုးမင်းအောင်(လက်ထောက်ကထိက-ရှေးဟောင်းသုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ်)-ဒေါ်ဝင်းယဉ်မင်း (အုပ်ချုပ်မှုမန်နေဂျာ-မြစ်မခကုမ္ပဏီများအုပ်စု)တို့၏ဘကြီး၊ ဗိုလ်ကြီးဇေယျလင်း(သံဖြူဇရပ်)-မဝင်းအိဖြူ၊ မခင်ကြည်သာကျော်၊ မလှိုင်ကေဇင်သူ၊ မောင်ပြည့်ဖြိုးဇော်၊ မအေး ရွှေရည်ချို၊ မောင်ချမ်းမြအောင်တို့၏ အဘိုးသည် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး/ရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၃(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၂၉)ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ဦး(တောင်ငူ) (၇၉)နှစ်
(မြန်မာ့အသံ-ကျော်ဦး)
ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့အသံ

တောင်ငူမြို့၊ ပွဲစားတန်းနေ(ကုန်သည်ဦးလှိုင်-ဒေါ်လုံး)တို့၏သားကြီး၊ မုဒုံမြို့၊ မင်းတန်းရပ်နေ(အငြိမ်းစားပညာအုပ် ဦးစံတင်-ဒေါ်မြသွင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၃) နေ (ဒေါ်မေမေညွန့်၊ အထက်တန်းပြဆရာမ-ငြိမ်း၊ အထက-၂၊ ဗဟန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သက်သက်ဦး-ဦးအောင်နေဦး၊ ဦးအောင်ချိုဦး-ဒေါ်ဖြူဖြူစန်း၊ ဒေါ်ဝေဝေဦး-ဦးဇော်မင်းသန်း(Michael)တို့၏ချစ်လှစွာသောဖခင်၊ Kendra Oo၊ Kaydre Oo၊ တင့်အေးချမ်း၊ ထက်ဟေသီအိတို့၏အဘိုး ဦးကျော်ဦးသည် ၂-၉-၂၀၁၃(တနင်္လာနေ့) နံနက် ၀၀း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ဦး(တောင်ငူ) (၇၉)နှစ်
(မြန်မာ့အသံ-ကျော်ဦး)
ညွှန်ကြားရေးမှူး(ငြိမ်း)မြန်မာ့အသံ

တောင်ငူမြို့၊ ပွဲစားတန်းနေ(ကုန်သည်ဦးလှိုင်-ဒေါ်လုံး)တို့၏သားကြီး၊ မုဒုံမြို့၊ မင်းတန်းရပ်နေ(အငြိမ်းစားပညာအုပ် ဦးစံတင်-ဒေါ်မြသွင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၃) နေ (ဒေါ်မေမေညွန့်၊ အထက်တန်းပြဆရာမ-ငြိမ်း၊ အထက-၂၊ ဗဟန်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်တင်ညွန့်-ဦးလှမြင့်)၊ (ဒေါ်သန်းနု)၊ (ဦးဘဟန်)-ဒေါ်ခင်စန်းတို့၏ ညီ/မောင်၊ ဦးမြတ်ဦး-ဒေါ်ဒေစီလှ၊ ဒေါ်မြင့်မြင့်-ဦးသာထွန်းဦး၊ ဦးခင်မောင်တင်တို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဘကြီး ဦးကျော်ဦးသည် ၂-၉-၂၀၁၃(တနင်္လာနေ့) နံနက် ၀၀း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၈နာရီ မှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်လှမြင့် (၆၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၁)လမ်း အနောက်၊ အမှတ်(၉၂/ခ)နေ (ဦးချစ်မောင်-ဒေါ်ကျင်ယုံ)၊ (ဦးသိန်း)-ဒေါ်သောင်းတို့၏သမီး၊ (ဦးမြင့်သိန်း)၏ဇနီး၊ ဦးသန်းဟန်-(ဒေါ်တင်တင်ဦး)တို့၏ညီမ၊ ဦးမြင့်ဆွေ-ဒေါ်အမာနွဲ့၊ (ဦးအောင်မြင့်)-ဒေါ်ချိုချိုတို့၏အစ်မ၊ ကိုစိုးသီဟ-မစမ်းသီတာ၊ ကိုအောင်သီဟ - မနေခြည်စိုးတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ ကိုမျိုးမင်းလှိုင်၊ ကိုဇော်လင်းဆွေ-မအေးသန္တာ၊ မအေးမြတ်မြတ်ချို၊ ကိုမောင်ငွေး-မလဲ့ရည်ဝင်း၊ ကိုဟန်မျိုးကျော်-မချောခိုင်ဇာလွင်၊ မဖြူနှင်းဆွေတို့၏အဒေါ်၊ မောင်ကောင်းသက်စံ၊ မောင်အောင်ဖြိုးကျော်၊ မောင်အောင်သော်ဇင်၊ မောင်ထက်ဝေယံ၊ မလင်းရွှေရည်မှူး၊ မလင်းရွှေရည်ဖူးတို့၏အဘွားသည်၃-၉-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကျုံမငေးအသင်း(ရန်ကုန်)
ဘုရား၊ ရဟန်းဒါယကာ
ဦးချစ်ဆွေ (၆၇)နှစ်
မြတ်စွယ်တော်ဂေါပက-
မြန်မာ့ဆက်သွယ်ရေး-
ကြေးနန်းတာဝန်ခံ(ငြိမ်း)

ကျုံမငေးမြို့၊ မြို့သစ်(၃)လမ်းနေ (ဦးသန်းညွန့်-ဒေါ်တင်ကြည်)တို့၏သား၊ ဒေါ်တင်ဝိုင်း၏ ခင်ပွန်း၊ မမိမိသန်း၊ မအိအိဖြိုး၊ ကိုဇော်မင်း-မဖြိုးသီတာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်သက်နိုင်အောင်၏ အဘိုး ဦးချစ်ဆွေသည် ၃-၉-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် မြန်မာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျုံမငေးအသင်း(ရန်ကုန်)
အလုပ်အမှုဆောင်

ဦးအေးကြူ (၇၁)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်းသွယ်(၅)လမ်း၊ တိုက်(၅၂)၊ အခန်း(၈)နေ ဒေါ်သန်းရီ (စက်မှု-၁၊ ငြိမ်း၊ စက်မှုစားကုန်)၏ခင်ပွန်း၊ (ကိုဇော်စိုးအေး)၊ ကိုဇော်မျိုးအေး-မနီလာထွေး၊ မမေဇော်မိုးအေး၊ ကိုငွေးအောင်ဝင်း-မမေဇော်ဖြိုးအေး၊ ကိုဇော်သူရိန်၊ (ကိုဇော်စည်သူ)-မအေးအေးမာတို့၏ဖခင်၊ မောင်ပြည့်ဖြိုးမောင်၊ မောင်ဘုန်းသန့်ထူး၊ မောင်ခန့်သန့်ထူးတို့၏အဘိုးသည် ၂-၉-၂၀၁၃(တနင်္လာနေ့) ည ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃(သောကြာနေ့)နံက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းထွန်း(ခ)ဦးဝင်းဗလ
အသက်(၄၃)နှစ်
စိန်ဂျွန်းကျောင်းသားဟောင်း

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ အမှတ်(၁၂)၊(၄)လမ်းနေ ဦးရှန်-(ဒေါ်ရင်ကြည်)တို့၏သား၊ဦးဘသာ-ဒေါ်လှလှတို့၏သားသမက်၊ ဒေါ်ဥမ္မာအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ မခင်ခန့်ခန့်ထွန်း (B.Teach, 2nd year)၊ မောင်ဇေယျာထူး (အ. ထ. က-၃၊အလုံ)တို့၏ဖခင်၊ (ဦးစိုးမြင့်ဦး)၊ ဦးမျိုးညွန့်-ဒေါ်ပြုံးမို့မို့လှိုင်၊ ဒေါ်သန်းသန်းဆင့်(အ. လ. က-၃၊ ဒဂုံ) ဦးသိန်းလှိုင် - ဒေါ်သန်းသန်းမြင့်၊ ဒေါ်သန်းသန်းတင့် (အ. ထ. က -၃၊ အလုံ)၊ ဒေါ်သန်းသန်းထွေးတို့၏ ညီ/မောင်၊ ကိုဇော်ထွန်း၏အစ်ကို ဦးဝင်းထွန်း (ခ) ဦးဝင်းဗလသည် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်တင်လှ (၇၅)နှစ်
(ကြီးကိုးကြီး၊ ဗိုလ်တထောင်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်နွယ်)တို့၏သမီး၊ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊အမှတ်(၃၄)၊ (၆၂)လမ်း၊ (၃)ရပ်ကွက်နေ (ဦးသိန်းရွှေ)၏ဇနီး၊ ဦးတင်မောင်မြတ်ဝေ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ခင်အေးမူ(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး)၊ ဦးမြင့်စိုး-ဒေါ်ရီငွေး၊ ဦးခင်စိုး - ဒေါ်သန္တာဝင်း၊ ဦးမြင့်သိန်း-ဒေါ်ခင်မြင့်မြင့်၊ ဦးကျော်စိုး-ဒေါ်စန္ဒာလွင်၊ ဦးမြို့ဝင်-ဒေါ်ခင်မိုးမိုး၊ မမြင့်မြင့်မော် တို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်တင်လှသည် ၃-၉-၂၀၁၃(အင်္ဂါနေ့) ည ၉း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၉-၂၀၁၃ (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး
ဒေါ်ညိုညိုဝင်း(ရေကျော်)
အသက်(၅၇)နှစ်

မိုးကုတ်မြို့၊ ကျပ်ပြင်ကျောင်းကြီးတိုက် ဦးပဥ္စင်း ဦးကေသဝ၏ ရဟန်းဒါယိကာမကြီး၊ ကျပ်ပြင်မြို့မရပ်နေ ဦးကံထူး၊ ရန်ကုန်မြို့နေ ဒေါ်ခင်ဝင်းမြင့်တို့၏တူမ၊ကျပ်ပြင်မြို့မရပ်နေ (ဦးထွန်းရှိန်)-ဒေါ်တင်ကြည်တို့၏သမီး၊ မန္တလေးမြို့၊ ပွဲကုန်းရပ်နေ(ဦးမောင်မောင်တင်-ဒေါ်ခင်စန်းရီ)တို့၏သမီးချွေးမ၊ ဦးမင်းသန်းတင်၏ဇနီး၊ ရန်ကုန်မြို့နေ ကိုအောင်ပြည့်စုံ-မချမ်းငြိမ်းသူ၊ကိုသန်းထင်အောင်(JSM)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဝေဘုန်းပြည့်၏ ချစ်လှစွာသောဘွားဘွား၊ မန္တလေးမြို့၊ အောင်တော်မူရပ်နေ ဦးအေးကိုကို-ဒေါ်နန်းသက်သက်ထွန်း၊ ရန်ကုန်မြို့နေ ဦးမင်းသိန်းတင်-ဒေါ်ခင်ဝင်းဝင်းထွဋ်၊ မိုးကုတ်မြို့၊ ကျပ်ပြင်မြို့မရပ်နေ ဒေါ်ခင်ဖြူဝင်း၊ (ဦးဇော်ဝင်းရှိန်)-ဒေါ်မြင့်မြင့်ဦးတို့၏ညီမ၊ ဦးဗိုလ်ငွေး-ဒေါ်ဝါဝါဝင်း၊ (ဦးဇော်ဝင်းနိုင်)-ဒေါ်စုစုလွင်၊ ဒေါ်နီနီဝင်း၊ ဦးဇော်မိုးနိုင်-ဒေါ်မီးငယ်၊ ဦးမြင့်ထွန်း-ဒေါ်ထွန်းသီရိ၊ ဦးစိုင်းစံမြင့်-ဒေါ်ဝင်းကလျာတို့၏ချစ်လှစွာသောအစ်မ၊ တူ၊တူမ ၁၀ယောက်တို့၏ကြီးကြီးသည် ၃-၉-၂၀၁၃(အင်္ဂါနေ့)ညနေ ၃း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၉-၂၀၁၃(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လိပ်ကန်လမ်း၊ တိုက်-၈၊ အခန်း-၅၀၉ နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၉-၂၀၁၃(တနင်္လာနေ့)နံနက် ၈နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသန်းထွဋ်ဦး(ခ)ညီထွဋ်
အသက်(၄၇)နှစ်
(သံဖြူဇရပ်)

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ရှင်စောပုရပ်ကွက်၊အမှတ်(၁၆)၊ငါးထွာ၊ သုခမိန်လမ်းနေ ဦးတင်ညွန့်-ဒေါ်ကြည်ကြည်သန်းတို့၏သား၊ ဘုရင့်နောင်တာဝါနေ ဦးမြင့်လွင်-(ဒေါ်ယဉ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ်(၂၀၆-B)၊ ဘုရင့်နောင်တာဝါ(၂)အနီးနေ ဒေါ်နှင်းသီရိလွင်(ဆွိ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်ဦး ၏ညီ၊ ကိုကျော်ကျော်ဦး - မစောစန္ဒာလင်း (Linpo Co.,Ltd.) (ကိုမျိုးဇော်ဦး)၊ ကိုဇင်မျိုးပိုင်-မဆွေဆွေတင့်၊ကိုအာကာ၊ ပြည့်စုံလင်း-မနွယ်နွယ်အေးတို့၏အစ်ကို၊ မဝတီချမ်းမြေ့ဦး (Grade 8-E)(အ.ထ.က -၂စမ်းချောင်း)၊ မမြဖူးငုံဦး တို့၏ မွေးသဖခင်သည် ၃-၉-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (စမ်းချောင်းမြို့နယ်၊ သုခမိန်လမ်းနှင့် လှည်းတန်းလမ်းနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ရီ (၈၂)နှစ်
(ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၁၉)၊ ပထမလွှာနေ (ဦးသက်ဖေ-ဒေါ်အုံးတင်)တို့၏သမီး၊ (ဗိုလ်ကြီးတိတ်ကြေ-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးသိန်းညွန့်-ဒေါ်စမ်းစမ်းမေ၊ ဦးတင်လှ-(ဒေါ်သန်းကြည်)၊ ဦးမျိုးမင်းဇော်-ဒေါ်ကြည်ကြည်မာ၊ဦးကိုကိုထွန်း (ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်၊ ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁)-ဒေါ်ကြည်ကြည်ခင်တို့၏ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ မြေးရှစ် ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်တင်ရီသည် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူး နေ့)နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀ နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၁၉)၊ ပထမလွှာသို့ ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊နတ်လမ်းဒါယကာကြီး
ဦးချုံငါး(ခ)ဦးခင်မောင်လွင်(ခ)မော်စီဟုတ်
အသက်(၆၉)နှစ်
တပင်ရွှေထီးဆန်စက်၊ကျောက်တန်း
ကျောက်တန်းမြို့နယ်ဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ
ကျောက်တန်းမြို့နယ် ကျန်းတိတ်ဘုံကျောင်းအသင်းဥက္ကဋ္ဌ

ကျောက်တန်းမြို့၊ မင်းကျောင်းလမ်း၊ အမှတ်(၁၇)နေ (ဦးကျင်အောင်-ဒေါ်ကျင်မွှား)တို့၏သားထွေး၊ (ဦးအောင်ကြည်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်ခင်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်စီစီလွင်၊ ဦးကျော်ထူးလွင်(ခ)ကိုနိုင်နိုင်-ဒေါ်ဖြူပြာခိုင်၊ ဒုတိယဗိုလ်မှူးကြီးဖြိုးအောင်စိုး(ယာယီတပ်ရင်းမှူး)-ဒေါ်ရီရီလွင်၊ ဗိုလ်မှူးကျော်မျိုးအောင်-ဒေါ်ဝါဝါလွင်၊ ဒေါ်နီနီလွင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မဝင်းထက်ထက်ဦး(ILBC)၊ မောင်သူရဦး၊ မောင်သိန်းဦးဆွေ၊ မမေသီရိဟန်၊ မမေသော်ဟန်တို့၏ချစ်လှစွာသောအဘိုးသည် ၄-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့)ညနေ ၃း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၃-၉-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)တွင် ပါရှိသည့် ဦးစိုးနောင်(ခ) ဦးစိုးအောင် အသက်(၈၁)နှစ် နာရေးကြော်ငြာတွင် မောင်မင်းသူစိုး၊ မောင်အောင်အောင်ထွန်း-မမော်မော်စိုးတို့၏ဖခင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်နသီးချေ(ခ)ဒေါ်ခိုင်စောယဉ်
(ရွာမပြင်-ကျောက်တော်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အမှတ်(၃၄)၊ သုံးလွှာ၊ပဒေသာလမ်းနေ(ဦးမောင်သာဦး-ဒေါ်မဖြူချေ)တို့၏သမီး၊(ဦးမောင်စောလှ)၏ ဇနီး၊ ဦးပညာ(ဦးဘသောင်း-ဒေါ်မမြသိန်း)၊ ဦးသိန်းထွန်း-(ဒေါ်လယ်သောင်းစိန်)၊ ဦးလှဝင်း-ဒေါ်စိန်ဝင်းဖြူ ဦးမောင်အေးကြိုင်-ဒေါ်ခင်မေလှ၊ ဦးအေးသာ-ဒေါ်မသိန်းနု၊ ဦးသိန်းထွန်းအောင်(ခေတ္တ-စင်ကာပူ) - ဒေါ်ဝင်းဝင်းရွှေ (ခေတ္တ-စင်ကာပူ) - ရဲအုပ်သိန်းဝင်း(ဆည်ဇင်းရဲစခန်းမှူး)-ဒေါ်ဆန်းမေ တို့၏ မွေးသမိခင်၊ မြေး ၂၈ ယောက်တို့၏ အဘောင်ရှင်၊ မြစ် ၁၁ ယောက်တို့၏ အဖီးသည် ၃-၉-၂၀၁၃ ရက် မွန်းလွဲ ၁၂း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအား ရည်စူး၍ ၉-၉-၂၀၁၃ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဟယ်ရီချစ် (၇၃)နှစ်
မန်နေဂျာ၊ စား/ထွေ(ငြိမ်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ အမှတ်(၃၉)၊ စလင်းလမ်းနေ(ဦးဘိုးချစ်-ဒေါ်သန်းမြင့်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်လှရွှေ)(ခတ္တိယရွာ)တို့၏သားသမက်၊ ဦးလှမြင့်-ဒေါ်ညွန့်ညွန့်ချစ်၊ ဒေါ်တင့်တင့်ချစ်တို့၏ ဦးလေး၊ အမှတ်(၂၈)၊လေးလွှာ၊B ကွမ်းရွဲတန်လမ်းနေ[ဒေါ်ခင်နုဆွေ(မြန်မာ့ရေနံ)] ၏ခင်ပွန်း၊ မောင်လှိုင်ဘွား-မဇင်မျိုးလွင် (ခေတ္တ-အင်္ဂလန်)၊ မဟန်စုယဉ်(Yangon Pan Pecific Co.,Ltd.)၊ ကိုတင်ဖြိုးဝေ-မချောစုလွင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄-၉-၂၀၁၃ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၉-၂၀၁၃ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၂၈)၊ လေးလွှာ၊ B ကွမ်းရွဲတန်းလမ်းနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်အေးသိန်း (၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်နေ (ဦးဘိုးငြိမ်း-ဒေါ်အုံးကြွယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ (၁၉)လမ်းအနောက်၊ အမှတ်(၁၄)နေ (ဦးကျော်ရင်)၏ဇနီး၊ ဦးစိုးလွင်-ဒေါ်သန်းသန်းကြည် (ကားဘောဟပ်လုပ်ငန်း)၊ ဦးမင်းလွင် [(ဒုစည်းမှူး) ၃/မာန်ပြေရပ်ကွက် (ပြည်ခိုင်ဖြိုးပါတီ)]-ဒေါ်စန်းစန်းကြည်၊ ဦးတင်ထွန်း-ဒေါ်မြင့်မြင့်အေး၊ ဦးကြည်လင်း-ဒေါ်ငွေငွေဝင်း၊ ဦးစိုင်းမင်းမင်းထက်-ဒေါ်စန္ဒာထွေးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၃-၉-၂၀၁၃ (အင်္ဂါနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၉-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၃ (တနင်္လာနေ့)တွင် နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးနေစိုး(ဖောင်ကြီး)
1/OLR, RAY SHIPPING
အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းကုန်းစံပြ(၃)ရပ်ကွက်နေ (ဦးစိုးမောင်) - ဒေါ်မြသိန်း တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က) စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၆၁)နေ (ဦးစိုးမင်းသိန်း)-ဒေါ်ရင်ရင်တို့၏သားသမက်၊ (ကိုသက်စိုးဦး)-ဒေါ်ဝေဝေ၊ ဦးစန်းဦး-ဒေါ်အေးအေးခိုင်တို့၏ညီငယ်၊ မခင်စန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟန်သွေးသစ်၏မွေးသဖခင်ကျေးဇူးရှင် ဦးနေစိုးသည် ၄-၉-၂၀၁၃ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဝေလင်းထွန်း
အသက်(၄၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ ရွှေဖီခိုင်ညှာလမ်း၊ အမှတ်(၂၈၂/ခ)နေ (ဦးတင်လှ)-ဒေါ်စန်းရီတို့၏သား၊ အမှတ်(၂၉၄/က) နေ (ဦးစံအေး-ဒေါ်အေးအေးသန်း) တို့၏သားသမက်၊ မဆွေဆွေတင် ၏ မောင်၊ဦးတင်ဝင်းအောင်-ဒေါ်အေးအေးအောင်တို့၏အစ်ကို၊ဒေါ်ထားထားအေး၏ ချစ်လှစွာသော ခင်ပွန်း၊ မအင်ကြင်မိုး၊ မချယ်ရီမိုးတို့၏မွေးသဖခင်၊ မမေဖြိုးလွင်၊ မောင်မင်းခန့်ကို၊ မောင်ရဲမန်ဦးတို့၏ဦးလေးသည် ၃-၉-၂၀၁၃ (အင်္ဂါနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၅-၉-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊
တောင်ပြင်ထီးလင်းတိုက် တိုက်အုပ်ဆရာတော်
ဘဒ္ဒန္တ ဇောတိကာဘိဝံသ
သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်
(ပါဠိပါရဂူ၊ သိရီပဝရဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ
သက္ကတ၊ ပါကဋ၊ ပါဠိ၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ ဥတ္တရမဓျမ
ဆန်းဆကရစ် ယူနီဗာစီတီ ဗာရာဏသီ အိန္ဒိယ)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ တောင်ပြင်ထီးလင်းတိုက်၏ ပဓာနနာယက တိုက်အုပ်ဆရာတော်၊ ချမ်းမြသာစည်မြို့နယ် သြဝါဒါစရိယ၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ သြဝါဒါစရိယ၊ မဟာမုနိဂေါပက သြဝါဒါစရိယ၊ မန္တလေးသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်(ဟောင်း)ဖြစ်တော်မူသော ဘဒ္ဒန္တ ဇောတိကာဘိဝံသ မဟာထေရ်မြတ်သည် (၁၃၇၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ရက်) ၄-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမ အဂ္ဂိစျာပနအခမ်းအနားကို (၁၃၇၅ခုနှစ်၊ တော်သလင်းလဆန်း ၆ရက်) ၁၀-၉-၂၀၁၃(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် တောင်အင်း-မြောက်အင်းသို့ပင့်ဆောင်၍ အန္တိမ အဂ္ဂိစျာပနကျင်းပပူဇော်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

အန္တိမ အဂ္ဂိစျာပနကျင်းပရေးကော်မတီနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရှင်ပဏ္ဍိစ္စ[မောင်မျိုးမင်းမင်းသိန်း(ခ)ကိုမျိုး] (၃၈)နှစ်

ရန်ကုန်မြို့၊ သုခမလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အမှတ်(၈၉)နေ ဦးသိန်းမြင့်-ဒေါ်ခင်မြ(ငွေးမွန်ဓာတ်ပုံ)တို့၏ သားထွေး၊ (ဦးငွေးဝင်း)-မသင်းသင်းစိုး၊ ဦးအောင်မြင့်-ဒေါ်အေးမွန်သိန်း(ကထိက၊ ဒဿနိကဗေဒဌာန၊ ဘားအံတက္ကသိုလ်)၊ ဦးကျော်စွာ-ဒေါ်နွေးနွေးသိမ့်၊ (ဦးတင်အေးချစ်)-ဒေါ်လွင်လွင်သစ်၊ မောင်ဖြိုးမင်းမင်းသိန်းတို့၏ညီ/မောင်၊ မမြသီတာသိန်း၏အစ်ကို၊ မမို့မို့ဝင်း၏ခင်ပွန်း၊ မောင်လပြည့်မင်း၏ဖခင်၊ မအေးဖူးငုံငွေး၊ မအေဘယ်သစ်-ရဲနောင်ထွဋ်၊ မနှင်းဝတ်ရည်ဝင်း၊ မောင်ထက်လွှမ်းကျော်၊ မအိမ့်ကဗျာ၊ မောင်သီဟဆက်နိုင်၊ မောင်ဘုန်းမြင့်တို့၏ ဦးလေးသည် ၃-၉-၂၀၁၃(အင်္ဂါနေ့) နံနက် ၁နာရီတွင် ပျံလွန်တော်မူပါသဖြင့် ကျန်ရစ်သောရုပ်ကလပ်ကို ၅-၉-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှ(သုံးခွ) (၉၅)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံရိပ်မွန်၊နှင်းဆီဥယျာဉ် အပိုင်း(၃)၊နဝရတ်နှင်းဆီလမ်း၊ အမှတ် ၁၁၄(B - 1)၊ သစ္စာမွန်ရိပ်မြုံနေ (ဦးစံညွန့်-ဒေါ်မြရင်)တို့၏သမီး၊ (ဦးလှအုန်း)၏ဇနီး၊ဗိုလ်မှူးကြီးသိန်းဆွေ(ငြိမ်း)-ဒေါ်ခင်မာဦးတို့၏ မိခင်၊ ဗိုလ်ကြီးနိုင်ဆွေဦး - ဒေါက်တာဝတ်ရည်လင်း၊ဗိုလ်ကြီးထက်ဆွေဦး-မမေစမ်းမောင်မောင်တို့၏အဘွား ဒေါ်လှသည် ၄-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၁၀-၉-၂၀၁၃(အင်္ဂါနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်သန်းကြည်(အိုမီဂါဓာတ်ပုံတိုက်) (၈၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၁)၊(ဇ)ရပ်ကွက်၊ခေမာသီလမ်းနေ (ဦးဘဖေ-ဒေါ်မယ်သစ်)တို့၏သမီး၊ (ဦးရွှေတူ -ဒေါ်ငွေခဲ)တို့၏သမီးချွေးမ၊ ဦးဝင်းရှိန်၏ဇနီး၊ ဦးသောင်းညွန့်-ဒေါ်လှမြင့်၊ (ဦးလှအောင်)-ဒေါ်မြညိမ်း၊ဦးသိန်းထွန်း-ဒေါ်လှလှယဉ်တို့၏ အစ်မကြီး၊ ဦးတင့်ဆွေ-ဒေါ်လှနွဲ့၊ ဒေါက်တာဦးသန်းလွင်-ဒေါက်တာဒေါ်စန်းစန်းနွဲ့(မိုးကေသီဦးဆေးခန်း)၊ ဦးထွန်းဦး-ဒေါ်သန်းသန်းနွဲ့၊ဦးတောက်ထွန်းဦး-ဒေါ်သီတာစိန်၊ဦးတက်တိုးရှိန်-ဒေါ်မြင့်မြင့်ဇော်၊ ဒေါ်ဝင်းမြင့်သန်း၊ ဦးဓူဝံကျော်-ဒေါ်ယုယုကြိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂-၉-၂၀၁၃(တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပြီး ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမြင့်အောင်(ဖြူး) (၇၃)နှစ်

ဖြူးမြို့နေ(ဦးတင်-ဒေါ်စိန်ဥ)၊ (ဦးအေးမောင်-ဒေါ်အမာ)တို့၏သားငယ်၊ ဖြူးမြို့၊ (၄)လမ်းနေ ဒေါ်မြမြ၏ခင်ပွန်း၊ (ဦးတင်ဝင်း-ဒေါ်လှမြင့်)၊ (ဦးအောင်ဆန်း-ဒေါ်တင်ရီ)၊ ဦးကျော်ရွှေ-ဒေါ်လှလှတို့၏ညီ/မောင် ဦးမြင့်အောင်သည် ၄-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၆နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အမှတ်(၃၀)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးကျော်ရွှေ-ဒေါ်လှလှတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကျော်စိန် အသက်(၇၀)
ကျန်းမာရေးမှူး(ငြိမ်း)

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ (၇) အေးချမ်းသာယာ(၃)လမ်း၊ အမှတ်(၁၇၃)နေ ဒေါ်စန်းစန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ သန်လျင်မြို့နေ ဒုရဲမှူးကြီးကျော်မိုးကြည်(ငြိမ်း)-ဒေါ်မြင့်မြင့်ဦး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးဟန်ကျော်သိ(ငြိမ်း)-ဒေါ်သူသူစိုးမြင့်၊ နေပြည်တော်နေ ဗိုလ်ကြီးဖေကျော်ကြည်(ငြိမ်း)-ဒေါ်အေးအေးငြိမ်း၊ လားရှိုးမြို့နေ ဦးဝါအေး-ဒေါ်မိုးမိုးကျော်၊ ပြင်ဦးလွင်မြို့နေ ဦးထွန်းဇံကျော်-ဒေါ်ညွန့်ရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မဆုရတနာကျော်၊ မဖြိုးပြည့်ရတနာစိုးမြင့်၊ မသက်မှူးစံ၊ မောင်ထွန်းမြင့်ဝင်း(ကွန်ပျူတာတက္ကသိုလ်-လားရှိုး)၊မောင်သန့်ဇင်ဟိန်း၊ မယမင်းရွှေရည်ဦးတို့၏ အဘိုးသည် ၃-၉-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကြာကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ညနေ ၆ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး ဦးမြင့်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ)

(သတင်းစဉ်)

ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအထိ ခရီးသည်များမှ တိုင်ကြားမှုပေါင်း ၁၇၀ ရှိ

ရန်ကုန် စက်တင်ဘာ ၄

ခရီးသည်တင်ယာဉ်လိုင်းများနှင့် ပတ်သက်၍ ခရီးသည်မှ တိုင်ကြားလာမှုများသည် ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း အမှုပေါင်း ၁၇၀ ရှိကြောင်း ယနေ့ပြုလုပ်သည့် မထသ(ဗဟို) မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ တိုင်ကြားမှုများတွင် ယာဉ်စီးခ ပိုတောင်းသောဖြစ်ရပ်မှာ အမှုပေါင်း ၆၄ မှုရှိကာ အများဆုံးဖြစ်နေပြီး မချေမငံရိုင်းပျစွာ ပြောဆိုဆက်ဆံခြင်းကြောင့် တိုင်ကြားမှုမှာ ၄၉ မှုဖြင့် ဒုတိယအများဆုံးဖြစ်ပြီး သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းမှုကြောင့် တိုင်ကြားမှုသည် ၂၂ မှု၊ သတ်မှတ်မှတ်တိုင်တွင် မရပ်ခြင်းကြောင့် တိုင်ကြားမှုသည် ၁၆ မှု၊ အရှိန်ပြင်းစွာ မောင်းခြင်း၊ ပြိုင်မောင်းခြင်းကြောင့် တိုင်ကြားမှုသည် ၁၁ မှု၊ ဟွန်းတီးမောင်းနှင်မှု တစ်မှု၊ ဝိုင်းဝန်းထိုးကြိတ်မှုနှစ်မှု၊ အမိုးယိုခြင်းကြောင့် တိုင်ကြားမှု တစ်မှု၊

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍

ပြည်သူနှင့်တပ်မတော် တစ်သားတည်းရှိမှသာ နိုင်ငံရေး၊ လူမျိုးရေးကွဲပြားမှုများအကင်းသေ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိလာမည်ဖြစ်

နေပြည်တော် စက်တင်ဘာ ၄

တပ်မတော်သည် ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀(င) နှင့် (စ) တို့တွင် အတိအလင်းပြဋ္ဌာန်းထားပါကြောင်း၊ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အမြဲတမ်းလေ့ကျင့်၊ အမြဲတမ်းစစ်ရေးသတိရှိ၊ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဆိုသည့် မြဲ(၃)မြဲ ရှိရမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပုသိမ်တပ်နယ်၊ ကျုံပျော်နှင့် မအူပင်မြို့များရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိစစ်သည်၊ မိသားစုများနှင့် ယနေ့သီးခြားစီ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားများ၏ ခံစားခွင့်များ ရရှိရေးနှင့် လိုက်နာဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်သားတိုင်းက ပြည်သူလူထုနှင့်အတူ ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုက ရွေးချယ်တာဝန်ပေးထားသော နိုင်ငံတော်အား ဦးဆောင်အဖွဲ့များဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် ခက်ခဲကြမ်းတမ်းသော သမိုင်းဖြစ်စဉ်များရှိခဲ့ရာမှ အဖြူရောင်နယ်မြေအဖြစ်သို့ ရောက်ရှိလာခြင်းသည် ပြည်သူလူထု၏ အပြည့်အဝအားပေးကူညီမှုဖြင့် တပ်မတော်မှ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✰

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ) အပို လေးမျက်နှာ ပါရှိပါသည်။

လောင်စာဆီချွေတာသော လှုပ်ရှားမှုဖြစ်သည့် ကိုယ်ပိုင်ယာဉ်များမသုံးရနေ့ ရန်ကုန်တွင်ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၄

လာမည့်စက်တင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကိုယ်ပိုင်ယာဉ်များမသုံးစွဲရနေ့(Car Free Day) ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။

ကမ္ဘာ့နိုင်ငံအချို့တွင် အဆိုပါ Car Free Day ကို ကျင်းပလေ့ရှိပြီး လောင်စာဆီသုံးစွဲမှု လျှော့ကျစေသည်သာမက မော်တော်ယာဉ်များမှထွက်သော မီးခိုးငွေ့များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများပါ လျှော့နည်းသက်သာစေမည့် အကျိုးရှိသော လှုပ်ရှားမှုတစ်ရပ်လည်း ဖြစ်သည်။

ထိုနေ့တွင် ရန်ကုန်မြို့လယ် ဧရိယာအပါအဝင် ရန်ကုန်မြစ်၊ ငမိုးရိပ်ချောင်း၊ ပုဇွန်တောင်ချောင်းတို့၏ အတွင်းပိုင်းတွင်ရှိသော မြို့နယ်များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး နံပါတ်အနက်တပ်ထားသော ကိုယ်ပိုင်ယာဉ်များသုံးစွဲမှုကို ပိတ်ပင်ကန့်သတ်သွားမည့် ဆောင်ရွက်မှုတစ်ရပ်လည်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ထက်ခိုင် - စမ်းချောင်း

ဟသ်ာတတက္ကသိုလ်
(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်
လျှောက်လွှာခေါ်ယူခြင်းနှင့်ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဟသ်ာတ တက္ကသိုလ်မှ ၂၀၁၃-ခုနှစ်အတွင်း အောက်ဖော်ပြပါ (ဘွဲ့)စာမေးပွဲအသီးသီးကို အောင်မြင်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ဟသ်ာတ တက္ကသိုလ် (၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၁-၁-၂၀၁၄ရက်နှင့် ၁၂-၁-၂၀၁၄ ရက်များတွင် ဤတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းများတွင် (၄)ကြိမ်ခွဲ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

(က) (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၁-၁-၂၀၁၄ရက် (စနေနေ့)(ပထမနေ့)

ပထမပိုင်းအစီအစဉ် နံနက် ၉း၀၀ နာရီ

မဟာသုတေသနဘွဲ့		(ရူပဗေဒ၊ သချ်ာ၊ သတ္တဗေဒ)
မဟာဘွဲ့	(၂၀၀၆ - အောင်)	(သချ်ာ)
ဝိဇ္ဇာ/သိပ္ပံ ရိုးရိုးဘွဲ့	(၂၀၀၉ - အောင်)	(မြန်မာစာ၊ အရှေ့တိုင်းပညာ၊ သချ်ာ၊ ရုက္ခဗေဒ)

ဒုတိယပိုင်းအစီအစဉ် မွန်းလွဲ ၂း၀၀ နာရီ

မဟာဘွဲ့	(၂၀၀၆ - အောင်)	(ရူပဗေဒ)
ဂုဏ်ထူးတန်းဘွဲ့	(၂၀၀၈ -အောင်)	(မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သချ်ာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)
ဝိဇ္ဇာ/သိပ္ပံ ရိုးရိုးဘွဲ့	(၂၀၀၉ - အောင်)	(ဒဿနိကဗေဒ၊ သတ္တဗေဒ)

(ခ) (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၂-၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့)(ဒုတိယနေ့)

တတိယပိုင်းအစီအစဉ် နံနက် ၉း၀၀ နာရီ

မဟာဘွဲ့	(၂၀၀၆ - အောင်)	(အင်္ဂလိပ်စာ)
ဝိဇ္ဇာ/သိပ္ပံ ရိုးရိုးဘွဲ့	(၂၀၀၉ - အောင်)	(ပထဝီဝင်၊ သမိုင်း၊ ရူပဗေဒ)

စတုတ္ထပိုင်းအစီအစဉ် မွန်းလွဲ ၂း၀၀ နာရီ

မဟာဘွဲ့	(၂၀၀၆ - အောင်)	(သမိုင်း၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)
ဝိဇ္ဇာ/သိပ္ပံ ရိုးရိုးဘွဲ့	(၂၀၀၉ - အောင်)	(အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဘူမိဗေဒ)

အစမ်းလေ့ကျင့်ခြင်း

၉-၁-၂၀၁၄ရက် (ပထမနေ့ ပထမပိုင်းနှင့် ဒုတိယပိုင်း အစီအစဉ်) -နံနက် ၉း၀၀နာရီ
၉-၁-၂၀၁၄ရက် (ဒုတိယနေ့ တတိယပိုင်းနှင့် စတုတ္ထပိုင်း အစီအစဉ်) - မွန်းလွဲ ၂း၀၀နာရီ

၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ (အဆိုပါ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)

၃။ ဘွဲ့ဝတ်စုံ ငှားရမ်းခွင့်ထောက်ခံစာကို ၇-၁-၂၀၁၄ ရက် နံနက် ၉း၀၀ နာရီမှစတင်၍ ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာနတွင် ထုတ်ပေးပါမည်။

၄။ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများသည် ဟသ်ာတတက္ကသိုလ်၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် (သို့) အဝေးရောက်ဘွဲ့ယူရန်အတွက် ၂၀၁၃ခုနှစ် အောက်တိုဘာလ ၃၁ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၅။ လျှောက်ထားသူများသည် ဟသ်ာတတက္ကသိုလ် သင်တန်းရေရာဌာန ဘွဲ့နှင်းသဘင်ဌာနခွဲတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂"×၁½") လက်မအရွယ် ဓာတ်ပုံ(၂)ပုံကို ပူးတွဲ၍ လျှောက်ထားရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းယူဆောင်လာရန်နှင့် မိတ္တူပါယူဆောင်လာရန်)။

၆။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ဟသ်ာတတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၇။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးကို "ပါမောက္ခချုပ် ဟသ်ာတတက္ကသိုလ်"သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ပေးပို့လွှာ၏ အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေး"**ဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့်ခုနှစ် စသည်တို့ကို တိကျစွာဖော်ပြရမည်။

၈။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး (၁၅၀၀ိ/-)ကျပ်တိတိနှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး (၁၀၀၀ိ/-)ကျပ်တိတိ ပေးသွင်းရမည်။

၉။ ဘွဲ့တက်ရောက်ယူမည်ဟု လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၁၀။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့ယူရန်လျှောက်ထားခြင်းမရှိခဲ့သူများသည် ယခု(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်းနံပါတ်- ၀၄၄-၂၁၁၃၆၊ ၀၄၄-၂၁၅၄၄၊ ၂၁၅၄၉ လိုင်းခွဲ- ၂၁၄၊ ၂၄၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(သန်းသန်းအေး)
ဌာနမှူး၊ သင်တန်းရေးရာ
ဟသ်ာတတက္ကသိုလ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့ / ရေနွေးငွေ့စက်ရုံများဌာနမှ မြင်းခြံဒေသတွင် တည်ဆောက်မည့်သဘာဝဓာတ်ငွေ့သုံး တာဘိုင်နှင့်သံမဏိစက်ရုံသို့ သဘာဝဓာတ်ငွေ့ပေးပို့ရန် လိုအပ်မည့်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ ဖိအားထိန်းချုပ်ဖြန့်ဖြူးရေးစခန်းသုံးပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၅-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း - ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနလက်အောက်ရှိ စီမံကိန်းလုပ်ငန်းသုံး ယာဉ်ယန္တရားများအတွက် လိုအပ်သောဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၅-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း - ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၇) ရက်မှ စတင်၍အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများ

(က) မြို့ပြအင်ဂျင်နီယာ
(Structural Engg:/Water Resources Engg:)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) မက္ကာထရောနစ်အင်ဂျင်နီယာ
(စ) ဓာတုအင်ဂျင်နီယာ
(ဆ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဇ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ဈ) ရေနံအင်ဂျင်နီယာ
(ည) သတ္တုဗေဒအင်ဂျင်နီယာ
(ဋ) ဗိသုကာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို(၁)နှစ်နှင့် သုတေသနကျမ်းပြု (၂)နှစ် စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်းဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့ သုတေသနဆက်လုပ်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။(နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူတင်ပြနိုင်ရမည်)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ M.E/M.Arch (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက်(မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့်ဆေးရုံမှ ဆရာဝန်၏ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ် (မူရင်းနှင့်မိတ္တူ)တို့ကိုတင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၉-၂၀၁၃ရက်(တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀-၉-၂၀၁၃ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက ၂၄-၉-၂၀၁၃ ရက်(အင်္ဂါနေ့)တွင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်သည်-

နေ့ရက်	**ဖြေဆိုရမည့်ဘာသာရပ်**	**ဖြေဆိုရမည့်အချိန်**
၂၆-၉-၂၀၁၃ရက်(ကြာသပတေးနေ့)	အင်္ဂလိပ်စာ	၉း၀၀နာရီမှ ၁၂း၀၀ နာရီ
၂၇-၉-၂၀၁၃ရက်(သောကြာနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀ နာရီမှ ၁၂း၀၀ နာရီ

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၃-၁၀-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၄-၁၀-၂၀၁၃ ရက်(သောကြာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်
ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၇) ရက်မှ စတင်၍အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာ ပါရဂူဘွဲ့သင်တန်းများကိုဖွင့်လှစ်ရန်ရှိပါသည်။

အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများ

(က) မြို့ပြအင်ဂျင်နီယာ
(Structural Eng:/Water Resources Engg:)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓါတုအင်ဂျင်နီယာ
(ဇ) နျူကလီးယားအင်ဂျင်နီယာ
(ဈ) ဗိသုကာ
(ည) ဇီဝနည်းပညာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို(၁)နှစ်နှင့် သုတေသနကျမ်းပြု (၂)နှစ် စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့ကြိုသင်တန်းဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့ သုတေသနဆက်လုပ်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးသုံးဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။(နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူတင်ပြနိုင်ရမည်)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ (M.E/M.Arch)၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့(M.S)(သို့မဟုတ်)အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက်(မူရင်း) တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့်ဆေးရုံမှ ဆရာဝန်၏ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ် (မူရင်းနှင့်မိတ္တူ)တို့ကိုတင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၉-၂၀၁၃ရက်(တနင်္လာနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀-၉-၂၀၁၃ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက ၂၄-၉-၂၀၁၃ ရက်(အင်္ဂါနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီး၊ မန္တလေး၌အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	**ဖြေဆိုရမည့်ဘာသာရပ်**	**ဖြေဆိုရမည့်အချိန်**
၂၆-၉-၂၀၁၃ရက်(ကြာသပတေးနေ့)	အင်္ဂလိပ်စာ	၉း၀၀ နာရီမှ ၁၂း၀၀နာရီ
၂၇-၉-၂၀၁၃ရက်(သောကြာနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀နာရီမှ ၁၂း၀၀ နာရီ

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၃-၁၀-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင်ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၄-၁၀-၂၀၁၃ ရက်(သောကြာနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် မန္တလေးနည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များတိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ်ဖုန်းနံပါတ် ၀၂-၅၇၇၃၆၃၊ ၀၉-၂၀၁၆၅၀၉ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

၁။ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း (MYANMAR-JAPAN FRIENDSHIP ASSOCIATION) အား ၁၉၉၉ခုနှစ် စက်တင်ဘာလ ၁၃ ရက်မှစတင်၍ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့က အသင်းအဖွဲ့ ဖွဲ့စည်းခွင့်လက်မှတ်အမှတ်-၁၈၁၄ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အသိအမှတ်ပြုလက်မှတ်အမှတ် ပ-ရက/၀၀၄၆ဖြင့် ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၃။ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း (MYANMAR-JAPAN FRIENDSHIP ASSOCIATION) ရုံးခန်းအား ယခင် ၅၁-ဒီ၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်မှ ယခုအမှတ်-၃၅၅၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၁-၆၆၄၉၆၈၊ ဖက်စ်အမှတ် ဖုန်း-၀၁-၆၆၀၂၇၇ သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယခုပြောင်းရွှေ့ဖွင့်လှစ်ထားသော လိပ်စာအသစ်ဖြင့် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း (MYANMAR-JAPAN FRIENDSHIP ASSOCIATION)သို့ ဆက်သွယ်ဝင်ရောက်လိုသော အသင်းသားအဟောင်းများနှင့် အသင်းသားအသစ်များကို စာရင်းပေးသွင်းနိုင်ပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

ရဲထွန်း
အထွေထွေအတွင်းရေးမှူး
မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း
(MYANMAR-JAPAN FRIENDSHIP ASSOCIATION)

ယာယီရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ကြောင်းကြေညာခြင်း

ရှင်ရဲထွန်းကုမ္ပဏီများအုပ်စု (SHIN YE HUTU GROUP) ရုံးခန်းတည်ရှိရာ အမှတ် ၅၁-ဒီ၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်တွင် ကုမ္ပဏီ၏ရုံးခန်းနှင့် ရှင်ရဲထွန်းဟိုတယ်အား တိုးချဲ့ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ရှင်ရဲထွန်းကုမ္ပဏီရုံးခန်းအား အောက်ဖော်ပြပါလိပ်စာများသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ရုံး(၁) အမှတ်-၃၅၅၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၁-၆၆၄၉၆၈၊ ဖက်စ်အမှတ်-၀၁-၆၆၀၂၇၇
ရုံး(၂) အမှတ်(၆)စီ-၄၊ ရန်ကင်းစင်တာ၊ ရန်ကင်းမြို့နယ်
ဖုန်း-၀၁-၄၀၀၃၀၂၊ ဖက်စ်အမှတ်-၀၁-၅၄၃၆၄၉

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၂လမ်း(မြောက်)၊ မြေတိုင်းရပ်ကွက်အမှတ်(၆-ဒီ)၊ (၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ် ၅၆/B၊ အမှတ်-၁၃၈/B နှင့် နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန်စာချုပ်ဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းနု[၁၂/ဗဟန(နိုင်)၀၄၈၃၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-ဒေါ်လှလှဝေ (LL.B)
တရားလွှတ်တော်ရှေ့နေ(၇၇၈၀)
အမှတ်(၈၈၂/ခ)၊ ပေါက်ပင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၇၅၂၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-A၊ မြေကွက်အမှတ်-၇/က၁-A၏ တစ်စိတ်တစ်ဒေသ(၅၆'/၄၈'×၂၉'/၂၇')မြေကွက်တည်နေရာအမှတ်(၆)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်(မလော်ကီ) အမည်ပေါက်မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက်မလော်ကီထံမှ ရန်ကုန်တိုင်းတရားရုံးအမှတ်(၁)၏ ၃၀-၉-၈၆ရက်စွဲပါ တရားမအထွေထွေမှုအမှတ်-၁၂၄ အမွေထိန်းလက်မှတ်စာ(၈-၇-၀၇)တရားမအထွေထွေမှုအမှတ်-၂၃ ရောင်းချခွင့်အမိန့်အရ မြေအရောင်းအဝယ်စာချုပ်အမှတ်-၇၈၂/၈၉(၂၅-၉-၈၉) အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၇/၂၀၁၂၊ အရောင်းအဝယ်စာချုပ်အမှတ်-၁၉၅၀/၁၃(၂၃-၅-၂၀၁၃)တို့တင်ပြ၍ ဦးတင့်ဆွေ[၁၂/အစန(နိုင်)၀၂၇၄၅၀]၊ ဒေါ်လှကြူ[၁၂/အစန(နိုင်)၀၂၇၄၄၉]တို့က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ မြေကွက်အမှတ်(၇၅၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၇၅၂/ခ)၊ မာယ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊(ဦးမြသိန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမြသိန်းနှင့်ဇနီး ဒေါ်သန်းကြည် ကွယ်လွန်သဖြင့် ဒေါ်သီတာ[၁၂/ရကန(နိုင်)၀၁၁၁၀၂]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၄၁၉၂(၁၂-၃-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးခင်ရွှေ[၁၂/တမန(နိုင်)၀၀၀၄၆၄]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၂-၄၂၈၄(၆-၈-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းအထက၊ တက္ကသိုလ်ဝင်တန်း(E)မှ မဖူးငုံငုံထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ချိုမာအေး[၁၀/သထန(နိုင်)၁၇၃၈၀၇]ဖြစ်ပါကြောင်း။

ဒေါ်ချိုမာအေး[၁၀/သထန(နိုင်)၁၇၃၈၀၇]

ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်း၊ အထက၊ န၀မတန်း(B)မှ မနန်းအိချောဖြူနှင့် ပထမတန်းမှ မောင်ဇင်မျိုးမင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးအောင်[၁၀/သထန(နိုင်)၁၃၇၁၈၄]ဖြစ်ပါကြောင်း။

ဦးဇော်မျိုးအောင်
[၁၀/သထန(နိုင်)၁၃၇၁၈၄]



အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ အမှတ်(၁၈/ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ လူနေရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၈(ခ)၊ အကျယ်အဝန်း(အလျား ပေ၆၀× အနံ ပေ၂၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား အိမ်ရာမြေကွက်+ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ+တပ်ဆင်အသုံးပြုလျက်ရှိသည့် ပစ္စည်းအရပ်ရပ်တို့နှင့် အကျိုးခံစားခွင့်များအားလုံးတို့ကို ယင်းပစ္စည်းအရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဦးသန်းရွှေ[၁၂/ဥကမ(နိုင်)၁၅၄၁၂၂]၏ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၁၇၅၉၇/၂၀၁၁ ရရှိသူ ဦးခင်စိန်[၁၂/တကန(နိုင်)၀၇၇၉၄၈]ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းအိမ်ရာမြေကွက်+နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား မှတ်ပုံတင်စာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းအေး B.Ag,H.G.P	**ဒေါ်ငြိမ်းငြိမ်းအောင် LL.B**
အထက်တန်းရှေ့နေ(စဉ်-၁၂၅၉၅)	**အထက်တန်းရှေ့နေ(စဉ်-၃၃၄၅၈)**

အမှတ်(၅၀)၊ အခန်း(A/5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၊၉၊၁၀၊၁၁)(ကမာရွတ်)၊ လူနေရပ်ကွက်အမှတ်(အေးရိပ်မွန်)၊ မြေကွက်အမှတ်(၁၇၅)၊ အကျယ်အဝန်း(အလျား ၇၇ပေ/၇၇. ၆ လက်မ× အနံ ၇၅ပေ/၇၇ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်(၃)လမ်း၊ အမှတ်(၁၉)ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ဌေးဌေးမြင့်[၁၂/လမန(နိုင်)၁၂၇၆၄၉]နှင့် ဦးကျော်ဆန်းမြင့်[၁၂/လမန(နိုင်)၁၂၇၆၅၀]တို့နှစ်ဦး အမည်ပေါက်လျက် ရှိပါသည်။ အဆိုပါမြေကွက်နှင့်နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေ၊ အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသော အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော်(စဉ်-၈၈၂၆)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဒီ)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၃၁၂၉၂

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ မဟော်ဂနီလမ်း၊ တိုက်(၄၀)၊ အခန်း(၁၀၅)တွင် နေထိုင်သော(ဘ)ဦးဘချမ်း၏သမီး[၁၁/မအန(နိုင်)၀၃၄၆၉၁]ကိုင်ဆောင်သူ မခင်မိုးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်း(၂၃)၊ ခရေ(၇)လမ်း၊ အမှတ်(၈၈၀)၊ ပေ(၄၀×၆၀) မြေကွက်အား ဦးအုန်းလှိုင် အမည်ပေါက် စလစ်ပြားမူရင်းနှင့်တကွ ဆက်စပ်အရောင်းအဝယ်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဦးအေးမင်းထံမှ မခင်မိုးလှိုင်နှင့် မဖွားမေတို့မှ တစ်ယောက်တစ်ဝက်စီဝယ်ယူ၍ မခင်မိုးလှိုင်၏ခင်ပွန်း ဦးသန်းလှိုင်အမည်ဖြင့် ဝယ်ယူသူနေရာတွင် လက်မှတ်ရေးထိုးဝယ်ယူခဲ့ကြပြီး မခင်မိုးလှိုင်မှ စလစ်ပြားနှင့်တကွ ဆက်စပ်အရောင်းအဝယ် စာချုပ်စာတမ်းမူရင်းများကို မခင်မိုးလှိုင်မှ သိမ်းဆည်းထားပြီး မခင်မိုးလှိုင်မှ မဖွားမေထံသို့ အထက်ပါမြေကွက်၏ ပေ(၂၀×၆၀)ကို မဖွားမေထံသို့ အရောင်းအဝယ်စာချုပ် ပြန်လည်ချုပ်ဆိုပေးခဲ့ပေသည်။ ၂၀၀၇ခုနှစ်တွင် မဖွားမေမှမခင်မိုးလှိုင်ထံသို့ အထက်ပါမြေကွက်အား ရောင်းချမည်ဖြစ်ကြောင်း လာရောက်ညှိနှိုင်း၍ ဝယ်မည့်သူအားပြရန်အတွက် စလစ်ပြားမူရင်းနှင့် ဆက်စပ်အရောင်းအဝယ် စာချုပ်စာတမ်းမူရင်းများကို ရယူသွားပြီးသည့် နောက်ပိုင်းတွင် မဖွားမေမှ ထွက်ပြေးတိမ်းရှောင်သွားသည့်အတွက် မဖွားမေနှင့်တကွ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မခင်မိုးလှိုင်မှ အထက်ပါမြေကွက်နှင့် စပ်လျဉ်း၍ ပေါင်နှံရောင်းချထားခြင်း တစ်စုံတစ်ရာမရှိပါ။ မဖွားမေအပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ပါခြံမြေနှင့်စပ်လျဉ်း၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်စုံတစ်ရာမပြုလုပ်ရန်နှင့် မခင်မိုးလှိုင်၏ခွင့်ပြုချက်မရဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်စုံတစ်ရာပြုလုပ်ထားပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မခင်မိုးလှိုင်၏ခွင့်ပြုချက်မရဘဲ အထက်ပါခြံမြေအား ဝယ်ယူထားသည့်သူများရှိပါကသော်လည်းကောင်း၊ မခင်မိုးလှိုင်ထံမှ မဖွားမေရယူသွားသော စလစ်ပြားနှင့်ဆက်စပ်အရောင်းအဝယ်စာချုပ် စာတမ်းတို့ကိုသော်လည်းကောင်း၊ မြေချပါမစ်ကိုသော်လည်းကောင်း၊ လက်ခံရယူထားသည့်သူရှိပါက မခင်မိုးလှိုင်ထံသို့ လာရောက်ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူပြာလှိုင်	**ဒေါ်လီလီနော်ရစ်**
အထက်တန်းရှေ့နေ(စဉ်-၂၉၉၅၉)	**အထက်တန်းရှေ့နေ(စဉ်-၃၆၅၉၇)**

အမှတ်(၁၂၃၄)၊ ဖိုးရာဇာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၅၄၁၁၆၅၂

ပေ(၄၀×၆၀) တိုက်ရောင်းမည်

ဗိုလ်မင်းရောင်လမ်း၊
၂(ခ)ရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်

ဖုန်း-၀၉-၄၃၀၇၈၇၁၁

ပုလဲခြံရောင်းမည်

အမှတ်(၃)၊
လမ်းမကြီးမေးတင်၊
ပေ(၁၀၀×၄၀၀)

ဖုန်း-၀၉-၂၃၀၀၇၅၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက်အမှတ် ယမုံနာ(၁)လမ်း၊ မြေကွက်အမှတ်(က/၁၀၆)၊ မြေအမျိုးအစား၊ နှစ်(၆၀)ဂရန်၊ မြေဧရိယာ ပေ(၂၅×၅၀)ရှိ အမှတ်(၃၃၈)၊ အောင်မေတ္တာလမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်ပျဉ်ထောင် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်း[၁၂/လမတ(နိုင်)၀၁၆၁၀၈]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကျွန်မထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း) အပြည့်အစုံတို့ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်လှ[၃/ဘအန(နိုင်) ၀၄၄၄၀၃]
အမှတ်(၃၁၄)၊ (စရဖ)ဝင်း၊ အောက်ပုဇွန်တောင်လမ်းမကြီး၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အမှတ်(၂)၊ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မဝင့်ဝါထွေး၏ ဖခင်အမည်မှန်မှာ ဦးကိုလေး(ခ)ဦးကိုကိုလေး ဖြစ်ပါကြောင်း။ **ဦးကိုလေး(ခ)ဦးကိုကိုလေး [၁၀/မဒန(နိုင်)၁၆၃၁၃၄]**

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အမှတ်(၂) အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မနန္ဒာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးလှအောင် ဖြစ်ပါကြောင်း။

လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး) ရုပ်တုပူဇော်ပွဲ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အကြိမ်(၉၀)မြောက် (၇)ရက်တရားစခန်းအောင်ပွဲ ဖိတ်ကြားလွှာ

ကျင်းပမည့်နေ့ရက် - ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၉ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ မှ ၁၁နာရီအထိ
ကျင်းပမည့်နေရာ - မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီးဦးသန်း ကမ္မဋ္ဌာန်းရိပ်သာ အမှတ်(၈၈၈)၊ ဦးဘညဏ်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၈၅၂၈

ရပ်ဝေးရပ်နီးနေ ဆွေမျိုး၊ တပည့်၊ ယောဂီ၊ အလှူရှင်အပေါင်းတို့အား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်းအလှပြင်ဆိုင်တို့ ပူးပေါင်းဖွင့်လှစ်မည့် ဆံပင်မိတ်ကပ် အလှပြင်သင်တန်းတက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	-	၂၄-၉-၂၀၁၃ ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ	-	၂၉၄၊ လမ်း(၄၀)၊ အထက်ဘလောက်
သင်တန်းအချိန်	-	နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (အင်္ဂါနေ့မှ စနေနေ့)
သင်တန်းကာလ	-	၂ လ
လက်ခံမည့်သင်တန်းသူဦးရေ	-	၄၀ ဦး (အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက်	-	၉-၉-၂၀၁၃ ရက်
လျှောက်လွှာတင်ရန်နောက်ဆုံးရက်	-	၂၃-၉-၂၀၁၃ ရက်
လျှောက်လွှာတင်ရမည့်နေရာ	-	အမှတ်(၆၈)၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဝါဝါသန်းအလှပြင်ဆိုင်။

ဖုန်း-၂၄၅၄၉၃၊ ၃၇၃၄၉၈၊ ၀၉-၅၀၇၂၄၄၅၊ ၀၉-၅၄၀၀၄၁၈

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)မှ အင်္ဂပူမြို့နယ်၊ ဇာတိဖွားကျောင်းထိုင်ဆရာတော်ကြီးများအား တတိယအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အင်္ဂပူမြို့နယ်သူ၊ မြို့နယ်သားများအားလုံး ကြွရောက်ကြည်ညို လှူဒါန်းနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

ကျင်းပမည့်နေ့ရက် - ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် ၁၅-၉-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၂ နာရီ
ကျင်းပမည့်နေရာ - သုဂတောဓမ္မာရုံ၊ (အင်္ဂပူမြို့နယ်အသင်း ဓမ္မာရုံ) စွယ်တော်မြတ်စေတီတော်၊ မရမ်းကုန်းမြို့နယ်

သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးမြင့်အောင်(ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁၅၉၁၄၄၊ ဦးမြင့်သိန်း(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၁-၅၀၃၈၄၁၊ ဦးမြင့်သိန်း(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးတင်လှိုင်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၄၂၁၀၉၃၅၅၄၊ ဦးသောင်းတင်(အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၁၁၂၈၀၊ သုဂတောဓမ္မာရုံ ဖုန်း-၀၁-၆၅၆၂၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

အများသိစေရန်အသိပေးကြေညာခြင်း

“ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ တိုက်အမှတ်(၃၈၂/၃၉၂)၊ ဒုတိယထပ်(ယာ)၊ အကျယ်အဝန်း ပေ(၁၅×၆၀)ရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး”ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာစိုး[၁၂/မဂတ(နိုင်)၀၃၅၃၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် “၃၀-၈-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို” ချုပ်ဆို၍ ဝယ်ယူရာ စရန်ငွေ၏အချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအားယူဆောင်၍ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီတာမော်
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၄၂၉)
THAN THAN WIN & ASSOCIATES (LAW FIRM)
အမှတ်(၁၀၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁၊ ၀၁-၃၇၇၇၅၈

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/မနူဟာ)မြေကွက်၊ ဦးပိုင်အမှတ်(၃၈က)၊ ဧရိယာ(၀.၂၇၅)ဧကရှိ ဒေါ်ခင်မာထွေး အမည်ဖြင့်ပိုင်ဆိုင်သောဂရန်မြေ မြေကွက်အား အမည် ဦးမြင့်စိန်[၉/မထလ(နိုင်)၁၄၄၃၆၉]၊ ဒေါ်ဌေးဌေးမြင့်[၉/မထလ(နိုင်)၁၄၄၃၅၃]၊ အဖအမည် ဦးစံခင်၊ ဦးခင်မောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၀/B၊ မြေကွက်အမှတ်-၅၅/က၊ မြေကွက်တည်နေရာအမှတ်-၄၃၃၊ အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်(မောင်သောင်းရွှေမဖွားမြ)အမည်ပေါက်B(လ/န၃၉)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ မောင်သောင်းရွှေ(ကွယ်လွန်)သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ မဖွားမြထံမှ ပိုင်ဆိုင်စာချုပ်-၇၄၉၄/၁၁(၂၄-၁၁-၁၁)၊ အရောင်းအဝယ်စာချုပ်-၄၉၅၃/၁၂(၁-၁၀-၁၂)တို့ဖြင့် မြေကွက်၏အစိတ်အပိုင်းကို ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သန်းထွေး[၁၁/မပန(နိုင်)၀၃၂၈၇၀]က မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-ဂ/၈၉၊ မြေကွက်တည်နေရာအမှတ်(၂၄၈)၊ စကားဝါလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးလှတင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှတင်(ဖခင်)နှင့် ဒေါ်စောခင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ဝင်းကြည်[၁၂/တမန(နိုင်)၀၀၉၃၃၈]က ကျမ်းကျိန်လွှာနှင့် သေစာရင်းများ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၂၃၁/က၊ မြေကွက်တည်နေရာအမှတ်-၂၃၁/က၊ မင်းရဲကျော်စွာ(၃)လမ်း၊ ၇ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်စိန်မြင့်၊ ဦးမြစိုး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြစိုး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်စိန်မြင့်[၁၂/ဥကတ(နိုင်)၀၂၀၆၃၉]က တစ်ဦးတည်းသောအစ်မ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၇-ဒီ[၁]၊ မြေကွက်အမှတ်-၃၃၊ မြေကွက်တည်နေရာအမှတ်-၁၄၊ သုခမိန်လမ်း၊ စမ်းချောင်းမြို့နယ် (ဦးထိုက်စီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထိုက်စီ ကွယ်လွန်သဖြင့် ဒေါ်ကျင်ရှု(ခ) ဒေါ်ခင်စန်း[၁၄/မအပ(နိုင်)၀၁၂၇၀၄]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ဝယ်လိုသည်

ကားအပ်ပြီး စလစ်၊ စ၊ ဆ၊ မှ လ၊ သ၊ အ၊ အထိအပ်ကား

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယညာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အမှတ်(၁/၁၀၃)၊ မြေကွက်တည်နေရာအမှတ်(၁/၁၀၃)၊ ကာယ(၅)လမ်း၊ သယ်န်းကျွန်းကြီးကျေးရွာ၊ ငယ်စာရင်းအမည်ပေါက် ဒေါ်ခင်ပြုံးထံမှ ၁၂-၁၁-၂၀၁၀ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးထွန်းထွန်းဝင်း[၅/ခဉတ(နိုင်)၀၀၀၉၈၉]မှ အရောင်းအဝယ် ကတိစာချုပ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လှူနေရပ်ကွက်အမှတ်-(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်း(၇)အမည်ပေါက် ဒေါ်နုနုလှိုင်[၁/မညန(နိုင်)၀၀၈၁၅၈]ထံမှ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်တင့်[၁၂/ဗဟန(နိုင်)၀၃၆၉၃၅]က အဆောက်အအုံနေထိုင်ခွင့်စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၉၀၂/က၊ မြေကွက်တည်နေရာအမှတ်-၉၀၂/က၊ ရတနာပုံ(၅)လမ်း၊ ၉ ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်သိန်းဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းဝင်း(မိခင်)နှင့် ဦးစိန်မြင့်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်သီဂီချို[၁၂/သကတ(နိုင်)၀၂၃၆၄၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ[၇])၊ မြေကွက်အမှတ်(၃၁၇)၊ မြေကွက်တည်နေရာအမှတ်(၁၆)၊ သုခဖြတ်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဒေါ်စန်းတင့်(ခ)ဒေါ်နီနီ[၁၂/စခန(နိုင်)၀၂၈၅၆၃]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဖြစ်သူ ဒေါ်စန်းတင့်(ခ)ဒေါ်နီနီကွယ်လွန်၍ ဖခင်ဖြစ်သူ ဦးလှမင်းနှင့်ကွယ်လွန်သူ မိခင် ဒေါ်စန်းတင့်(ခ)ဒေါ်နီနီတို့မှာ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ်(၄၁၆/၂၀၀၆)ဖြင့် လင်ခန်းမယားခန်း ပြတ်စဲကြောင်း သဘောတူစာချုပ်အရ ပြတ်စဲပြီးဖြစ်၍ လည်းကောင်း၊ ညီမဖြစ်သူ မဇာနည်မင်းမှာ အပျိုဘဝဖြင့် ကွယ်လွန်ခဲ့ပါသဖြင့် သမီးများဖြစ်ကြသော ၁။ ဒေါ်သီရိမင်း(ခ)နန်းသီရိမင်း[၁၂/စခန(နိုင်)၀၀၂၅၃၀]၊ ၂။ ဒေါ်ဂျမ်းဂျမ်း(ခ)ဒေါ်ဝေမွန်[၁၂/စခန(နိုင်)၀၀၁၀၄၉]တို့က သမီးများဖြစ်ကြောင်းနှင့် ဒေါ်သီရိမင်း(ခ)နန်းသီရိမင်းထံမှ အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ၏ GP အမှတ်(၂၈၀/၁၃)ဖြင့် ပါဝါရရှိသူ ဒေါ်ဂျမ်းဂျမ်း(ခ)ဒေါ်ဝေမွန်က ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၁၁၆၇) အမည်ပေါက် ဦးစောတင်ဝင်း(ခ)စောဒူတု[၁၂/အလန(နိုင်)၀၂၁၆၃၄]ထံမှ ဝယ်ယူထားသူ ဒေါ်ရဟီမာဘီဘီ(ခ)တင်တင်ဦး[၁၂/မဂတ(နိုင်)၀၆၉၅၈၁]သည် မြေချပါမစ်မူရင်းအား ရုံးခွဲလယ်ဂျာ၌ စာရင်းမသွင်းရသေးပါသဖြင့် ရုံးခွဲစာရင်းဝင်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/B၊ မြေကွက်အမှတ်-၁၄/ဃ [၂၁-A]၊ မြေကွက်တည်နေရာအမှတ်(၅၁၂/ခ)၊ အဝေရာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ (ဒေါ်ခင်မေ) အမည်ပေါက် B-မြေပိုင် လ/န၃၉ မြေအား အမည်ပေါက် ဒေါ်ခင်မေ(ကွယ်လွန်) ခင်ပွန်းဖြစ်သူ ဦးပန်းစိန်(ကွယ်လွန်)သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၇၁၈/၉၂ (၂၁-၅-၉၂)ဖြင့် ပိုင်ဆိုင်လာသူ တစ်ဦးတည်းသောသား ဦးအေးမြင့် (ကွယ်လွန်)၊ ဇနီးဖြစ်သူ ဒေါ်အမာ(ကွယ်လွန်)၊ အစ်မဖြစ်သူ ဒေါ်အေးမြတ်မွန်နှင့် ခင်ပွန်းဦးသောင်းထွန်း (သား၊ သမီးမရှိ ကွယ်လွန်)သဖြင့် ဒေါ်ဆွေရည်မွန်[၁၂/အစန(နိုင်)၀၆၅၆၇၇]က မြေအမည်ပေါက်၏ မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၄၈၁)၊ မြေကွက်တည်နေရာအမှတ်(၄၈၁)၊ နွယ်သာကီ(၅)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (ဦးဘရင်)[၁၂/ဥကမ(နိုင်)၁၁၇၈၅၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ်(၁၉၈၃/၃၀-၅-၁၃)ဖြင့် ဦးရဲအောင်+၂မှရရှိပြီး စွန့်လွှတ်စာချုပ်အမှတ်(၁၉၈၄/၃၀-၅-၁၃)ဖြင့်ရရှိသူ ဦးရဲအောင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၂၇၂/၁၁-၇-၂၀၁၂)ဖြင့်ရရှိသူ ဒေါ်ခင်လေးစိန်[၁၂/ဥကမ(နိုင်)၁၆၅၇၂၀]မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၈၂၉)၊ မြေကွက်တည်နေရာအမှတ်(၈၂၉)၊ ပညာလမ်း၊ ၃၇ရပ်ကွက်၊ ဒဂုံမြောက်(ဦးလှစိုး)(GBK-၀၇၂၂၀၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှစိုးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၀၅/၀၇)(၂၂-၅-၀၇)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်သီတာမိန်း[၁၂/ဥကတ(နိုင်)၁၀၅၃၈၈]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄)၊ မြေကွက်အမှတ်(၅၅၉)၊ မြေကွက်တည်နေရာအမှတ်(၅၅၉)၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးစိုးမြင့်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးမြင့်[၁၂/အစန(နိုင်)၁၂၄၇၃၃]ကိုယ်တိုင်မှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-B)၊ လူနေရပ်ကွက် (ပုသိမ်ညွန့်)၊ မြေကွက်အမှတ်(၆၅)၊ ပုသိမ်ညွန့်(၂)လမ်း၊ အိမ်အမှတ်(၂၄)၊ အကျယ်အဝန်း ပေ(၂၅×၅၀)၊ ကွယ်လွန်သူ(ဒေါ်တင်တင်အေး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အား

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ကွယ်လွန်သူ(ဒေါ်တင်တင်အေး)၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ညီမဖြစ်ပြီး တစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးကြည်[၁၂/မဂတ(နိုင်)၀၅၂၄၇၁]ထံမှ ကျွန်ုပ် တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါအိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) **ဦးအောင်ဖြိုးလတ်(LL.B)(စဉ်-၃၃၀၆၃)**

'လင်း'အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ

အမှတ်(၅/၁၁)၊ (စီ)မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်-စက်မှုဇုန်(၄)၊ကင်းဝန်မင်းကြီးလမ်း၊ မြေကွက်အမှတ်(၁၂၈)၊ မြေနှင့်အဆောက်အအုံအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(စက်မှုဇုန်-၄)၊ ကင်းဝန်မင်းကြီးလမ်း၊ မြေကွက်အမှတ်(၁၂၈)၊ ဧရိယာပေ(၁၅၀×၂၂၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံ/ဂိုထောင်အပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်၍ လက်ရှိထားပိုင်ဆိုင်နေပါသည်ဟု အဆိုပြုဝန်ခံသူ ဦးဟေမာန်ကူးမား(ခ)ဦးစံသိန်း[၁၂/တမန(နိုင်)၀၆၂၉၆၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသ(စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန့်ဇင်(LL.B)	**ဒေါ်ဟန်နွေနိုင်(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)	**အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)**
ဖုန်း-၀၉-၇၃၁၇၀၅၁၆	**ဖုန်း-၀၉-၄၂၀၀၇၃၆၈၅**

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

ဦးခွန်စည်သူလွင်[၁၂/ဗဟန(နိုင်)၀၅၅၀၅၆]ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ် ဦးရဲထွန်းအောင်[၉/ခအဇ(နိုင်)၀၀၀၇၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြောင်းကြေညာအပ်ပါသည်။

ကျွန်တော့်မိတ်ဆွေသည် (၁-၅-၂၀၁၃)ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ ၉၃(က)(ယခင်လိပ်စာ) ယခုလိပ်စာ(စုံစမ်းမရ)နေ ဦးခွန်စည်သူလွင်[၁၂/ဗဟန(နိုင်)၀၅၅၀၅၆]ကိုင်ဆောင်သူနှင့် PRADO-၁စ/၈၆၆၈ ကားအားကျပ်သိန်း(၃၆၀)ဖြင့် အရောင်းအဝယ်ပြုရာကျွန်တော်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းသည် က. ည. နမှ ထုတ်ပေးသော ယာဉ်မှတ်ပုံတင်စာအုပ်နှင့်သက်ဆိုင်ရာ စာရွက်စာတမ်းများအား (၁)လအကြာတွင် လာရောက်ပေးအပ်ပါမည်ဟု ကတိပြုခဲ့သော်လည်းယခုအချိန်ထိ လာရောက်ပေးအပ်ခဲ့ခြင်းမရှိပါ။ ထို့နောက် မြန်မာ့အလင်းသတင်းစာတွင် ၁၀-၈-၂၀၁၃ရက်၌ ဦးခွန်စည်သူလွင်အပေါ် Manmar Refreshing Co., Ltd မှ ကြေညာသော သတင်းစာကြေညာတွင် ကျွန်တော်ဝယ်ယူထားသော PRADO KZJ 95.0143585ယာဉ်မှာ ကုမ္ပဏီနှင့်ဦးခွန်စည်သူလွင်တို့မှာ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းမရှိဘဲ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီး ကားအားယူသွားကြောင်း ဖတ်ရှုသိခဲ့ရ၍ လူကြီးမင်းအနေဖြင့် PRADO-၁စ/၈၆၆၈ ကားနှင့် ပတ်သက်၍ ဤသတင်းစာကြေညာထားသောနေ့မှစတင်၍ (၇)ရက်အတွင်းကျွန်ုပ်ထံ လာရောက်ရှင်းလင်းပေးစေလိုပါသည်။ အကယ်၍အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသီဟအောင်(စဉ်-၂၉၆၁၂)	**ဒေါ်မျိုးမမ(စဉ်-၂၈၀၁၅)**
(ဥပဒေဘွဲ့)	**(ဥပဒေဘွဲ့)**

ဥပဒေအကျိုးဆောင်များ

(၂၉×၃၀)လမ်းကြား၊ (၈၆×၈၉)လမ်းကြား၊ အကွက်(၂၅၂)၊ဒေါင်းရိုး၊ မာလကာခြံရပ်၊ မွေစေတီလမ်း၊ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။

ဖခင်အမည်မှန်

လမိုင်းမြို့၊ အလက အဌမတန်းမှ မကေသီဦး [၁၀/လမန(နိုင်)၀၂၀၈၂၀]၏ ဖခင်အမည်မှန်မှာ ဦးဝင်းထိုက်ဖြစ်ပါသည်။

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အမှတ်(၂) အထက တက္ကသိုလ်ဝင်တန်း(ဃ)မှ မနီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၃၂/ခ)၊ ဘုရင့်နောင်လမ်း၊ ကြီးပွားရေးတောင်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေးတောင်)၊ မြေကွက်အမှတ်(၃၂/ခ)၊ အကျယ်အဝန်းပေ(၁၉×၆၀)ရှိ နှစ်(၆၀)ဂရန်မြေသည် ဒေါ်ခင်ခင်သန်း[၁၂/ဗဟန(နိုင်)၀၂၀၆၁၀] အမည်ပေါက်ပိုင်ဆိုင်ပါသည်။ မြေအမည်ပေါက်ထံမှ အဆိုပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄)

ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)	**ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ	**အထက်တန်းရှေ့နေ**

အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရေစက်လမ်း၊ အမှတ်(၁၅၆)တွင် ဆောက်လုပ်ထားသော(၆)ထပ်တိုက်၏ မြေညီထပ်၊ အခန်းအမှတ်(၁/ခ)၊ အကျယ်အဝန်း (၁၂½ ပေ× ၅၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်မို့မို့အေး[၁၂/မရက(နိုင်)၀၀၃၃၀၀]မှ ရောင်းချခွင့်ရှိကြောင်း တင်ပြဝန်ခံပြီး ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းထွန်း(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)

အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀

ဆောင်းသဇင်ကုမ္ပဏီမှ MD ဆရာဦးအောင်ကျော်မြင့်အား အများသိစေရန် ဝန်ချတောင်းပန်ခြင်း

ကျွန်မ မဖြိုးလှိုင်ဝင်း[၁၂/ကခက(နိုင်)၀၇၃၅၅၇]သည် ဆောင်းသဇင်ကုမ္ပဏီ(မန္တလေးရုံးခွဲ)တွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ ကျွန်မ မဖြိုးလှိုင်ဝင်းအနေဖြင့် ဆောင်းသဇင်ကုမ္ပဏီ(မန္တလေးရုံးခွဲ)တွင် တာဝန်ထမ်းဆောင်စဉ်က ဆောင်းသဇင်ကုမ္ပဏီမှ ဆရာဦးအောင်ကျော်မြင့် မသိအောင် ဝန်ထမ်းများလွဲမှားစွာ အုပ်ချုပ်ခဲ့ခြင်း၊ ဆရာသမားများအား ပြစ်မှားပြောဆိုခဲ့ခြင်း၊ ဆောင်းသဇင်ကုမ္ပဏီ၏ အကျိုးကိုပျက်စီးစေရန် ပြောဆိုခဲ့ခြင်းတို့အပေါ် ခွင့်လွှတ်ပေးပါရန် ဆရာဦးအောင်ကျော်မြင့်အား မိမိဆန္ဒအလျောက်အလေးအနက်ထား ဝန်ချတောင်းပန်ခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝန်ချတောင်းပန်သူ

မဖြိုးလှိုင်ဝင်း[၁၂/ကခက(နိုင်)၀၇၃၅၅၇]

ကြော်ငြာစာ

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၅၃၈

ကွယ်လွန်သူ(ဦးကိုလေး)ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်-(၂၅/၂၇)တွင်နေထိုင်ခဲ့သော ကွယ်လွန်သူဦးကိုလေးကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိထားသူ ဒေါ်မြင့်မြင့်စိန်က ၎င်းထိန်းသိမ်းခွင့်ရရှိသော ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်-(၂၅/၂၇)၊ (၃)ခန်းတွဲ၄ လွှာ၊ (၅)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်ခေါင်းရင်းခန်းတိုက်ခန်းနှင့် ယင်းအဆောက်အအုံတည်ရှိရာ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်- ၉L ၊ မြေကွက်အမှတ်- ၁၉၅/၁၉၆ နှစ်(၉၀)ဂရန်မြေ၊ ဧရိယာ(၅၀ပေ×၅၀ပေ)မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို စီမံခန့်ခွဲခွင့်အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ- ၃၀၇အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက် (၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၉ရက်)နံနက် ၁၀နာရီတွင် ကြားနာ ရန်ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ ဦးကိုလေး ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးသက်ဆိုင်အဆို ရှိသူ မည်သူမဆို အမှုတွင် အမှုလာဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောနေ့ရက်တွင် မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသောကိုယ်စားလှယ်တစ်ဦးဦး ဖြင့် လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် ယင်းသို့ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာ အမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်း သို့လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်မြင့်မြင့်စိန်၏ လျှောက်လွှာ အားကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၃ခုနှစ် ဩဂုတ်လ(၂၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရင်ရင်သန်း)

ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ် - ရတနာပုံအိမ်ရာစီမံကိန်း၊ ရတနာပုံ (၁)လမ်း၊မြေကွက်အမှတ် (၉၂/ခ)၊ ဧရိယာပေ(၂၀ပေ×၆၀ပေ)၊ အကျယ်အဝန်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ မြေအငှားချထားသည့် ဒေါ်လှရီ (N/KGN ၀၄၀၅၃၀)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသောလုံးချင်းနှစ်ထပ်တိုက်၊ လျှပ်စစ်မီတာတစ်လုံးအပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့် အားလုံးကို ဒေါ်လှရီ၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ အမွေခံသား/သမီး (၇)ဦးထံမှ ဒေါ်လောဖင့်[၁၃/နခန(နိုင်)၀၄၇၈၁၉]မှ ယခုလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဇော်ဦး[၁၂/ကတန(နိုင်)၁၀၆၅၇၃]မှ အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြင့်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၅၈)

အမှတ်(၁၃)၊ ပထမထပ်ဘယ်၊ ရွှေလှဝင်းလမ်း၊ ကျွန်းတော(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၈၈၀၅၊၀၉- ၄၉၃၃၀၃၆၇

ဦးထွန်းလင်းဦး[၁၂/သကတ(နိုင်)၁၂၀၁၁၉]နှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၇)ရပ်ကွက်၊ အောင်ဇမ္ဗူလမ်း၊ အိမ်အမှတ်(၁၀၇၂/ခ)နေ ဒေါ်မြရွှေစင်[၁၂/ဒပန(နိုင်)၀၄၂၅၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေကြီးတို့သည် လွန်ခဲ့သော(၂၀၀၁)ခုနှစ်ကတည်းက ယနေ့အထိ ဇနီးမောင်နှံအဖြစ် တရားဝင်ပေါင်းသင်းလာခဲ့ပြီး၊ (၇)နှစ်အရွယ် သားတစ်ယောက်ထွန်းကားခဲ့ပါသည်။ လူကြီးမင်းသည်(၂၀၀၆)ခုနှစ်တွင်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေကြီးသည်(၂၀၀၈)ခုနှစ်တွင်လည်းကောင်း စင်ကာပူနိုင်ငံတွင် (၇)နှစ်တာကာလအတွင်း သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ရရှိလာသောငွေကြေးများကို ခြိုးခြံချွေတာနေထိုင်စုဆောင်း၍ အမိမြန်မာနိုင်ငံရှိ ခင်ပွန်း၏ဖခင် ဦးလှဝင်းကြည်ထံသို့ ငွေကြေးများပို့၍ ရန်ကုန်မြို့၊ သာကေတ၊ (၂/မြောက်)ရပ်ကွက်၊ အနော်မာ(၂၁)အရှေ့လမ်း၊ အိမ်အမှတ်(၅၀၁/၄၁)ရှိ ပေ(၂၀×၆၀)အား အမည်ခံဝယ်ယူ၍လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေကြီးနှင့် လူကြီးမင်းတို့နိုင်ငံခြားမှ ပြန်ရောက်သည့်အချိန်တွင် ကျွန်ုပ်၏မိတ်ဆွေကြီး လက်ရှိနေထိုင်သည့်အိမ်နှင့်မြေအားလည်းကောင်း ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ သို့သော်ယခုအခါ ကျွန်ုပ်၏မိတ်ဆွေကြီးနှင့် လူကြီးမင်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်၍ ခေတ္တခဏခွဲခွာနေချိန်ဖြစ်သော်လည်း ယနေ့အထိ တရားဝင်လင်မယားဖြစ်ကြောင်းနှင့် အထက်ပါပစ္စည်းများသည် လင်မယား(၂)ဦးပိုင်ပစ္စည်းများအဖြစ်တည်ရှိနေပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ အဆိုပါလင်မယားနှစ်ဦးပိုင်ပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေကြီးမသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းစသည့်အခြားနည်းများနှင့် စီမံဆောင်ရွက်ခြင်းမပြုရန်နှင့် ပြုလုပ်ပါကတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်သိန်း(စဉ်-၃၀၀၀)	**ဒေါ်ခင်လတ်လတ်စိုး(စဉ်-၈၅၂၆)**
LL.B,D.B.L	**LL.B(Q), L.L.M,B.A(Business Law)**

တရားလွှတ်တော်ရှေ့နေများ

ဒေါ်အိအိမောင်မောင်	**အမှတ်(၁၀/၁၂)ပထပ်၊ အခန်း-၁၀၂(B-၂)၊ (၃၅)လမ်း**
LL.B,Dip in Chinese(YUFL)	**တို၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
အထက်တန်းရှေ့နေ(စဉ်-၄၂၀၈၉)	**ဖုန်း-၀၉-၅၀၃၉၅၉၆၊ ၀၉-၇၃၀၂၁၂၇၇၊**
	၀၉-၄၅၀၀၀၅၇၂၈

အင်္ဂလိပ်စာ/စကား

(၅နှစ်မှ ၃၀နှစ်)

၁။ Letter, Easay, Grammar

၂။ Idiom, Slang, Phrasal Verb

၃။ လက်ရေးလှစေရန်၊ အသံထွက်မှန်ရန်၊ စနစ်တကျ စာဖတ်တတ်ရန် လေ့ကျင့်ပေးမည်။

၄။ ဝိုင်းသီးသန့်ရှိသည်။

ဖုန်း-၃၈၈၃၀၇၊ ၀၉-၄၀၁၅၄၈၄၆၀

သွေးသည် အသက်